# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၀၆)


# ကချင်ပြည်နယ် နောင်မွန်းမြို့နယ် ရပ်ဘော့တံတား(နောင်မွန်း)ဖွင့်ပွဲ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်နှင့် တာဝန်ရှိသူများ ကချင်ပြည်နယ် နောင်မွန်းမြို့နယ်ရှိ ရပ်ဘော့တံတား (နောင်မွန်း)ပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။ သတင်းစဉ်

**ပူတာအို ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် ပူတာအိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့ နံနက်ပိုင်းတွင် ပူတာအိုခရိုင် နောင်မွန်းမြို့နယ်အနီး ကဆန်ခချောင်းပေါ်ရှိ ရပ်ဘော့တံတား(နောင်မွန်း) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးခန်းလင်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က တံတားတည်ဆောက်မှုဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ကချင်ပြည်နယ်အတွင်း ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေ၊ လွှတ်တော် ကတိကဝတ်များ၊


*စာမျက်နှာ ၃ ကော်လံ ၁* ✳



**လျှော်လှုပ်ခတ်ပြီးနောက် ဆည်တမံများကို နေ့ညဝန်ထမ်းများဖြင့် ဆက်လက်စောင့်ကြည့်သွားမည်** စာ ၉

**လျှော်များ ခပ်စိပ်စိပ် လှုပ်လာခြင်းသည် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် သတိပေးနေခြင်းဖြစ်** စာ ၁၁

**ကုန်စျေးနှုန်းကြီးမြင့်လာခြင်းနှင့် အခွန်များမြင့်တက်လာခြင်းအပေါ် ဆန္ဒပြမှုများဖြစ်ပေါ်** စာ ၁၄



FNI

သောကကင်းဝေး စိတ်အေးစေနိုင် FNI

မီးအာမခံ
မော်တော်ယာဉ်အာမခံ
ငွေသားအာမခံ
အသက်အာမခံ
ခရီးသွားအာမခံ
ကျန်းမာရေးအာမခံ
ရေကြောင်းအာမခံ နှင့်
အခြားအာမခံ
အမျိုးမျိုးကို မြန်မာပြည်အနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ရန်ကုန်(ရုံးချုပ်) 01-8610661~5
ရန်ကုန်(မရမ်းကုန်းရုံးခွဲ) 01-9666163
မန္တလေး 02-2844525, 09-423687900
မော်လမြိုင် 057-26538, 09-442258990~1
မုံရွာ 071-26281, 09-442258992~3
ပြည် 053-24220, 09-442258994~5
နေပြည်တော် 067-25902, 09-404090049
မြစ်ကြီးနား 074-2529293, 09-400072626

# မိတ်ဆွေကောင်းတို့၏ စိတ်ဓာတ်နှင့်ဝတ္တရား

မြန်မာနိုင်ငံ၏ ဒီမိုကရေစီတည်ဆောက်ရေးအတွက် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီရန်ဟူသော ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနို၏ မြန်မာနိုင်ငံခရီးစဉ်ဆိုင်ရာ ရည်ရွယ်ချက်သည် အလေးအနက်ထားကြိုဆိုရမည့် ရည်ရွယ်ချက်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က “ကျွန်မတို့ လိုအပ်တဲ့အချိန်မှာလည်း ဂျပန်နိုင်ငံဟာ အကူအညီတွေ အမြဲပဲပေးလေ့ရှိပါတယ်” ဟု ထုတ်ဖော်ပြောကြားခဲ့ခြင်းသည် ဂျပန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ထားရှိသော မိတ်ဆွေကောင်းစိတ်ဓာတ်ကို မီးမောင်းထိုးတင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာတာရော့ခိုနိုက ဂျပန်နိုင်ငံဆုပ်ကိုင်ထားသည့် “လွတ်လပ်ပွင့်လင်းမြင်သာသော အိန္ဒိယ-ပစိဖိတ်သမုဒ္ဒရာမဟာဗျူဟာ”နှင့်အညီ မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် စီးပွားရေးဖွံ့ဖြိုးရေး ကြိုးပမ်းအားထုတ်မှုတို့ကို ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကူညီမည်ဟု ပြောကြားခဲ့ခြင်းသည် ဂျပန်နိုင်ငံ၏ မိတ်ဆွေကောင်းစိတ်ဓာတ်ကို နက်နက်ရှိုင်းရှိုင်း ခံစားမိစေပါသည်။ မြန်မာနိုင်ငံအစိုးရက ကြိုးပမ်းအားထုတ်နေသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တို့သည် အိန္ဒိယ၊ ပစိဖိတ်သမုဒ္ဒရာဒေသ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် လွန်စွာအရေးကြီးသည်ဟူသော ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနို၏ ပြောကြားချက်သည် တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေသည့် မိတ်ဆွေနှစ်နိုင်ငံ၏ ခံယူချက်ကို ထင်ဟပ်ပြသနေပါသည်။

ဂျပန်နိုင်ငံအစိုးရသည် အထက်၌ တင်ပြထားသည့် ရည်မှန်းချက်တို့နှင့်အညီ ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံအစိုးရအား ယန်းဘီလီယံ ၈၀၀ တန်ဖိုးရှိသော အကူအညီတို့ကို ပေးအပ်သွားမည် ဖြစ်ပါသည်။ အဆိုပါအကူအညီတို့ကို ပေးအပ်အကောင်အထည်ဖော်ရာ၌ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် သယ်ယူပို့ဆောင်ရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးဟူသော ကဏ္ဍသုံးရပ်အပေါ် အဓိကအခြေစိုက် ဆောင်ရွက်သွားမည်ဟု သိရှိရပါသည်။ ဂျပန်နိုင်ငံ၏ အကူအညီတို့က မြန်မာနိုင်ငံသူနိုင်ငံသားတို့၏ နေထိုင်စားသောက်မှုဘဝအား လက်တွေ့မြှင့်တင်နိုင်ပုံကို ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုက ဥပမာပေးရာတွင် ရန်ကုန်-မန္တလေး ရထားလမ်းစီမံကိန်းကို တင်ပြသွားပါသည်။ ဂျပန်နိုင်ငံက ပေးအပ်သော အကူအညီတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၌ ရန်ကုန်နှင့် တောင်ငူကြား ခရီးစဉ်ကို သုံးနာရီခွဲဖြင့် သွားရောက်နိုင်မည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်၌ ရန်ကုန်နှင့်မန္တလေးကြား ခရီးစဉ်ကို ရှစ်နာရီဖြင့် သွားရောက်နိုင်မည်ဖြစ်ပါသည်။ ဤသည်မှာ လက်ရှိကာလနှင့် နှိုင်းယှဉ်ပါက အဆိုပါခရီးစဉ်တို့အတွက် ကြာမြင့်ချိန်ကို ထက်ဝက်ခန့်အထိ လျှော့ချလိုက်ခြင်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အရေးကိစ္စ ကိုင်တွယ်ဆောင်ရွက်ရာ၌ လူ့အခွင့်အရေးကိစ္စရပ်တို့ကို ထည့်သွင်းစဉ်းစားလျက် လုံခြုံရေးပြန်လည် တည်ဆောက်ခြင်းကို အလေးထားမည်ဟူသော နိုင်ငံတော်အစိုးရ၏ ရပ်တည်ချက်အပေါ် ဂျပန်နိုင်ငံက အလေးထားခဲ့ခြင်းသည် နှစ်နိုင်ငံ၏တူညီသော နိုင်ငံရေးအတွေးအခေါ်ကို ထင်ဟပ်ပြသနေပါသည်။ မူဝါဒတို့ဟူသည် နိုင်ငံရေးအတွေးအခေါ်အပေါ်၌ အခြေခံခြင်း ဖြစ်ပါသည်။ ထို့ပြင်ဂျပန်နိုင်ငံက ထွက်ပြေးတိမ်းရှောင်သွားသူတို့ကို ပြန်လည်နေရာချထားရေးအတွက် မြန်မာနိုင်ငံအား အမေရိကန်ဒေါ်လာသုံးသန်းဖိုး အကူအညီတို့ကို ပေးအပ်သွားမည်ဖြစ်ပါသည်။ နိဂုံးချုပ်အနေဖြင့် မိတ်ဆွေကောင်းတို့၏ စိတ်ဓာတ်နှင့် ဝတ္တရားကို အပြည့်အဝ ထင်ဟပ်ဖော်ပြနေသည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာတာရော့ခိုနို၏ မြန်မာနိုင်ငံခရီးစဉ်ကို နက်ရှိုင်းသော နှလုံးသား အသိအမှတ်ပြုမှုဖြင့် ဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနိုနှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၁၁ ရက်တွင် ချစ်ကြည်ရေးခရီးရောက်ရှိခဲ့ပြီး ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ **(အောက်ပုံ)**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာ လေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi HIGUCHI တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**သတင်းစဉ်**



# အထည်အလိပ်ဒီဇိုင်း တီထွင်ဖန်တီးခြင်းနှင့် သင်ကြားနည်းဆိုင်ရာ သင်တန်းပို့ချ

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ယူကေရှိ Plymouth College of Art(PCA) တို့၏ ကူညီပံ့ပိုးမှုဖြင့် ဗြိတိသျှကောင်စီက စီစဉ်သည့် အထည်အလိပ် ဒီဇိုင်းတီထွင်ဖန်တီးခြင်းနှင့် သင်ကြားခြင်းနည်းဆိုင်ရာ သင်တန်းကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့၌ ဇန်နဝါရီ ၁၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ကာ ၂၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အထည်အလိပ်ဒီဇိုင်း တီထွင်ဖန်တီးခြင်းနှင့် သင်ကြားရေးနည်းလမ်းများ သင်တန်းတွင် အနောက်တိုင်းဈေးကွက်ပုံစံများကို နားလည်ခြင်း၊ ရိုးရာဒီဇိုင်းပုံစံများကို ဈေးကွက်ပိုမိုရရှိစေရန် ပြုပြင်ပြောင်းလဲခြင်း၊ စူးစမ်းတက်ကြွသော သုတေသီတစ်ဦးဖြစ်လာခြင်းနှင့် ကာလာရောင်စဉ်နှင့် သဘာဝဆိုးဆေးစသည့် အကြောင်းအရာများကို ပို့ချသွားမည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဗြိတိသျှကောင်စီနှင့် Swiss Agency for Development and Cooperation, Embassy of Switzerland တို့သည် မြန်မာနိုင်ငံ၏ လက်ရက်ကန်းကဏ္ဍ ပိုမိုအားကောင်းလာစေရန်၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများရှိ လက်ရှိသင်ရိုးညွှန်းတမ်းများကို လေ့လာသုံးသပ် အကဲဖြတ်ရန်နှင့် အဆင့်မြှင့်တင်ရန်၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၏ အရည်အသွေး ပိုမိုမြင့်မားလာစေရန်၊ ရက်ကန်းကျောင်းဆင်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန်နှင့် အထည်အလိပ်လုပ်ငန်းကဏ္ဍတွင် ဦးဆောင်သူများနှင့် ကွန်ရက်ချိတ်ဆက်မှုဆိုင်ရာ အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ‘လက်ခတ်သံ’ အမည်ရှိ သုံးနှစ်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်လျက်ရှိရာ ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ခြင်းမှာ စီမံကိန်းအကောင်အထည်ဖော်မှု တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။

**မွန်းဦးနဒီ**

# မြန်မာခေတ်ဆန်းပန်းချီ နှစ် ၁၀၀ ပြည့်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကွယ်လွန်သူ ပန်းချီ၊ ပန်းပုဆရာကြီးများ၏ ဂန္ထဝင်မြောက်လက်ရာများ၊ အသက် ၇၅ နှစ်အထက် ပန်းချီ၊ ပန်းပုပညာရှင်များ၏ လက်ရာများ၊ လူငယ်မျိုးဆက်သစ်တို့၏ လက်ရာများအပြင် ဆုရ ကလေးပန်းချီလက်ရာများကိုပါ တစ်စုတစ်ဝေးတည်း ကြည့်ရှုခံစားရမည့် မြန်မာခေတ်ဆန်းပန်းချီ နှစ် ၁၀၀ ပြည့်ပွဲတော် အထိမ်းအမှတ် ပန်းချီ၊ ပန်းပုအနုပညာပွဲတော်ကို မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး (ဗဟို)၏ စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ (ရန်ကုန်)တွင် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း ပန်းချီ၊ ပန်းပု အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဆြာနွယ်က ပြောသည်။

ပြပွဲအမီ မှတ်တမ်းစာအုပ်ထုတ်ဝေနိုင်ရေးအတွက် ပါဝင်ပြသလိုသည့် ပန်းချီ၊ ပန်းပု လက်ရာရှင်များအနေဖြင့် ပန်းချီကားတစ်ချပ်၊ ပန်းပုရုပ်တစ်ရုပ်စီသာ ဇန်နဝါရီ ၁၇ ရက်ညနေ ခုနစ်နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး (ဗဟို)သို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပန်းချီနှင့် ဆက်စပ်သော တက်တူးရေးဆွဲခြင်း၊ ပုံတူရေးဆွဲခြင်းနှင့် နံရံဆေးရေးပန်းချီ ရေးဆွဲခြင်းတို့ကိုပါ လက်တွေ့ရေးဆွဲ သရုပ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၃-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၀ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၂ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ ·၁ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၇ ·၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၆ ·၅ |



မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

✳ *ရှေ့စာမျက်နှာမှ*

BOT များဖြင့် လမ်း၊ တံတားများ တည်ဆောက်သွားမည် ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်းရှိ လမ်း (၆၀) တွင် လမ်းမိုင် ၂၃၈၃ မိုင် ၆ ဖာလုံ ဖောက်လုပ် ထိန်းသိမ်းထားပြီး ပေ ၁၈၀ နှင့် အထက် တံတားကြီး ၄၉ စင်း တည်ဆောက်ပေးထားပြီး ဖြစ်ပါကြောင်း။

**တံတား ငါးစင်း တည်ဆောက်**

ယနေ့ဖွင့်လှစ်လိုက်သည့် ရပ်ဘော့တံတား(နောင်မွန်း)သည် မချမ်းဘော့-ဖရခ -နောင်မွန်း လမ်းပိုင်းတွင်ရှိပြီး ပေ ၅၀၀ အရှည် သံကူကွန်ကရစ်ကိုယ်ထည်နှင့် အပေါ်ထည်သုံးလွှာ တစ်ထပ် ဘေလီပေါ်တွင် သံမဏိကြမ်းခင်း အမျိုးအစား တံတားဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း ပထမဆုံးဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံ မြောက်ပိုင်းအကျဆုံး တံတားဖြစ်ပါကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လအတွင်း၌ မလိခတံတား (မချမ်းဘော့)ကို ကချင်ပြည်နယ်အတွင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကချင်ပြည်နယ်တွင် ရပ်ဘော့တံတား(နောင်မွန်း) အပါအဝင် ပေ ၁၈၀ နှင့်အထက် တံတား ငါးစင်း တည်ဆောက်လျက်ရှိပြီး အဆိုပါ တံတားများသည် မကြာမီ တည်ဆောက်ပြီးစီးတော့မည် ဖြစ်ပါကြောင်း။

**ခရီးသွားလုပ်ငန်းတိုးတက်လာ**

ရပ်ဘော့တံတား (နောင်မွန်း) ဖွင့်လှစ်ပေးနိုင်ခဲ့၍ ဒေသခံတိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး အဆင်ပြေချောမွေ့ပြီး ဒေသတွင်း တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေး အခြေအနေများ၊ ကုန်စည်ပို့ဆောင်မှုများ မြန်ဆန်တိုးတက် ကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ သဘာဝအလှအပများနှင့် ပြည့်နှက်နေသည့် ခါကာဘိုရာဇီဒေသသို့ပါ သွားလာလည်ပတ်နိုင်မည်ဖြစ်၍ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။

**ဒေသခံများထိန်းသိမ်း**

ဆောက်လုပ်ရေး ဝန်ကြီးဌာနက စံချိန်စံညွှန်းနှင့် အရည်အသွေးပြည့်မီစွာ တည်ဆောက်ခဲ့သည့် ရပ်ဘော့တံတား (နောင်မွန်း)ကို ကချင်ပြည်နယ် ပူတာအိုခရိုင်မှ ဒေသခံတိုင်းရင်းသား ညီအစ်ကိုများထံ အပ်နှံလိုက်ပါကြောင်း၊ တံတားကြီး အခွန့်ရှည်စွာနှင့် ရေရှည်အသုံးပြုနိုင်အောင် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ရပ်ဘော့တံတား(နောင်မွန်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။
သတင်းစဉ်

**ကြိုးတံတားလေးစင်း**

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပူတာအိုခရိုင်အတွင်းရှိ ပူတာအို-မချမ်းဘော့-နောင်မွန်းလမ်းသည် ၇၃ မိုင် ၅ ဖာလုံ ကွာဝေးပြီး ယခင်အချိန်များက မချမ်းဘော့မှ နောင်မွန်းသို့ မော်တော်ယာဉ်ဖြင့် ၁၂ နာရီခန့်ကြာသည်အထိ သွားလာခဲ့ရပါကြောင်း၊ မချမ်းဘော့နှင့် နောင်မွန်းအကြားတွင် ထီခချောင်း၊ ထာခချောင်း၊ ဘဘော့ချောင်း၊ ရပ်ဘော့ ချောင်းများရှိပြီး ခံနိုင်ဝန် တစ်တန်သာရှိသည့် ကြိုးတံတားများ တည်ဆောက်ထားပြီး ဆိုင်ကယ်နှင့် လူများသာ ဖြတ်သန်းသွားလာနိုင်ပါကြောင်း၊ ဘဘော့တံတားမှာ ယခုဘဏ္ဍာနှစ်တွင် ပြီးစီးမည်ဖြစ်ပြီး အဆိုပါ ကြိုးတံတား လေးစင်းအနက် ရပ်ဘော့တံတားနေရာမှာ ချောင်းအကျယ်ဆုံးနှင့် ရေအနက်ဆုံးဖြစ်ကာ မိုးရာသီရေကြီးချိန်တွင် ဖြတ်သန်းသွားလာရန်ခက်ခဲပြီး ရေနည်းချိန်တွင် စားသောက်ကုန်ပစ္စည်းများကို ကားငယ်များဖြင့် ချောင်းကိုဖြတ်၍ ခက်ခဲစွာ သယ်ယူပို့ဆောင်ခဲ့ရပါကြောင်း။

**နေ့ချင်းပြန်သွားလာနိုင်**

ယခုအခါ မချမ်းဘော့-နောင်မွန်း လမ်းပိုင်းအား လမ်းဦးစီးဌာနမှ လမ်းချဲ့ခြင်း၊ အမာခံလမ်းခင်းခြင်း၊ ကျောက်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မချမ်းဘော့မှ နောင်မွန်းသို့မော်တော်ယာဉ်ဖြင့် လေးနာရီခန့်သာကြာမြင့်ပြီး လမ်းပန်းဆက်သွယ်ရေး ပိုမိုမြန်ဆန်လာပြီဖြစ်သည့်အတွက် ပူတာအိုမှ နောင်မွန်းသို့ နေ့ချင်းပြန်သွားလာ၍ရသည်အထိ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီ ဖြစ်ပါကြောင်း။

**ရာသီမရွေးသွားလာနိုင်**

ဆက်လက်၍ ထီခတံတားနှင့် ထာခတံတားများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားပြီး ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ တံတားများ တည်ဆောက်ပြီးပါက ပူတာအိုမှ နောင်မွန်းသို့ ရာသီမရွေး ယာဉ်ကြီး၊ ယာဉ်ငယ်များ သွားလာနိုင်တော့မည် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့လာသည့်အပြင် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ဒေသထွက်ကုန်များ ရာသီမရွေး ပို့ဆောင်နိုင်ပြီဖြစ်၍

***စာမျက်နှာ ၄ သို့***



နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ရပ်ဘော့တံတား(နောင်မွန်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။
သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ နောင်မွန်းမြို့နယ်ရှိ ရပ်ဘော့တံတား(နောင်မွန်း)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များ ခေါင်လန်ဖူးမြို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဘက်စုံတိုးတက် ကောင်းမွန်လာမည် ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် တစ်ဦးချင်း ဝင်ငွေတိုးတက်လာပြီး လူနေမှုဘဝ အဆင့်အတန်း ပိုမိုမြင့်မားလာသည့်



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များ နောင်မွန်းမြို့၌ ဒေသခံယဉ်ကျေးမှုအဖွဲ့က ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။
သတင်းစဉ်

အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ရရှိခံစားကြရတော့မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရပ်ဘော့တံတား (နောင်မွန်း) တည်ဆောက်ပေးသည့်အတွက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်**

ထို့နောက် ရပ်ဘော့တံတား (နောင်မွန်း)ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးခန်းလင်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရန်နမ်းဖုန်၊ လီဆူတိုင်းရင်းသား ဦးမိုးရွှေနှင့် တံတားအထူးအဖွဲ့-၁ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရပ်ဘော့တံတား (နောင်မွန်း) ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးနှင့် အဖွဲ့ဝင်များက မော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ဒေသခံတိုင်းရင်းသားများနှင့်အတူ တံတားပေါ်မှဖြတ်သန်း ကြည့်ရှုကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရှင်းလင်းတင်ပြစဉ်

**ဒေသခံပြည်သူများ တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့သို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ခေါင်လန်ဖူးမြို့သို့ ယခင်က ဆိုင်ကယ်အပါအဝင် အခြားနည်းလမ်းဖြင့်သွားပါက ၁၂ ရက်ကြာ သွားရောက်ရသည်ဟု သိရပြီး ယခုအခါတွင် နေ့ချင်းသွားနိုင်သည်အထိ ခရီးပေါက်ပြီဟု သိရပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလိုအပ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည်လည်း လိုအပ်ပါကြောင်း၊ ဒေသ၏ အဓိက လိုအပ်ချက်တစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့တို့က ပူးပေါင်းဖောက်လုပ်ပေးလျက်ရှိပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် သာယာလှပသည့် နေရာများစွာရှိပါကြောင်း၊ ယင်းတို့အနက် ယခု မြောက်ပိုင်းဒေသသည် လာရောက်လည်ပတ်ရန် အခက်အခဲများ ရှိပါကြောင်း၊ သို့သော်လည်း ဒေသအပေါ် ခုံခုံမင်မင် ချစ်မြတ်နိုး၍ သစ္စာရှိစွာ နေထိုင်ကြပြီး မိမိတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်း စောင့်ရှောက်နေကြသည့် ဒေသခံတိုင်းရင်းသားများအား ချီးကျူးပါကြောင်း၊ မိမိတို့ဒေသအား ချစ်ခင်မြတ်နိုးစွာ ဆက်လက်နေထိုင်ကြပြီး မိမိတို့နိုင်ငံ၏ အင်အားတစ်ခု ဖြစ်လာမည်ဟု မျှော်လင့် ဆုတောင်းပါကြောင်း၊ နောက်ပိုင်းတွင် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်အပါအဝင် လိုအပ်သည်များကို ဆက်လက် ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**"မြန်မာနိုင်ငံတွင် သာယာလှပသည့် နေရာများစွာ ရှိပါကြောင်း၊ ယင်းတို့အနက် ယခု မြောက်ပိုင်းဒေသသည် လာရောက်လည်ပတ်ရန် အခက်အခဲများ ရှိပါကြောင်း၊ သို့သော်လည်း ဒေသအပေါ် ခုံခုံမင်မင် ချစ်မြတ်နိုး၍ သစ္စာရှိစွာ နေထိုင်ကြပြီး မိမိတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်နေကြသည့် ဒေသခံတိုင်းရင်းသားများအား ချီးကျူးပါကြောင်း၊ မိမိတို့ဒေသအား ချစ်ခင်မြတ်နိုးစွာ ဆက်လက်နေထိုင်ကြပြီး မိမိတို့နိုင်ငံ၏ အင်အားတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ဆုတောင်းပါကြောင်း၊ နောက်ပိုင်းတွင် ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ် အပါအဝင် လိုအပ်သည်များကို ဆက်လက်ပံ့ပိုးပေးသွားမည်"**



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ရပ်ဘော့တံတား(နောင်မွန်း)ဖွင့်လှစ်ပေးမှုနှင့် ပတ်သက်၍ ပြောကြားစဉ်။
သတင်းစဉ်

ယင်းနောက် ခေါင်လန်ဖူးမြို့နယ် အုပ်ချုပ်ရေးမှူးက ဒေသ၏အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ခေါင်လန်ဖူးဒေသ ဖွံ့ဖြိုးရေး**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ခေါင်လန်ဖူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ခေါင်လန်ဖူးမြို့နယ် အထက်တန်းကျောင်းတွင် အသုံးပြုနိုင်ရန် ကွန်ပျူတာ တစ်စုံအား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ကြည့်ရှုအားပေး**

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် နောင်မွန်းမြို့သို့ ရောက်ရှိကြပြီး နောင်မွန်းမြို့အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကာ ဒေသခံယဉ်ကျေးမှုအဖွဲ့၏ ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် နောင်မွန်းမြို့မှ ပြန်လည်ထွက်ခွာကြပြီး ပူတာအိုမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်များ ဒီဇင်ဘာလအတွင်း ၈၃၁၄၁ ဦး ဝင်ရောက်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းစေတီပုထိုးများနှင့် လှေလာချင်စရာ သဘာဝအလှတရားများကြောင့် မြန်မာနိုင်ငံအတွင်းသို့ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်၊ ထွက်ပေါက်များမှ ပြည်ဝင်ဗီဇာ (ကမ္ဘာလှည့်)နှင့် ပြည်ဝင်ဗီဇာ(လုပ်ငန်း)တို့ဖြင့် ဝင်ရောက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း ဝင်ရောက်မှုမှာ ကမ္ဘာလှည့် ၆၃၅၂၂ ဦး၊ လုပ်ငန်းဖြင့် ၁၉၆၁၉ ဦး စုစုပေါင်း ၈၃၁၄၁ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ကမ္ဘာလှည့်ဗီဇာဖြင့် ၃၆၁၀၈၂ ဦး၊ လုပ်ငန်းဗီဇာဖြင့် ၁၇၇၀၉၉ ဦးသာရှိခဲ့သော်လည်း အလားတူ ၂၀၁၇ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ကမ္ဘာလှည့်ဗီဇာဖြင့် ၃၆၁၉၁၇ ဦးနှင့် လုပ်ငန်းဗီဇာဖြင့် ၁၇၉၆၇၆ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

❍ ကျောဖုံးမှ

တပ်မတော်ရဟတ်ယာဉ်များဖြင့် လေရှီးမြို့သို့ ရောက်ရှိကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံသည်။

**ကြိုးစားသင်ယူ**

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက နိုင်ငံတော်အစိုးရအနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအားဖြင့် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ နာဂတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးစံများကို ကမ္ဘာလှည့် ခရီးသွားများ လာရောက်လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် သက်မွေးပညာရပ်များကို လက်ဆင့်ကမ်းသင်ကြားပေးကြရမည်ဖြစ်ပြီး ဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ကြိုးစားထုတ်လုပ်သွားကြရမည် ဖြစ်ပါကြောင်း၊ သင်ကြားပေးသည့် ဆရာဆရာမအနေဖြင့် သင်တန်းသူများကို တစ်ဦးချင်း ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ သင်တန်းသူများအနေဖြင့်လည်း သင်ကြားပေးသည့် ဘာသာရပ်များအလိုက် ကြိုးစားသင်ယူကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုအခြေအနေများနှင့် သင်တန်းသူများလက်တွေ့ချုပ်လုပ်ထားသည့် အိမ်တွင်းမှုလက်ရာပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လေရှီးပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ လေရှီးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတွင် ဆရာ ဆရာမများနှင့် သင်တန်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ဆက်လက်၍ လဟယ်မြို့သို့ရောက်ရှိကြရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် စာရာမေရိရိပ်သာသို့ ရောက်ရှိပြီး လဟယ်မြို့နယ်မြေခံတပ်ရင်းမှ ရဲမေများနှင့် မိသားစုဝင်များအတွက် အနွေးထည်များနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် လဟယ်မြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသည့်လူနာများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် နန်းယွန်းမြို့သို့ ရောက်ရှိကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝမ်လှ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နန်းယွန်းမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူလျက်ရှိသည့်လူနာများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေများပေးအပ်ကာ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုသည်။

**ကြည့်ရှုအားပေး**

ထို့နောက် နန်းယွန်းမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ရောက်ရှိပြီး ရိုးရာဂျပ်ခုပ်သင်တန်း၊ စက်ချုပ်သင်တန်းလေ့ကျင့်သင်ကြားနေမှု အခြေအနေများနှင့် သင်တန်းသူများ လက်တွေ့ချုပ်လုပ်ထားသည့် အိမ်တွင်းမှုလက်ရာပစ္စည်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသားသင်တန်းသူများကို တွေ့ဆုံအားပေးနှုတ်ဆက်ကာ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နန်းယွန်းမြို့ နယ်မြေခံတပ်ရင်းမှ ရဲမေများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ လဟယ်မြို့ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့်လူနာများအား ကြည့်ရှုအားပေး၍ ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်စဉ်။ သတင်းစဉ်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု ထပ်မံလှုပ်ခတ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကမ္ဘာ့အေးငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ထန်းတပင်မြို့၏) အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ ယနေ့မွန်းလွဲ ၂ နာရီ ၄၉ မိနစ် ၅၂ စက္ကန့်တွင် အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားသည်ကို တိုင်းထွာရရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကျင်းပရေး ပြင်ဆင်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**နန်းယွန်း ဇန်နဝါရီ ၁၃**

နာဂတိုင်းရင်းသားများ၏ အထင်ကရပွဲတော်တစ်ခုအဖြစ် ကျင်းပသည့် ၂၀၁၈ ခုနှစ် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်တွင် ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိရာ ယခုအခါတွင် ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီမှ သိရသည်။

**ကျင်းပ**

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လဟယ်၊ လေရှီးနှင့် နန်းယွန်းမြို့များတွင် အလှည့်ကျကျင်းပရာ ၂၀၁၄ ခုနှစ်တွင် နန်းယွန်းမြို့နယ်၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် လေရှီးမြို့နယ်၌ လည်းကောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် လဟယ်မြို့နယ်တို့၌ လည်းကောင်း ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နန်းယွန်းမြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။




“၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ခါတိုင်းနှစ်တွေလိုပဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေကို လုပ်ဆောင်ခဲ့တာ အခု ၉၀ ရာခိုင်နှုန်းပြီးစီးပါပြီ၊ အချောသပ်လုပ်ငန်းတွေပဲ ကျန်ပါတော့တယ်၊ ပွဲတော်ကျင်းပဖို့အတွက် အသင့်ဖြစ်နေပြီလို့ ပြောလို့ရပါတယ်၊ ပြခန်းတွေလည်း အားလုံးနည်းပါးပြီးစီးနေပါပြီ ” ဟု နန်းယွန်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိမ်းမောင်က ပြောသည်။

**ပါဝင်ပြသ**

၂၀၁၈ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် ပါဝင်ပြသသည့် ဌာနဆိုင်ရာပြခန်း ၁၃ ခန်း၊ ရိုးရာပြခန်းသုံးခန်းနှင့်အတူ ဆိုင်ခန်းများ ပါဝင်ပြီး ဌာနဆိုင်ရာ ပြခန်းများနှင့် ဒေသထွက်ပစ္စည်းများ ပြခန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ စားသောက်ဆိုင်များ ပါဝင်ကြောင်းနှင့် ပွဲတော်ကို ဇန်နဝါရီ (၁၄၊ ၁၅၊ ၁၆) ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# မြန်မာသဒ္ဒါသင်ကြားရေး (၃၆)

**မောင်ခင်မင်(ဓနုဖြူ)**

"ဝါစင်္ဂလေးပါး အယူအဆက ဘယ်ပညာရှင်ရဲ့အယူအဆပါလဲ ဆရာ"

"၁၉၆၀ကျော်ကာလတွေတုန်းက ရန်ကုန်တက္ကသိုလ် ပရိဝုဏ်မှာ နှစ်စဉ် 'မြန်မာနိုင်ငံသုတေသန ကွန်ဂရက်'ဆိုတဲ့ ဆွေးနွေးပွဲတွေ၊ စာတမ်းဖတ်ပွဲတွေ ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့ဖူးတယ်၊ ၁၉၈၀ ကျော်အထိ အနှစ် ၂၀ လောက် နှစ်စဉ်ကျင်းပခဲ့တာ၊ သိပ်ပညာရတဲ့ အစီအစဉ်ပေါ့၊ အဲဒီမှာ ဘာသာစာပေ ယဉ်ကျေးမှု ပညာရပ်သုတေသနအဖွဲ့ရဲ့ စာတမ်းဖတ်ပွဲတွေမှာဖတ်တဲ့စာတမ်းရှင်တွေထဲမှာ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါတယ်၊ သူကမြန်မာမဟုတ်ဘူး၊ အနောက်တိုင်းသူ အမျိုးသမီးကြီးပဲ၊ အဲဒီတုန်းက မန္တလေးဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်မှာ ကထိကအဖြစ် အမှုထမ်းနေတဲ့ ဒေါက်တာကက်သလင်းဖော့ (Dr.Kathleen Forbes) ဆိုတဲ့ ပညာရှင်ပဲ"

"သြော်...ဟုတ်ကဲ့ပါ"

"အဲဒီဆရာမကြီးက ဘာသာဗေဒပညာရှင်ပါ၊ မြန်မာဘာသာစကားကို ဘာသာဗေဒနည်းနဲ့ သုတေသနပြုထားတဲ့ စာတမ်းတွေ ဖတ်ခဲ့တာပေါ့၊ စာတမ်းတစ်စောင်က Parts of Speed is Burmese and Burmese Qualifier တဲ့။ မြန်မာဘာသာစကားမှာရှိတဲ့ ဝါစင်္ဂတွေနဲ့ အဲဒီဝါစင်္ဂတွေထဲက တစ်ခုဖြစ်တဲ့ အထူးပြုတွေကို သုတေသနပြုထားတာလေ"

"ဟုတ်ကဲ့ပါ၊ အဲဒီစာတမ်းကို မြန်မာနိုင်ငံသုတေသန အသင်းဂျာနယ်မှာ ပြန်ထည့်တာ ကျွန်တော်တွေ့ဖူးပါတယ်။ သေသေချာချာတော့ မလေ့လာဖြစ်ပါဘူး"

"ဆရာမကြီးက 'အထူးပြု'ကို ဝါစင်္ဂတစ်ခု အဖြစ်သတ်မှတ်ပြီး အသေးစိတ်လေ့လာထားတာပါ၊ သတိရလို့ ပြောရဦးမယ်၊ ဆရာကြီး ဒေါက်တာဖော့ ဖတ်တဲ့စာတမ်းတစ်စောင်ကို တစ်နှစ်မှာ သဘာပတိလုပ်တဲ့ အင်္ဂလိပ်စာပါမောက္ခဆရာကြီး ဦးမျိုးမင်းက သဘာပတိမိန့်ခွန်းမှာ ဆရာမကြီးကို ချီးကျူးပြီး မြန်မာတွေဖြစ်တဲ့ ပရိသတ်အားလုံးကို ရည်ညွှန်းတဲ့ မှတ်ချက်တစ်ခုပေးတယ်၊ We Should be ashamed of ourselves တဲ့။ ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ရှက်ဖို့ကောင်းတယ်ပေါ့"

"သြော်"

"နိုင်ငံခြားသူဖြစ်တဲ့ ဆရာမကြီးက ဒီလိုသုတေသနတွေ လုပ်နေတာကိုကြည့်ပြီး ကျွန်တော်တို့မြန်မာတွေ အဲဒီလို မလုပ်နိုင်တာ ရှက်စရာပဲလို့ ဆိုလိုလိုက်တာပါ"

"မှတ်သားစရာပဲနော်...ဆရာ"

"အေး...မှတ်သားနေရုံနဲ့တော့ မပြီးဘူးကွဲ့၊ တကယ်လုပ်ဖို့လိုတာပဲ"

"ဟုတ်ကဲ့ပါဆရာ"

"စပ်မိလို့ပြောဦးမယ်၊ ဆရာမကြီးရဲ့ မြန်မာအမည်က ဒေါ်ရင်ရင်...တဲ့။ သူ့ခင်ပွန်းက မန္တလေးဝိဇ္ဇာနဲ့ သိပ္ပံတက္ကသိုလ်က ရုက္ခဗေဒပါမောက္ခ ဆရာကြီးဒေါက်တာသန်းထွန်းတဲ့၊ ဆရာမကြီးက ၁၉၉၀ကျော်လောက်မှာ ကွယ်လွန်သွားပါပြီ၊ ဆရာမကြီးပြုစုခဲ့တဲ့ စာတမ်းတွေကို မြန်မာဘာသာစကားလေ့လာသူတွေ ကိုးကားနေရတုန်းပါပဲ"

"ဟုတ်ကဲ့ပါ၊ လေးစားစရာပါပဲဆရာ"

"လန်ဒန်တက္ကသိုလ် SOAS မှာအမှုထမ်းခဲ့တဲ့ မြန်မာစာ ကထိက ဆရာဂျွန်အိုကယ် (John Okell) ရဲ့ A Reference Grammar of Calloquial Burmese ပဲ၊ မြန်မာနှုတ်ပြောစကား အညွှန်းသဒ္ဒါပေါ့၊ အဲဒီကျမ်းမှာ ဝါစင်္ဂခွဲပုံကို ပြောပြဦးမယ်"

"ပြောပြပါဆရာ"

"ဆရာက ရုပ်ရင်းmorpheme ခေါ်တဲ့ အသေးဆုံးသဒ္ဒါအစိတ်အပိုင်းတွေကို အခြေခံပြီး ဝါစင်္ဂခွဲတယ်။ ရုပ်ရင်းတွေကို စကားလုံး (word) အဖြစ်သုံးရတဲ့ ရုပ်ရင်းနဲ့ပစ္စည်း (particle) အဖြစ်သုံးရတဲ့ ရုပ်ရင်းဆိုပြီး နှစ်မျိုးခွဲတယ်၊ စကားလုံးရုပ်ရင်းနဲ့ သဒ္ဒါရုပ်ရင်းလို့ ခေါ်လို့ရတယ်၊ စကားလုံးရုပ်ရင်းကိုမှ သုံးမျိုး ထပ်ခွဲတယ်၊ ကြိယာရယ်၊ နာမ်ရယ်၊ အာမေဍိတ်ရယ်၊ သဒ္ဒါရုပ်ရင်းကိုလည်း သုံးမျိုးထပ်ခွဲတယ်၊ တစ်မျိုးမှာ formative တဲ့၊ စကားလုံးတွေပွားတဲ့အခါ သုံးတဲ့ပစ္စည်းပေါ့၊ တို့ကတော့ စကားပွားပစ္စည်းလို့ ခေါ်ထားတယ်၊ နောက်တစ်မျိုးက marker တဲ့၊ စကားလုံးတွေရဲ့နောက်ကဆက်ရတဲ့ ပစ္စည်းပေါ့၊ နောက်တစ်မျိုးက postposition တဲ့၊ နောက်ဆက်ပစ္စည်းရဲ့ နောက်ကလိုက်ရတဲ့ ပစ္စည်းပေါ့၊ တို့က နောက်လိုက်ပစ္စည်းလို့ ခေါ်ထားတယ်"

"ဒီခွဲပုံက စိတ်ဝင်စားစရာ ကောင်းပါတယ်ဆရာ၊ ကျွန်မတို့အရင်ကမတွေ့ဖူးပါဘူး၊ ရှင်းပြပေးပါနော်"

"အဲဒီတော့ ဆရာဂျွန်အိုကယ်ရဲ့ ဝါစင်္ဂခွဲပုံကို ဝါစင်္ဂခြောက်ပါးလို့ ခေါ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"နာမ်နဲ့ ကြိယာကတော့ တခြားခွဲပုံတွေလိုပါပဲ။ အဲ... ဆရာက အာမေဍိတ်လို ဝါစင်္ဂတစ်ခုအနေနဲ့ ယူထားတယ်၊ ဂျေအေစတူးဝပ်တို့၊ ဝီလျံကော်နင်တို့ရဲ့ ဝါစင်္ဂသုံးပါး အယူအဆမှာ အာမေဍိတ်မပါဘူးလေ"

"ထုံးတမ်းစဉ်လာ ဝါစင်္ဂရှစ်ပါးမှာလည်း အာမေဍိတ်ပါတယ် မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်၊ ဂျွန်အိုကယ်က အပြောစကားမှာ သုံးတဲ့ အာမေဍိတ်တွေကို ပြည့်ပြည့်စုံစုံ စိစစ်ပြထားတယ်။ အဲဒါက မှတ်သားစရာကောင်းပါတယ်"

"သိပါရစေဆရာ"

"အာမေဍိတ်ကို Interjection လို့ခေါ်တယ် မဟုတ်လား၊ အဲဒီအာမေဍိတ်မှာ တစ်မျိုးက ပါးစပ်ကရုတ်တရက် ထွက်ပေါ်လာတဲ့ စကားတွေပဲ၊ စိတ်ထဲမှာ ဝမ်းသာတာ၊ ဝမ်းနည်းတာ၊ အံ့သြတာ၊ ကြောက်တာစသည်ဖြင့် လှုပ်ရှားသွားတဲ့အခါ ပေါ်လာတတ်တဲ့ အသံတွေပေါ့၊ 'ကဲ၊ ကိုင်း၊ ဟော့၊ အလို၊ ဟင်၊ အင်း၊ အယ်၊ အိုး၊ ဘုရား၊ ဒုက္ခ၊ အမယ်လေး၊ အောင်မာ' စတဲ့စကားတွေပဲ၊ ejaculations လို့ခေါ်တာပေါ့"

"ဆရာအဲဒီအာမေဍိတ်မျိုးတွေကို တခြားစကားတွေနဲ့ တွဲပြီးတော့လည်း သုံးတယ်နော်"

"ဘယ်လိုသုံးတယ်ဆိုတာ ပြောပြလေ"

"ကဲ...မှတ်ပလား၊ ဟော့...ဘာလဲ၊ အလို-ဆရာပါလား၊ အို-ဒုက္ခပါပဲ ဆိုတာမျိုးပါ ဆရာ"

"ဟုတ်ပါပြီ၊ အဲဒီအာမေဍိတ်တွေကို သူ့ချည်းဖြစ်ဖြစ်၊ တခြားစကားတွေနဲ့ တွဲပြီးတော့ဖြစ်ဖြစ် သုံးပါတယ်၊ နောက်တစ်မျိုးကတော့ မြည်သံစွဲတွေပဲ၊ အင်္ဂလိပ်လို onomatopoeia လို့ခေါ်တယ်၊ တိရစ္ဆာန်တွေရဲ့အော်သံတွေ၊ 'အောက်အီးအီးအွတ်၊ ညောင်၊ ဝေါင်း၊ ဝုတ်ဝုတ်'ဆိုတဲ့ အသံမျိုးတွေပေါ့၊ ပြီးတော့ သဘာဝအသံတွေ ဖြန်းတို့၊ ဝုန်းတို့၊ ဖုတ်တို့၊ ရှဲရှဲတို့ပေါ့၊ ပြီးတော့ လူကလုပ်လို့ ထွက်လာတဲ့အသံတွေ 'ဒိုင်း၊ ဒူ၊ ပလို့ဂျိ၊ နောင်၊ ပလုတ်ဖြုန်း'ဆိုတဲ့ အသံတွေပေါ့။ အဲဒီမြည်သံစွဲတွေဟာလည်း ရုတ်တရက်ပေါ်ထွက်လာတဲ့ အသံတွေမို့ အာမေဍိတ်နဲ့ သဘောချင်းတူတယ်လို့ ယူဆပုံရတယ်"

"စဉ်းစားစရာပဲနော်၊ သဘာဝကျပါတယ်"

"နောက်တစ်မျိုးက လူတွေကိုရည်ညွှန်းပြီးခေါ်တဲ့ စကားတွေပေါ့၊ အင်္ဂလိပ်လို appellatives လို့သုံးတယ်၊ ဗျို့ ခင်ဗျား၊ ရှင်၊ ဆရာ၊ အရှင်ဘုရားဆိုတဲ့ စကားမျိုးတွေ၊ ကွ၊ ကွာ၊ ကွယ်၊ ကွဲ့၊ ရေ၊ ရာ၊ ရဲ့ဆိုတဲ့ စကားမျိုးပါတာပေါ့၊ 'ဆရာကြီးရှင့်...ဗျို့ ဦးလေးကြီး၊ ဟုတ်တယ်ကွဲ့၊ သူငယ်ချင်းရေ'ဆိုတာမျိုးသုံးတယ်လေ၊ ဆရာဂျွန်အိုကယ်က အဲဒီစကားသုံးမျိုးကို အာမေဍိတ်အဖြစ် တစ်ခုခုပြထားတာ လေ့လာကြည့်နိုင်ပါတယ်"

"ထုံးတမ်းစဉ်လာသဒ္ဒါတွေမှာတော့ အာမေဍိတ်တွေကို နာမ်တွေ၊ ကြိယာတွေနဲ့ ရောပြလေ့ရှိတယ်၊ 'မြွေကြီးမြွေကြီး' တို့၊ 'လိုက်ဟ လိုက်ဟ' တို့လို စကားမျိုးတွေပဲ၊ နာမ်တွေ၊ ကြိယာတွေကို အာမေဍိတ်လိုသုံးတဲ့ အသုံးတွေပဲ၊ အပြောစကားမှာ တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ အာမေဍိတ်တွေကိုတော့ သီးသီးသန့်သန့်လေ့လာကြည့်ဖို့ လိုတာပေါ့ကွယ်"

**"ထုံးတမ်းစဉ်လာသဒ္ဒါတွေမှာတော့ အာမေဍိတ်တွေကို နာမ်တွေ၊ ကြိယာတွေနဲ့ ရောပြလေ့ရှိတယ်။ 'မြွေကြီး မြွေကြီး' တို့၊ 'လိုက်ဟ လိုက်ဟ' တို့လို စကားမျိုးတွေပဲ။ နာမ်တွေ၊ ကြိယာတွေကို အာမေဍိတ်လိုသုံးတဲ့ အသုံးတွေပဲ။ အပြောစကားမှာ တွင်တွင်ကျယ်ကျယ်သုံးနေတဲ့ အာမေဍိတ်တွေကိုတော့ သီးသီးသန့်သန့် လေ့လာကြည့်ဖို့ လိုတာပေါ့ကွယ်"**

"ဟုတ်ကဲ့ပါ"

"ပစ္စည်းတွေ၊ particle ပေါ့၊ ပစ္စည်းတွေကို သုံးမျိုးခွဲပြထားတာလည်း မှတ်သားစရာပဲ၊ တစ်မျိုးက အရင်းခံစကားလုံးကို ရှေ့ဆက်၊ နောက်ဆက်၊ ကြားဆက်တွေ ထည့်ပြီးပွားယူရာမှာသုံးတဲ့ စကားပွားပစ္စည်းတွေပေါ့၊ 'အက' တို့၊ 'အရွက်' တို့မှာပါတဲ့ 'အ'ကရှေ့ဆက်၊ 'တစ' တို့၊ 'တစောင်း' တို့မှာပါတဲ့ 'တ' က ရှေ့ဆက်၊ 'စားစရာ' တို့၊ 'အိပ်စရာ' တို့မှာပါတဲ့ 'စရာ' ကနောက်ဆက်၊ 'တိတ်တဆိတ် မှာပါတဲ့ 'တ' ကကြားဆက်၊ အဲဒါမျိုးတွေကို စကားပွားပစ္စည်းလို့ခေါ်တာပါ"

"နောက်က ဆက်ရတဲ့နောက်ဆက်ပစ္စည်းတွေကတော့ အများကြီးပါ၊ 'က၊ ကို၊ နဲ့၊ တယ်၊ မယ်၊ လို့' ဆိုတဲ့ ပစ္စည်းမျိုးတွေပေါ့၊ ဝါကျဖွဲ့ရင် ဒီပစ္စည်းတွေ မသုံးမဖြစ်သုံးရတာလေ၊ 'သူက ကျွန်တော့်ကိုတုတ်နဲ့ရိုက်တယ်' ဆိုတဲ့ ဝါကျမှာ 'က၊ ကို၊ နဲ့၊ တယ်' ဆိုတာတွေက နောက်ဆက်ပစ္စည်းတွေပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ- နောက်လိုက်ပစ္စည်းကတော့ ပြောသူရေးသူရဲ့ သဘောထားတို့၊ ခံစားမှုတို့၊ အလေးအနက်ပြုတဲ့ သဘောတို့ပါတဲ့ ပစ္စည်းတွေပဲ၊ 'ဆရာက ဒီလိုပြောတယ်' ဆိုတဲ့ စကားကို 'ဆရာကတော့ ဒီလိုပြောတယ်' လို့ 'တော့' လေးတစ်လုံး ထည့်လိုက်ရင် ဘာထူးခြားသွားသလဲ၊ စဉ်းစားကြည့်စရာပေါ့၊ 'အဖေသိတယ်' ဆိုတဲ့စကားကို 'အဖေလည်း သိတယ်၊ အဖေတော့ သိတယ်၊ အဖေတောင် သိတယ်' လို့ 'လည်း၊ တော့၊ တောင်' ဆိုတဲ့ ပစ္စည်းတွေထည့်လိုက်ရင် ဘယ်လိုထူးခြားသွားသလဲ၊ ဒါတွေက ဝါကျအလယ်မှာထည့်တဲ့ နောက်လိုက်ပစ္စည်းတွေပေါ့"

"ဟုတ်ကဲ့ပါ"

"'ဟုတ်တာပေါ့၊ ပြောလေ၊ လာခဲ့နော်၊ ဟုတ်ရဲ့လား၊ ပြောပါ' ဆိုတဲ့စကားတွေမှာ 'ပေါ့၊ လေ၊ နော်၊ လား၊ ပါ' ဆိုတဲ့ ပစ္စည်းတွေ ထည့်လိုက်တဲ့အတွက်ရော ဘာထူးခြားသွားသလဲ၊ အဲဒီနောက်လိုက်ပစ္စည်းတွေက ဝါကျအဆုံးမှာ ထည့်တဲ့ နောက်လိုက်ပစ္စည်းတွေပဲ၊ အဲဒီနောက်လိုက်ပစ္စည်းက ဝါကျထဲမှာ မပါလို့ရတယ်၊ ပါရင်တော့ ပြောသူရဲ့ခံစားမှုတို့၊ သဘောထားတို့၊ အလေးထားမှုတို့ကို ပြလေ့ရှိတယ်၊ စဉ်းစားကြည့်လေ"

"ဟုတ်ပါတယ် ဆရာ၊ ဒီစာအုပ်ငါးထောင်ပေးရတယ်ဆိုရင် စာအုပ်တန်ဖိုးကို ရိုးရိုးပဲပြောတာ ဖြစ်ပေမယ့်၊ ဒီစာအုပ်ငါးထောင်တောင်ပေးရတယ်လို့ပြောရင် ဈေးကြီးတယ်လို့ သဘောထားကြောင်း 'တောင်' ဆိုတဲ့ ပစ္စည်းက ဖော်ပြတယ် မဟုတ်လားဆရာ၊ ဒီစာအုပ်ငါးထောင်ပဲ ပေးရတယ်ဆိုရင်တော့ 'ပဲ' က ဈေးသက်သာတယ်ဆိုတဲ့ သဘောထားကို ဖော်ပြတာပေါ့ ဆရာ"

"ဟုတ်ပ့ါဗျာ၊ ညည်းတောင်တော်တော် သဘောပေါက်လာပြီ၊ ကဲ -ဒီတစ်ပတ်တော့ ဒီလောက်နဲ့ နားကြရအောင်"

# ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ဒလတံတားကို မကြာမီ စတင်တည်ဆောက်မည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကိုရီးယား-မြန်မာချစ်ကြည်ရေး ဒလတံတား တည်ဆောက်ခြင်းကို ခန့်မှန်းကာလအဖြစ် လာမည့် ဧပြီလထဲတွင် စတင်တော့မည်ဖြစ်ပြီး မေလ ပထမပတ်တွင် တံတားပန္နက်တင်သည့် မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်သွားရန် ရည်ရွယ်ထားကာ အစီအစဉ်များ ရေးဆွဲထားပြီးဖြစ်ကြောင်း သိရသည်။

တံတားကို ရန်ကုန်မြို့ဘက်တွင် လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလမြို့နယ်ဘက်တွင် ဗိုလ်မင်းရောင်လမ်းတို့ကို ဆက်သွယ်တည်ဆောက်သွားမည်ဖြစ်ပြီး လမ်းအူကြောင်းအနေဖြင့် ထိခိုက်မှုအနည်းဆုံးလမ်းကြောင်းကို ရွေးချယ်တည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။

တံတားတည်ဆောက်ရေးစီမံကိန်း စတင်တော့မည်ဖြစ်ရာ တံတားအူကြောင်းနှင့် မလွတ်ကင်းသဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းက မြေယာလျော်ကြေးနှင့် မြေငှားရမ်းခများ ပေးချေခဲ့ပြီးဖြစ်သော ဗိုလ်မင်းရောင်လမ်းပေါ်ရှိ မြေကွက် ၆၅ ကွက်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းက မြေငှားရမ်းခ၊ မြေယာလျော်ကြေးနှင့် ဂရုဏာကြေးများ ပေးချေခဲ့ပြီးသော မြေကွက်များ၊ ဆိုင်ခန်းများ၊ နေအိမ်များနှင့် အဆောက်အအုံများကို ဇန်နဝါရီလ ၃၁ ရက် နောက်ဆုံးထား၍ အပြီးသတ် ရွှေ့ပြောင်းပေးနိုင်ရန် ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်း တံတားဦးစီးဌာနမှ သိရသည်။ အဆိုပါအိမ်ရာများရွှေ့ပြောင်းမှု ပြီးစီးပါက ဖေဖော်ဝါရီ ပထမပတ်အတွင်းမှစတင်၍ စီမံကိန်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကောင်းချို(တံတားစီမံကိန်း စီမံခန့်ခွဲရေးကော်မတီ အဖွဲ့ခေါင်းဆောင်) က ပန္နက်တင်ခြင်းအခမ်းအနားကို မေလပထမပတ်တွင် ရည်ရွယ်ထားပြီး အစီအစဉ်ရေးဆွဲထားပြီးဖြစ်ကြောင်း၊ တံတားတည်ဆောက်ရာတွင် အဓိကပညာရှင်များအနေဖြင့် ကိုရီးယားကုမ္ပဏီက ဦးဆောင်ပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တံတားပေါ်တွင် ၅၀၀ မီလီမီတာအချင်းရှိသည့် ရေချိုပိုက်လိုင်းနှစ်ခုကို တံတားတစ်ဖက်စီတွင် တစ်ချောင်းစီအဖြစ် ဒီဇိုင်းပြုလုပ်ထားကြောင်း၊ သံမဏိကြိုးတံတားပေါ်တွင် တံတားကြီးနှင့် ပနံရသည့် ညအလှမီးများကိုပါ ရင်သပ်ရှုမောဖွယ်ကြည့်ရှုခံစားနိုင်အောင် တပ်ဆင်သွားမည်ဖြစ်ကြောင်း၊ တည်ဆောက်ချိန် ၃၉ လ ကြာမြင့်မည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ခုနှစ် အစောပိုင်းတွင် တံတားကြီး တည်ဆောက်ပြီးစီးရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားသည်။

တံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတား(Cable Stayed Bridge)၊ တံတားခံနိုင်ဝန် ယာဉ်တစ်စီးချင်း ၇၅ တန်၊ စုစုပေါင်းတံတားအရှည် ၆၁၄၄ ပေ၊ ပင်မတံတားအရှည် ၁၉၃၆ ပေ၊ ချဉ်းကပ်တံတား(ရန်ကုန်ဘက်ကမ်း) ၂၀၂၆ ပေ၊ ချဉ်းကပ်တံတား (ဒလဘက်ကမ်း) ၂၁၈၂ ပေ၊ ပင်မတံတားအကျယ် (လေးလမ်းသွား) ၈၇ ပေ၊ ချဉ်းကပ်တံတားအကျယ်(ရန်ကုန်ဘက်ကမ်း) ၄၇ ပေ၊ ချဉ်းကပ်တံတားအကျယ်(ဒလဘက်ကမ်း) ၆၈ ပေ၊ ဆင်ခြေလျှောတံတားများအကျယ်(တစ်လမ်းသွား) ၂၃ ပေဖြစ်ကြောင်း သိရသည်။ တံတားအောက် ရေလမ်းကင်းလွတ်အမြင့်မှာ ၄၉ မီတာနှင့် ရေလမ်းကင်းလွတ်အကျယ်မှာ ၃၂၀ မီတာ ဖြစ်သဖြင့် Dead Weight Tonnage(DWT) ၁၅၀၀၀ တန်ချိန်ရှိ ပင်လယ်ကူးသင်္ဘောကြီးများ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီးကို ကိုရီးယားနိုင်ငံ စီးပွားဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ ချေးငွေ အမေရိကန်ဒေါ်လာ ၁၃၇ ဒသမ ၈၃၃ သန်းနှင့် မြန်မာအစိုးရထည့်ဝင်ငွေ ၃၀ ဒသမ ၃၄၁ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၁၇၃ သန်း အကုန်ကျခံ၍ ဆောင်ရွက်မည်ဖြစ်သည်။

**နိုင်လင်းကျော် (ဒလ)**

# တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များနှင့် အာဂုံပြန် သံဃာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း



ရန်ကုန် ဇန်နဝါရီ ၁၃

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပလျက်ရှိသည့် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ကြွရောက်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော်များနှင့် အာဂုံပြန်သံဃာတော်များအား နဝကမ္မဝတ္ထုငွေများကို တစ်ပါးချင်းစီလက်ရောက်ဆက်ကပ်လှူဒါန်းသည်။**(ဝဲပုံ)

ယနေ့အထိ အာဂုံပြန်စာမေးပွဲသို့ သံဃာ ၁၄၅ ပါး အာဂုံပြန်ဆိုတော်မူကြပြီး အာဂုံပြန်ဆိုပွဲကို ဇန်နဝါရီ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**ဘွဲ့ခံယူတော်မူ**

တိပိဋကကောဝိဒဘွဲ့ရရှိရန် ပထမကြီးတန်း အောင်မြင်သော သံဃာသည် အာဂုံပြန်ဆိုခြင်း ၅ ဆင့်နှင့် သဘောရေးဖြေစာမေးပွဲ ၅ ဆင့် ဖြေဆိုရပါသည်။ ပိဋကသုံးပုံပါဠိတော် ကျမ်းစာအုပ်ပေါင်းအုပ် ၂၀ ကို အာဂုံပြန်အောင်မြင်ပါက တိပိဋကဓရဘွဲ့ကိုရရှိပြီး ယင်းကျမ်းများ၏ အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိ စသောကျမ်း စာအုပ်ပေါင်း ၁၀၀ ကျော်မှ အဓိပ္ပာယ်များကို သဘောရေးဖြေ အောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ခံယူတော်မူသည်။

**၁၄ ပါး ပေါ်ထွန်းခဲ့**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စတင်ကျင်းပသည့် ၁၃၁၀ ပြည့်နှစ်မှ ၆၉ ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၄ ပါး ပေါ်ထွန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံခရိုင် လူမှုအခြေပြုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကျင်းပ

ဘားအံ ဇန်နဝါရီ ၁၃

**ကရင်ပြည်နယ် ဘားအံခရိုင် လူမှုအခြေပြုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဘားအံမြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးနေရာ၌ ကျင်းပသည်။**

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်တစ်ဦးတို့က လူမှုအခြေပြုဗဟိုဌာန (Community Centre) ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** လူမှုအခြေပြုဗဟိုဌာန ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။



**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ကရင်ပြည်နယ်ရှိ ကရင်၊ မွန်၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာအကများဖြင့် ဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယင်းဖျော်ဖြေရေးအဖွဲ့များ အပါအဝင် ဖွင့်ပွဲအခမ်းအနား၌ ပါဝင်ဆောင်ရွက်ကြသည့် ဘင်ခရာနှင့် ပန်းပွားအကအဖွဲ့များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများသည် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ပါဝင်ဆောင်ရွက်သည့် ရွှေ့လျားစာကြည့်တိုက်ယာဉ်ငယ်ကို လည်းကောင်း၊ ကရင်ပြည်နယ်အတွင်းရှိ ကရင်၊ မွန်၊ ပအိုဝ်း၊ ရှမ်း၊ ဗမာတိုင်းရင်းသား စာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့များက လာရောက်ခင်းကျင်းပြသကြသည့် တိုင်းရင်းသားရိုးရာအမွေအနှစ်ပြခန်းကို လည်းကောင်း၊ အစည်းအဝေးနှင့် ဆွေးနွေးပွဲခန်းမ ပြင်ဆင်ထားရှိမှုကို လည်းကောင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ပါဝင်ဆောင်ရွက်သည့် ကွန်ပျူတာခန်းမ ကို လည်းကောင်း ၊ ကလေးစာကြည့်တိုက် အပါအဝင် ရည်ညွှန်းစာကြည့်တိုက်နှင့် စာကြည့်တိုက် ပြင်ဆင်ထားရှိမှုကို လည်းကောင်း၊ Community Centre အတွင်း ခင်းကျင်းပြသထားသော ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားရိုးရာ အမွေအနှစ်များ၊ သဘာဝသယံဇာတပစ္စည်းများ ခင်းကျင်းပြသထားမှုကို လည်းကောင်း၊ ကလေးကစားကွင်း အပါအဝင် အားကစားနည်းများ ပြင်ဆင်ထားမှုကို လည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် ဘားအံခရိုင် လူမှုအခြေပြုဗဟိုဌာန ဖွင့်ပွဲအခမ်းအနားနှင့် ပြည်သူ့စကားဝိုင်း ( Public Talk) ဆွေးနွေးပွဲကို Community Centre ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများအလိုက် ပြည်သူကို မျက်နှာမူသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ စာကြည့်တိုက်ကို လူမှုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

**ဘက်စုံအကျိုးရှိစွာ အသုံးပြုနိုင်ရန်**

ထို့နောက် ပြည်နယ် ခေတ္တဝန်ကြီးချုပ်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က လူမှုအခြေပြုဗဟိုဌာနအဖြစ် ဘက်စုံအကျိုးရှိစွာ အသုံးပြုနိုင်ရန် စီစဉ်ထားရှိသဖြင့် လာရောက် အသုံးချကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် ထိုကဲ့သို့ စီစဉ်ဆောင်ရွက်နိုင်မှုအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ဖောင်ဒေးရှင်း ဖွဲ့စည်းထားမှုနှင့် ရည်ရွယ်ချက်၊ ရွှေ့လျားစာကြည့်တိုက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်နှင့် စာပေ ခေါင်းစဉ် အကြောင်းအရာဖြင့် ပြည်သူ့စကားဝိုင်းကို ဆက်လက်ကျင်းပရာ **(အပေါ်ပုံ)** မွန်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးမင်းတင်ဝင်း၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရေးဆရာ မင်းခိုက်စိုးစန်၊ စာရေးဆရာမ နှင်းဝေငြိမ်းနှင့် ဒေသခံလူငယ် နန်းထက်ထက်လင်းစိုးတို့က ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်သည် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း ၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်တို့နှင့် အတူ Community Centre အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ်အတွင်းရှိ ကရင်၊ မွန်၊ ရှမ်း၊ ပအိုဝ်း၊ ဗမာတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့များနှင့် တွေ့ဆုံပြီး တိုင်းရင်းသားရိုးရာယဉ်ကျေးမှု စာပေစာတမ်းဖတ်ပွဲ၊ စာပေနှင့် ရိုးရာအမွေအနှစ် ပြပွဲများ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် ကိစ္စများကို ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးဝန်ကြီးဌာနမှ ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများအား တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းက ဘားအံမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုသည်။

**လူမှုအခြေပြုဗဟိုဌာန**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊ စာကြည့်တိုက်များအား လူမှုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ပြီး ဖွင့်လှစ်လျက်ရှိရာ ကော့မှူးမြို့နယ်ရုံး၊ အင်းစိန်ခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံး၊ နတ်မောက်မြို့နယ်ရုံး၊ ပျဉ်းမနားမြို့နယ်ရုံး၊ မြစ်ကြီးနားခရိုင်ရုံးနှင့် မန္တလေးခရိုင်ရုံးတို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့ အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့သော ဘားအံခရိုင်ရုံးမှာ ကိုးခုမြောက် လူမှုအခြေပြုဗဟိုဌာန ဖြစ်သည်။

မြန်မာနိုင်ငံ၌ ဒီမိုကရေစီအသွင်ကူးပြောင်းချိန်တွင် ပြည်သူ့စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါလျက်ရှိပြီး လိုအပ်မှုများရှိလာသဖြင့် လူမှုအခြေပြုဗဟိုဌာနများအဖြစ် အဆင့်မြှင့်တင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**




# ရှမ်းပြည်နယ်ဝန်ကြီးချုပ် သီပေါ ဒုဋ္ဌဝတီရေထိန်းနံရံ ကြည့်ရှုစစ်ဆေး

**သီပေါ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ဇန်နဝါရီ ၁၂ ရက် ညနေ ၄ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဘော်ကြိုဘုရားကြီးအား ဖူးမြော်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘော်ကြိုဘုရားကြီး၏ မုခ်လေးမုခ်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓဆင်းတုတော် လေးဆူအား ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး ဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်စိုင်းထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ သီပေါ ဒုဋ္ဌဝတီ ရေထိန်းနံရံ ရေကာတာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးတင့်လွင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ရေရှည်ကြံ့ခိုင်ရေးနှင့် အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကရင်တိုင်းရင်းသားစာပေဖွံ့ဖြိုးရေးနှင့် ရိုးရာအမွေအနှစ်ပြပွဲကျင်းပ

**သဲကုန်း ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကရင်တိုင်းရင်းသားတို့၏ စာပေနှင့် ရိုးရာအမွေအနှစ်ပြပွဲကို ဇန်နဝါရီ ၁၂ ရက်က Community Centre ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး၊ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစောမျိုးချစ်နှင့် ခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မူမူတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၃

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

### ယူကရိန်းနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ယူကရိန်းနိုင်ငံ သမ္မတ မစ္စတာ ပီထရို ပိုရိုရှန်ကိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ယူကရိန်းအစိုးရနှင့် ပြည်သူများကိုယ်စား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

နှစ်နိုင်ငံ စည်ပင်သာယာဝပြောရန် ယူကရိန်း-မြန်မာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ရန် ယူကရိန်းနိုင်ငံအနေဖြင့် စိတ်ဝင်စားလျက်ရှိပါကြောင်း၊ အဆွေတော်အနေဖြင့် ငြိမ်းချမ်းရေး၊ ဟန်ချက်ညီညီရှိရေး၊ အောင်မြင်ဖြစ်ထွန်းရေးအပါအဝင် နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်တာများ တွင် အောင်မြင်မှုအပေါင်းခညောင်းပြီး စိတ္တသုခ၊ ကာယသုခအပေါင်းနှင့် ပြည့်စုံပါစေကြောင်း မြန်မာပြည်သူများ စိတ်ချမ်းသာခြင်း ကိုယ်ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

### ပိုလန်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ပိုလန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အန်ဒရစ်(ဂျ)ဒူဒါက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ်ကောင်းသော နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပိုလန်အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။

ပိုလန်နိုင်ငံအတွက် အရှေ့တောင်အာရှ မိတ်ဖက်နိုင်ငံ တစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် အလွန်အရေးကြီးသော နိုင်ငံတစ်နိုင်ငံအဖြစ် ထိတွေ့ဆက်ဆံမှုများ ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရက်တစ် မြန်မာနိုင်ငံ တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် အောင်မြင်မှုများအပေါ် ပိုလန်နိုင်ငံအနေဖြင့် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာပြီး ကျန်းမာချမ်းသာပါစေရန်နှင့် မြန်မာပြည်သူများ ပြည့်စုံကြွယ်ဝပြီး အောင်မြင်မှုအပေါင်း ခညောင်းပါစေရန် ဆုမွန်ကောင်းများ တောင်းလိုက်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဝါးသခ်ကျေးရွာ၌ လျှပ်စစ်မီးနှင့် ကွန်ကရစ်လမ်းဖွင့်

**ကော့မှူး ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဝါးသခ် ကျေးရွာ၌ လျှပ်စစ်မီးနှင့် ရွာတွင်း ကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္စာမျိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က မိမိတို့အနေဖြင့် အဓိကရည်မှန်းချက် သုံးမျိုးရှိကြောင်း၊ ရည်မှန်းချက်သုံးမျိုးမှာ ကျေးရွာများမီးလင်းရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေကောင်းရေသန့် ရရှိရေးတို့ ဖြစ်ကြောင်း၊ လုပ်ငန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေးက ယခုလို လျှပ်စစ်မီးနှင့် ကွန်ကရစ်လမ်းအား တွဲလျက် ဖွင့်လှစ်ပေးနိုင်မှုအတွက် ဂုဏ်ယူဝမ်းသာမိကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိသည့်အတွက်ကြောင့် အသေးစား စက်မှုလက်မှုလုပ်ငန်းများလည်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ယခုရရှိသော အသီးအပွင့်မှာ ပြည်သူအားလုံး၏ အခွန်ငွေဖြစ်သဖြင့် ဒေသခံပြည်သူများမှ စနစ်တကျသုံးစွဲပြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။ ယင်းနောက် ကျေးရွာနေပြည်သူများကိုယ်စား ဝါးသခ်ကျေးရွာ ရပ်မိရပ်ဖ မန်းအောင်ဇာဇာဟိန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆွေဝင်း(ခ)အာလူတို့က ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြားခဲ့ပြီး လျှပ်စစ်မီးနှင့် ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**ကျော်သူရ(ကော့မှူး)**

# အရက်၊ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် လုပ်အားပေးမည့် လူငယ်များအတွက် မူးယစ်ဆေးဝါးသုံးစွဲမှုကာကွယ်ရေးနှင့် မျိုးဆက်သစ်လူငယ်များ၏ ခေါင်းဆောင်မှုသင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၁၃**

အရက်၊ မူးယစ်ဆေး ပညာပေး ရက်သတ္တပတ်လှုပ်ရှားမှု (Driven by Passion: Substance Use Prevetion Task Force)ကို ၂၀၁၈ ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်ထိ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် တောင်ကြီးမြို့များတွင် တစ်ပြိုင်တည်း ပြုလုပ်မည်ဖြစ်ပြီး ပါဝင်လုပ်အားပေးကြမည့် လူငယ်များအတွက် မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ရေးနှင့် မျိုးဆက်သစ်လူငယ်များ၏ ခေါင်းဆောင်မှုသင်တန်းကို ယနေ့ နံနက် ၉ နာရီက စတင်၍ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**



မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ရေးနှင့် မျိုးဆက်သစ်လူငယ်များ၏ ခေါင်းဆောင်မှုသင်တန်းကို ဆီဒိုးနားဟိုတယ်၌ နှစ်ရက်တာ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ရန်ကုန်မြို့တွင် လုပ်အားပေးမည့် လူငယ် ၆၀ ကျော် လာရောက်တက်ရောက်လျက်ရှိသည်။

အဆိုပါ သင်တန်းကို ဆယ်ကျော်သက်လူငယ်များ ဖွံ့ဖြိုးရေးအဖွဲ့ (Association for Healthy Adolescent Development- AHEAD)၊ Teens and Drams လူငယ်ကွန်ရက်၊ AMN မျိုးဆက်သစ်လူငယ်များအဖွဲ့ မန္တလေးတို့က လုပ်ဆောင်ခြင်းဖြစ်ပြီး ယူနီဆက်အနေဖြင့် ကုန်ကျစရိတ်အတွက်ပံ့ပိုးပေးခြင်းနှင့် သင်တန်းတွင် လိုအပ်သည့် နည်းပညာများ ကူညီပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ပေးကြောင်း သိရသည်။

ဆယ်ကျော်သက်များတက်ကြွစွာ ပါဝင်ရေးအစီအစဉ် တာဝန်ခံ ဒေါက်တာယုယုအောင်(ယူနီဆက်)က "သင်တန်းကို ဘာကြောင့်လုပ်လဲဆိုရင် ဇန်နဝါရီ ၂၂ ရက်ကနေ ၂၈ ရက်အထိ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်လှုပ်ရှားမှု လုပ်မယ်၊ အခြေခံပညာကျောင်းတွေကိုသွားပြီး ပညာပေးလုပ်ကြမယ်၊ ကျွန်မတို့က လှိုင်သာယာနဲ့ မြောက်ဒဂုံမြို့နယ် နှစ်မြို့နယ် ရွေးထားတယ်၊ အဲ့ဒီမှာ ကလေးတွေကို အပြန်အလှန် မျက်နှာချင်းဆိုင် ပြောဆိုပြီး ပညာပေးမှာပါ၊ အခုက အဲ့ဒီမှာပါဝင်လုပ်ပေးကြမယ့် စေတနာ့ဝန်ထမ်း လူငယ်တွေကို အခု ဒီမှာ သင်တန်းပေးနေတာပါ၊ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ သုံးစွဲမှုကာကွယ်ရေးအတွက် အခြေခံအချက်တွေကို နားလည်ဖို့၊ မူးယစ်ဆေးဝါးအန္တရာယ်ရဲ့ကာကွယ်ရေး ထိန်းချုပ်ရေးလုပ်ငန်းတွေကို သိရှိပြီး ကိုယ်ဘာလုပ်ပေးနိုင်မလဲဆိုတာ သိရှိဖို့၊ မူးယစ်ဆေးဝါးအန္တရာယ်နဲ့ပတ်သက်ပြီး လူငယ်တွေကို သူတို့ကိုယ်တိုင် ထိထိရောက်ရောက် ပညာပေးနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက် သုံးခုနဲ့ သင်တန်းပေးတာပါ"ဟု ပြောသည်။

သင်တန်းအတွက် လူငယ်များ ရွေးချယ်ရာတွင် အသက် ၁၆ နှစ်နှင့် ၂၂ နှစ် ကြားရှိ လူငယ်များကိုသာ ရွေးချယ်ပြီး အများစုမှာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ဖြစ်ကြသည်။

"အများစုကတော့ တက္ကသိုလ်က ကျောင်းသားတွေ များပါတယ်၊ မူးယစ်ဆေးဝါး ကာကွယ်ခြင်းလုပ်ငန်းတွေကို လုပ်ဆောင်လိုပြီး ပညာပေးခြင်းကို လုပ်ဆောင်လိုတဲ့သူ၊ ကလေးများကို ပညာပေးပြီး အများရှေ့မှာ စကားပြောနိုင်သူ၊ အချိန်ပေးနိုင်သူတွေကို ရွေးပါတယ်၊ ပညာအရည်အချင်း သတ်မှတ်ချက်မထားပါဘူး"ဟု ဒေါက်တာယုယုအောင်က ပြောသည်။

ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ပြုလုပ်မည့် အရက်၊ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုကို ဦးဆောင်ရန်အတွက် မူးယစ်ဆေးကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး လိုအပ်သော အရည်အချင်းများ ပြည့်ဝစေရန် Driven by Passion မှ လူငယ်များကို ရှစ်ရက်တာ နည်းပြသင်တန်းပေးခဲ့ပြီး UNICEF၊ UNIAIDS၊UNODC နှင့် စိတ်ကျန်းမာရေး ဆေးရုံမှ တာဝန်ခံဆရာဝန်များကလည်း နည်းပြအဖြစ် ကူညီပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်တို့တွင် ဇန်နဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ အရက်၊ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် ပါဝင်လုပ်အားပေးမည့် လူငယ် ၂၃၀ ခန့်ရှိကာ အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းတို့တွင် အသက် ၁၀ နှစ်နှင့် ၁၅ နှစ်ကြားရှိ ကျောင်းသားပေါင်း ၈၀၀၀၀ အထိ ပညာပေးမှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း ဒေါက်တာယုယုလွင်၏ ပြောကြားချက်အရ သိရသည်။

ယခုပြုလုပ်သည့် သင်တန်းတွင် အသုံးများသော မူးယစ်ဆေးအကြောင်း နားလည်ခြင်း၊ ကလေးများကို ပညာပေးရန် ထိရောက်စွာပြောဆိုဆက်ဆံခြင်း၏ အခြေခံများကို နားလည်ခြင်း၊ လက်တွေ့ပညာပေးနိုင်ရန် လေ့ကျင့်ခြင်း၊ မူးယစ်ဆေး ထိန်းချုပ်မှုလုပ်ငန်းများအကြောင်း နားလည်ခြင်းနှင့် မိမိလုပ်နိုင်သော အရာများကို ဖော်ထုတ်ခြင်းတို့ကို သင်ကြားပေးမည်ဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲမှု ကာကွယ်ရေးနှင့် မျိုးဆက်သစ်လူငယ်များ၏ ခေါင်းဆောင် မှု သင်တန်းနည်းပြအဖြစ်ပါဝင်သူ မအေးအိန္ဒြေမောင်နှင့် သင်တန်းသားအဖြစ် တက်ရောက်သူ မောင်ကောင်းဇာနည်နိုင် က ယခုလိုပြောသည်။

**မအေးအိန္ဒြေမောင်(အသက် ၁၉ နှစ်)**

**နိုင်ငံတကာဆက်ဆံရေးပညာ- ပထမနှစ် ဂုဏ်ထူးတန်း- ရန်ကုန်တက္ကသိုလ်**

"ညီမက Teens and Drams ရဲ့ အဖွဲ့ဝင် တစ်ဦးပါ၊ ဒါကြောင့် ညီမတို့ Teens and Drams က အဖွဲ့ဝင်တွေလည်း မူးယစ်ဆေးဝါး ကာကွယ်ရေးကို ထိထိရောက်ရောက် လုပ်ဖို့ပါလာတာပါ၊ နည်းပြလုပ်ဖို့အတွက် သင်တန်း ရှစ်ရက်၊ ကွင်းဆင်းတာ နှစ်ရက်နဲ့ သင်ထောက်ကူအတွက် နှစ်ရက် စုစုပေါင်း ၁၂ ရက် တက်ခဲ့ရပါတယ်၊ မေ၊ ဇွန်နဲ့ နိုဝင်ဘာမှာ တက်ခဲ့ပါတယ်၊ လူ့ခန္ဓာကိုယ်အကြောင်းနဲ့ မူးယစ်ဆေးဝါး အကြောင်းတွေကို ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိလာတယ်၊ ကွင်းဆင်းတဲ့အနေနဲ့ကတော့ လှိုင်သာယာက ကလေးတွေဆီ သွားတယ်၊ စိတ်ကျန်းမာရေးဆေးရုံသွားပြီး မူးယစ်ဆေးစွဲသူတွေရဲ့ အခြေအနေတွေနဲ့ သူတို့ ဘယ်လို မူးယစ်ဆေးကို စစွဲသလဲဆိုတာတွေ လေ့လာခဲ့တယ်၊ ကလေးတွေကို သင်ကြားပေးမယ့် သင်ထောက်ကူ ပိုစတာတွေလည်း ညီမတို့ ကိုယ်တိုင် ရေးဆွဲခဲ့ပါတယ်၊ စစတုန်းက လူရှေ့ထွက်ပြီး စကားမပြောရဲဘူး၊ အခုတော့ ပိုပြီး စကားပြောရဲလာတယ်၊ မှားမယ်ဆိုပြီး ကြောက်စိတ် မရှိတော့ဘူး၊ ယုံကြည်မှုပိုရှိလာတယ်"

**မောင်ကောင်းဇာနည်နိုင် (၁၈ နှစ်)**

**ရန်ကုန်နည်းပညာတက္ကသိုလ် (တတိယနှစ်)**

"သင်တန်းတက်ရတဲ့ ရည်ရွယ်ချက်က မူးယစ်ဆေးဝါး ရက်သတ္တပတ် လှုပ်ရှားမှုမှာ ကိုယ်တိုင်ပါဝင်ပြီး လုပ်အားပေးနိုင်အောင်လို့ ပါဝင်တဲ့အခါမှာ ကျွန်တော်တို့က ကလေးတွေကို လုပ်အားပေးတဲ့အခါ မူးယစ်ဆေးဝါးအကြောင်း၊ ဆိုးကျိုးတွေကို ဘယ်လိုကာကွယ်ရမလဲဆိုတာ ရှင်းပြရမယ်၊ ဒါကြောင့် ဒီအကြောင်းကို ကိုယ်ကိုယ်တိုင် သိဖို့လိုမယ်၊ ဒီသင်တန်း တက်လိုက်တဲ့အခါမှာ မူးယစ်ဆေးနဲ့ပတ်သက်တဲ့ အချက်အလက်တွေ တိတိကျကျရတယ်၊ ဒါကို ပြန်ရှင်းပြနိုင်ဖို့ လာတက်ဖြစ်တာပါ၊ လုပ်အားပေးတဲ့ အစီအစဉ်ကို Facebook မှာ ကြေညာတယ်၊ မနှစ်က ဇန်နဝါရီမှာလည်း လုပ်အားပေးပါခဲ့ဖူးပါတယ်၊ မနှစ်ကတော့ ကျွန်တော်တို့ ပုံစံထုတ်ထားတဲ့ ဗီနိုင်းပိုစတာတွေနဲ့ မူးယစ်ဆေးဝါးက လူ့ခန္ဓာကိုယ်ရဲ့ဘယ်အစိတ်ပိုင်းတွေ ထိခိုက်စေမလဲ၊ ဘယ်လို ကာကွယ်ရမလဲ စသဖြင့် ရှင်းပြနိုင်ခဲ့ပါတယ်၊ ဒီလို လုပ်အားပေးအနေနဲ့ ပါဝင်တာ နိုင်ငံကို တစ်ဖက်တစ်လမ်းက ကူညီရာ ရောက်တယ်လို့ ထင်ပါတယ်၊ မူးယစ်ဆေးဝါးဆိုတာ အခုထိ မြန်မာနိုင်ငံမှာ ပျံ့နှံ့နေပြီး နိုင်ငံတော်တော်များများမှာလည်း ရှိနေပါတယ်၊ ကလေးတွေဆိုရင် ဒါကို သိလိုက်ခြင်းအားဖြင့် ရှောင်ရှားတက်လာမယ်၊ သူတို့ရဲ့ ဘဝကို အဆင်ပြေပြေ လျှောက်လှမ်းနိုင်အောင် လူငယ်တစ်ယောက်အနေနဲ့ ကူညီပေးနိုင်မယ်၊ ကျွန်တော်က နှစ်တိုင်းကျင်းပတဲ့ မူးယစ်ဆေးဝါး ရက်သတ္တပတ်လှုပ်ရှားမှုအတွက် နောက်နှစ်တွေမှာလည်း ပါဝင်နိုင်အောင် ကြိုးစားမယ်၊ လူငယ်တစ်ယောက်အနေနဲ့ ကိုယ်ရဲ့ ပတ်ဝန်းကျင်မှာ မူးယစ်ဆေးနဲ့ပတ်သက်ပြီး ရှောင်ရှားနိုင်အောင် လုပ်ဆောင်ပေးမယ်လို့ ရည်ရွယ်ထားပါတယ်"

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ဖရန့်ဖတ် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ သွားရောက်ပြသနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကမ္ဘာလုံးဆိုင်ရာ လူသုံးကုန်ပစ္စည်းများ အားလုံးကို တစ်နေရာတည်းတွင် စုစည်းပြသသည့် ဂျာမနီနိုင်ငံ Frankfurt မြို့ရှိ Anbiente ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်း နှစ်ခု သွားရောက်ပြသမည်ဖြစ်ကြောင်း သိရသည်။


**တက်ရောက်ပြသရန် ဖိတ်ခေါ်ထား**

မြန်မာ့စီးပွားရေးကို လေ့လာကြည့်ပါက အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများက နေရာယူထားပြီး နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်ခွင့်ရရှိရန် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းနေကြချိန်လည်း ဖြစ်ရာ နိုင်ငံတကာပြပွဲများသို့ သွားရောက်ပြသခြင်းဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေ အပါအဝင် နိုင်ငံတကာသို့ ခြေဆန့်နိုင်မည့် အချက်အလက်များကိုလည်း ရရှိနိုင်ခြင်းကြောင့် မြန်မာ့စီးပွားရေးလုပ်ငန်းများသို့လည်း ယင်းပြပွဲသို့ တက်ရောက်ပြသရန် ဖိတ်ခေါ်ထားကြောင်း ကမ္ဘာလုံးဆိုင်ရာ Anbiente ကုန်စည်ပြပွဲအား တာဝန်ယူကာ ကျင်းပပြုလုပ်သည့် The Messe Frankfurt လုပ်ငန်းစုက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်တွင် Anbiente ကုန်စည်ပြပွဲ၏ လက်တွဲဖက်နိုင်ငံအဖြစ် နယ်သာလန်နိုင်ငံကို ရွေးချယ်ထားပြီး စားသုံးမှု၊ နေထိုင်မှုနှင့် ပေးကမ်းမှု စသည့် ကဏ္ဍသုံးခုဖြင့် တင်ဆက်သွားရန်ရှိပြီး မြန်မာနိုင်ငံမှလည်း ကိုယ်စားပြုလုပ်ငန်း နှစ်ခုခန့် ပါဝင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ဒီပြပွဲဟာ တစ်ကမ္ဘာလုံးက လူသုံးကုန်ပစ္စည်း ထုတ်ကုန်တွေကို တစ်နေရာတည်းမှာ လာရောက်ပြသကြတာ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံအနေနဲ့ကတော့ ၂၀၁၇ ခုနှစ်တုန်းက Bella Interiors လုပ်ငန်းတစ်ခုက ဝင်ရောက်ပြသနိုင်ခဲ့ပြီး ယခုနှစ်မှာတော့ Bella အပြင် TK Interiors Myanmar ကလည်း ဝင်ရောက်ပြသသွားမှာဖြစ်လို့ မြန်မာနိုင်ငံအနေနဲ့ လုပ်ငန်းနှစ်ခု ဝင်ရောက်တာဖြစ်ပါတယ်" ဟု The Messe Frankfurt လုပ်ငန်းစု၏ မြန်မာနိုင်ငံကိုယ်စားလှယ်ဖြစ်သူက ပြောကြားသည်။

အဆိုပါ ပြပွဲကို The Messe Frankfurt လုပ်ငန်းစုက တာဝန်ယူကျင်းပခြင်းဖြစ်သည်။ Frankfurt မြို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၈၀၀ ကျော်မှ စတင်ကာ ကုန်စည်ကူးသန်းရောင်းဝယ်ခြင်း၊ ဖလှယ်ခြင်း၊ ပြသခြင်းများဖြင့် ကုန်သည်များနှင့် စီးပွားရေးသမားများ အမြဲမပြတ် စည်ကားသည့်မြို့လည်းဖြစ်သည်။ Frankfurt မြို့၏ မြို့တော်ခန်းမနှင့် အခြားနေရာများသည် ကုန်သည်များနှင့် အမြဲပြည့်နှက်လျက်ရှိသည်။ နောက်ပိုင်းတွင် ဧရိယာအကျယ်အဝန်း ၃၅၅၆၇၈ စတုရန်းမီတာရှိသည့် ပြပွဲနေရာကို သတ်မှတ်ခဲ့ရာ ယင်းနေရာသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ပြပွဲနေရာဖြစ်လာခဲ့သည်။ ဂျာမနီနိုင်ငံ Frankfurt မြို့မှ အစုရှယ်ယာ ၆၀ ရာခိုင်နှုန်းနှင့် Husse ပြည်နယ်မှ အစုရှယ်ယာ ၄၀ ရာခိုင်နှုန်း ပိုင်ဆိုင်ထားကြောင်း သိရသည်။




**နိုင်ငံပေါင်း ၉၀ ကျော် လာရောက်ပြသ**

"မြန်မာနိုင်ငံက လုပ်ငန်းရှင်တွေကိုလည်း ပြပွဲမှာပြသနိုင်ဖို့ ဖိတ်ခေါ်ပါတယ်၊ ဒီလိုပြပွဲမှာ ပြသခွင့်ရတဲ့အခါ နိုင်ငံတကာနဲ့ ချိတ်ဆက်မှုတွေ ပိုမိုအားကောင်းလာနိုင်မယ့်အပြင် ပြည်တွင်းက လုပ်ငန်းရှင်တွေအတွက် နိုင်ငံတကာအတွေ့အကြုံတွေလည်း ရလာနိုင်မယ်"ဟု မြန်မာနိုင်ငံကိုယ်စားလှယ်က ပြောသည်။ ယခုနှစ် ဖေဖော်ဝါရီ ၉ ရက်မှ ၁၃ ရက်အတွင်း ပြပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ငါးရက်တာအတွင်း ဈေးကွက်၏လားရာ Trend ကို စီးပွားရေးပညာရှင်များက တစ်နှစ်တာအတွက် တိုင်းတာကြမည်ဖြစ်သည်။ ထို့ပြင် ကုန်ပစ္စည်းများ မှာယူရွေးချယ်ရေးဌာန၊ မီးဖိုချောင်နှင့် စားသောက်ခြင်းဆိုင်ရာ၊ အိမ်သုံးကုန်နှင့် အိမ်အလှဆင်ပရိဘောဂလုပ်ငန်းဆိုင်ရာများ ကုန်ပစ္စည်း ဒီဇိုင်းသစ်များ အားလုံးကို ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံပေါင်း ၉၀ ကျော်မှ လာရောက်ပြသကြမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

"ကျွန်မတို့က Messe Frankfurt လုပ်ငန်းစုရဲ့ မြန်မာနိုင်ငံ ကိုယ်စားလှယ်အနေနဲ့ တာဝန်ယူဆောင်ရွက်ပါတယ်၊ အဓိကကတော့ ပြပွဲကြီးမှာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံသူ တိုင်းရင်းသားလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ချင်ပါတယ်။ ဒါကလည်း မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံလိုသူတွေအတွက် ဖိတ်ခေါ်နိုင်ဖို့ အခွင့်အလမ်းလို့ မြင်ပါတယ်၊ နိုင်ငံများစွာ လုပ်ငန်းရှင်တွေ အများကြီးတွေ့ဆုံရင်းကနေ ကျွန်မတို့နိုင်ငံအတွက် အကျိုးအမြတ် ရလာနိုင်မယ်လို့လည်း ယုံကြည်တယ်၊ လူသုံးကုန်အားလုံးပြသတဲ့ပွဲထဲမှာ အကြီးဆုံးက Messe Frankfurt က ဦးစီးကျင်းပတဲ့ Anbiente ကုန်စည်ပြပွဲ ဖြစ်ပါတယ်၊ ဒါကြောင့် လုပ်ငန်းရှင်အားလုံးကို ဖိတ်ခေါ်ပါတယ်"ဟု တာဝန်ရှိသူက ပြောကြားသည်။

**တစ်သိန်းခွဲနီးပါး တက်ရောက်**

ပြီးခဲ့သည့်နှစ်က နိုင်ငံပေါင်း ၉၄ နိုင်ငံမှ ပြသသူ ၄၅၀၀ နီးပါးခန့် ရှိပြီး ပြပွဲသို့ နိုင်ငံပေါင်း ၁၅၄ နိုင်ငံမှ ဧည့်သည်ပေါင်း တစ်သိန်းခွဲနီးပါး တက်ရောက်ခဲ့ကြောင်းသိရသည်။ ယင်းပြပွဲသို့ ဂျာမနီ၊ အီတလီ၊ ပြင်သစ်၊ နယ်သာလန်၊ ဂရိတ်ဗြိတိန်၊ တရုတ်၊ စပိန်၊ အမေရိကန်၊ ဆွစ်ဇာလန်၊ တောင်ကိုရီးယားနှင့် တူရကီနိုင်ငံတို့က အများဆုံးလာရောက် ကြည့်ရှုခဲ့ကြောင်းသိရသည်။

**ခင်ရတနာ(မြန်မာ့အလင်း)**

# အာဆီယံရွှေဈေးကွက်အတွင်း လွတ်လပ်စွာ ရွှေရောင်းဝယ်နိုင်ရေး ကြိုတင်ပြင်ဆင်

**ရန်ကုန် ဇန်နဝါရီ ၁၃**

အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) မကြာမီ ပေါ်ပေါက်လာမည်ဖြစ်၍ လူဦးရေ သန်း ၆၀၀ ကျော်ရှိသည့် အာဆီယံရွှေဈေးကွက်အတွင်း လွတ်လပ်စွာ ရွှေရောင်းဝယ်နိုင်မည်ဖြစ်ရာ မြန်မာ့ရွှေလောကအကြောင်း ပိုမိုသိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေပညာသင်တန်း(ပညာဒါန)ကို ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များ အသင်းက ၁၀ ရက်ကြာ သင်ကြားပို့ချခဲ့ပြီး ဇန်နဝါရီ ၁၁ ရက်က သင်တန်းဆင်းပွဲကို ကျင်းပခဲ့သည်။

ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားရာတွင် မြန်မာ့ရွှေဈေးကွက်တွင် ကျပ်၊ ပဲ ရွှေးစနစ်နှင့် ဂရမ် အောင်စ စနစ်တို့ကို ပူးတွဲကျင့်သုံးပြီး ရွှေရည်ကို ၉၉ ဒသမ ၉၉၉၉ ရာခိုင်နှုန်းထိ သန့်စင်၍ ကမ္ဘာ့ရွှေဈေးကွက်အထိ တင်ပို့ရောင်းချနိုင်အောင် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း မြန်မာ့ရွှေအရောင်းအဝယ်လုပ်ငန်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဇန်နဝါရီ ၁၂ ရက်က စတင်ခဲ့သည့် ရွှေပညာသင်တန်းတွင် ရွှေတူးဖော်ခြင်း၊ ရွှေသန့်စင်ခြင်း၊ မီးလင်းအခေါက်ရွှေ ရောင်းဝယ်ခြင်း၊ ရွှေအပေါင်ခံခြင်း၊ ရွှေပန်းထိမ်အထည်အပ်ခြင်း၊ ရွှေဆိုင်ဖွင့်လှစ်ခြင်း၊ ရွှေဒင်္ဂါး ငွေဒင်္ဂါးနှင့် ရွှေအကြောင်း သိကောင်းစရာများ၊ ရွှေဈေးကွက်နှင့် နိုင်ငံခြားရွှေထည်များ၊ ကျောက်မျက်ပညာ၊ ရွှေချိန်တွယ်ခြင်းနှင့် ရေချိန်သိပ်သည်းဆတိုင်းတာခြင်းနှင့် စီးပွားရေးဆိုင်ရာ ဥပဒေတို့ကို သင်ကြားပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၉၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**အောင်သူရ**

# မိတ္ထီလာ အုတ်နဲ့ဘုတ်ကျေးရွာအနီးသို့ ဆောင်းခိုငှက်များ အများအပြားရောက်ရှိ ကျက်စား

**မိတ္ထီလာ ဇန်နဝါရီ ၁၃**

မိတ္ထီလာမြို့ ကျောက်ဖြူကုန်းကျေးရွာအုပ်စု အုတ်နဲ့ဘုတ်ကျေးရွာအနီးတွင် နေ့စဉ်ဆောင်းခိုငှက်အများအပြား ရောက်ရှိ ကျက်စားလျက်ရှိကြောင်း သိရသည်။(**အောက်ပုံ**)


"ဆောင်းခိုငှက်တွေလို့ပဲ သိတယ်၊ ဘာငှက်အမျိုးအစားတွေလဲတော့ မသိဘူး၊ နှစ်စဉ် ဒီဇင်ဘာလကုန်ခါနီး အချိန်ဆိုရင် စပြီးရောက်လာတယ်၊ ဖေဖော်ဝါရီလကုန်ခါနီးလောက်ဆိုရင်တော့ လာရောက်မှုမရှိတော့သလောက် ဖြစ်သွားတတ်တယ်၊ ရွာက မိတ္ထီလာမြောက်ကန်နဲ့ ကပ်နေပြီးတော့ မိုးစပါးရိတ်သိမ်းပြီးစ လယ်ကွက်တွေ၊ ကန်စပ် လယ်ကွက်တွေထဲမှာ ဆောင်းခိုငှက်တွေ နေ့စဉ် အများအပြား ဆောင်းတွင်းကာလတိုင်း ရောက်ရှိကျက်စားတာပါ၊ ဒေသခံတွေက ငါးဖမ်းတဲ့လုပ်ငန်းနဲ့ လယ်ယာလုပ်ငန်းပဲ လုပ်တာမို့ ငှက်တွေကို ဖမ်းဆီးတာမျိုးတွေလည်းမရှိတော့ တစ်နှစ် ထက်တစ်နှစ် ဆောင်းခိုငှက်တွေ လာရောက်တာ များပြားလာတာထင်ပါတယ်" ဟု အုတ်နဲ့ဘုတ်ကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာမြောက်ကန်အနီးရှိ အုတ်နဲ့ဘုတ်ကျေးရွာအနီးတွင်သာမက မိတ္ထီလာတောင်ကန်အနီးရှိ လူးခင်းကြီးရွာ၊ နွားစမ်းတောင်ရွာ၊ မုန်တိုင်ဆည်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများ ဆည်ကန်များအနီး ပတ်ဝန်းကျင်သို့လည်း နှစ်စဉ် ဆောင်းခိုငှက်များ ဝင်ရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# လျှောင်လှူပ်ခတ်ပြီးနောက် ဆည်တမံများကို နေ့ ည ဝန်ထမ်းများဖြင့် ဆက်လက်စောင့်ကြည့်သွားမည်



**တောင်ငူ ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အနောက်တောင်ဘက် ၁၇ မိုင်ခန့် အကွာကို ဗဟိုပြုပြီး အင်အားရစ်ချ်စတာစကေး ၆ ဒသမ ၀ ရှိ ငလျင်လှုပ်ခတ်သွားခဲ့ပြီးနောက် ဆည်တမံများအနေဖြင့် ထိခိုက်မှုမရှိသော်လည်း ဝန်ထမ်းများဖြင့် ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး (ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန)မှ သိရသည်။

ငလျင် လှုပ်ခတ်ခဲ့ပြီးသော်လည်း ဖြူးမြို့နယ်၊ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ရေတာရှည်မြို့နယ်များတွင် နွေစပါး လျာထားဧက ပြည့်မီအောင် အဆင်ပြေချောမွေ့စွာ ရေပေးဝေမှုကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ် ပသိဆည်တမံနှင့် ရေတာရှည်မြို့နယ် ချောင်းမကြီးဆည်တမံများအား လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရိုန်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေရရှိမှု ရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မန်းရွှေစက်တော်ဘုရားပွဲတော် စောင်းတန်းဈေးသည်များ မူလနေရာ ပြန်လည်ရောင်းချခွင့်ရရှိရေး ဆန္ဒဖော်ထုတ်

**မင်းဘူး ဇန်နဝါရီ ၁၃**

မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်အား ဇန်နဝါရီ ၂၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပတော့မည်ဖြစ်ရာ မန်းရွှေစက်တော်ဘုရားပွဲတော်ကာလ စောင်းတန်းတစ်လျှောက် ဈေးရောင်းချနေသည့် ဈေးသည်များမှ မူလနေရာ ပြန်လည်ရောင်းချခွင့်ရရှိရေးအတွက် စီတန်းလှည့်လည်ကာ ယနေ့ နံနက် ၁၀ နာရီက မင်းဘူးမြို့၌ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

စီတန်းလှည့်လည်မှုကို မင်းဘူးမြို့ အမှတ်-၃ ရပ်ကွက် အထက(၁)ကျောင်းရှေ့မှ မင်းဘူး-မကွေး ကားလမ်းတစ်လျှောက် စီတန်းလှည့်လည်ကာ မင်းဘူးမြို့ မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ရုံးအထိ ဖြစ်ပြီး ဂေါပကရုံးရှေ့၌ စောင်းတန်းဈေးသည်များ၏ ဆန္ဒတွေကို ထုတ်ဖော်ခဲ့ကြောင်း၊ ဆန္ဒထုတ်ဖော်မှုကို သက်ဆိုင်ရာကို စာတင်ပြီး ယခုလို ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း ဆန္ဒဖော်ထုတ်မှု ဦးဆောင်သူ ဦးဝင်းမြင့်သိန်းက ပြောသည်။

အထက်စက်တော်ရာသို့ တက်ရာတွင် စောင်းတန်းလေးသွယ်ရှိပြီး ဘုရားကွင်းပြင်မြင်ကွင်းအား ပိတ်ဆို့ခြင်း၊ ဘုရားစောင်းတန်းအမြင် မတင့်တယ်ခြင်းနှင့် ဘုရားဖူးများ စိတ်အနှောင့်အယှက် မဖြစ်စေရန် ရည်ရွယ်၍ ဂေါပကများက ဘုရားစောင်းတန်း ညာဘက်ခြမ်းကို သံဆန်ခါ ကာရံခဲ့သည့်အတွက် ယခုလို ဆန္ဒပြကြခြင်းဖြစ်ကြောင်းနှင့် ဂေါပက အဖွဲ့အနေဖြင့် အခြားသင့်တော်ရာ နေရာများတွင် နေရာပြန်လည်ချထားပေးသွားမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ဆန္ဒထုတ်ဖော်သူများက တရားနည်းလမ်းကျကျ၊ မျှမျှတတ စီမံဆောင်ရွက်နိုင်သော မန်းရွှေစက်တော်ဂေါပက ဥက္ကဋ္ဌ ပြန်လည်ရွေးချယ်ပေးရန်နှင့် ဈေးသည်များ၏ အခက်အခဲများကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြန်လည်ဖြေရှင်းပေးရန် ပိုစတာများ ကိုင်ဆောင်ကာ ကြွေးကြော်ခဲ့ကြပြီး နံနက် ၁၁ နာရီခွဲခန့်တွင် ဆန္ဒဖော်ထုတ်ခြင်း ပြီးဆုံးသွားကြောင်း သိရသည်။

**မေသူလွင်(မကွေး-ကိုယ်ပွား)**

# ပူတာအိုရှိ မူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး အသိပညာပေး

**ပူတာအို ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်မှုဖြင့် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၁၀ နာရီက ပူတာအိုမြို့ တောင်တထောင်ရပ်ကွက်ရှိ မောနွေလဘုရားကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပူတာအိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်ထွန်းက မှုခင်းကျဆင်းရေး၊မူးယစ်ဆေးဝါးအန္တရာယ်၊ မူးယစ် ဆေးဝါးပုဒ်မများနှင့် ပြစ်ဒဏ်များအား အသိပညာပေး ဟောပြောခဲ့သည်။ အဆိုပါအခမ်းအနားသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဖလားယာကုနှင့် ရပ်ကွက်သူ ရပ်ကွက်သား ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဗထူး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး စနစ်ကျသော ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**စစ်တွေ ဇန်နဝါရီ ၁၃**

UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ဆရာတော် သံဃာတော်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ **(ယာပုံ)** တိုင်းရင်းသားရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေး ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့အတွင်း ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်သမားများက တိုက်ခိုက်မှုဖြစ်စဉ်များ၏ နောက်ဆက်တွဲအဖြစ် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူများနှင့် ပတ်သက်၍ နိုင်ငံတကာ၏ အမြင်နှင့် ဖိအားများ၊ အစိုးရ၏ တာဝန်တစ်ရပ်အဖြစ် ၎င်းတို့အား စနစ်တကျ စိစစ်ပြန်လည် လက်ခံရန် ဆောင်ရွက်နေမှုများ၊ ပြန်လည် လက်ခံရေးစခန်း၊ ကြားစခန်းများ ဖွင့်လှစ်ရန် ကြိုတင်ဆောင်ရွက်နေမှုများနှင့် UEHRD ၏ အခြားလုပ်ငန်းစဉ်များဖြစ်သော ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခ ကင်းဝေးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် ဆရာတော်များက ရခိုင်တိုင်းရင်းသားများ လက်ရှိကြုံတွေ့နေရသော အခြေအနေများ၊ အတိတ်ကာလက ဖြတ်သန်းခဲ့ရမှုများ၊ အနာဂတ်မှာ တိုင်းရင်းသားများ အေးအေးချမ်းချမ်း နေထိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးစေလိုသော အချက်များအား မိန့်ကြားသည်။ ထို့နောက် တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညှိရိပ်သာ အစည်းအဝေးခန်းမ၌ စစ်တွေမြို့ မြို့မိမြို့ဖများ၊ စစ်တွေမြို့နယ် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ အိမ်တွင်း တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများအား ဝန်ကြီးဌာနမှ ကူညီပေးနိုင်မည့် အခြေအနေများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်နိုင်ရေး ပုဂ္ဂလိကနှင့် အစိုးရ ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များ၊ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် လူမှုအဖွဲ့အစည်းများ အချိတ်အဆက်မိမိဖြင့် ပူးပေါင်းလုပ်ကိုင်ရန် စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့အပြင် ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးအောင်ကျော်ဇံနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ရေချမ်းပြင်ကူးတို့ဆိပ်သို့ ရောက်ရှိပြီး မိုးကာတဲများ အပါအဝင် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသည့် ကုန်တင်မော်တော်ယာဉ်များ အင်ဒူမော်ဇက်ဆိပ်သို့ ရေလမ်းမှတစ်ဆင့် ပို့ဆောင်ရန်အတွက် စီစဉ်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ မော်တော်ယာဉ်များ မောင်တောဒေသသို့ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ ရောက်ရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**အားပေးစကား ပြောကြား**

ထို့နောက် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သော အစ္စလာမ်ဘာသာဝင်များအား NV ကတ် ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေနေအားသွားရောက်ကြည့်ရှု၍ ဌာနဆိုင်ရာဝန်ထမ်းများကို လုပ်ငန်းဆောင်ရွက်နေမှုအပေါ် အားပေးစကား ပြောကြားသည်။

ဒုတိယဝန်ကြီးက NV ကတ် ကိုင်ဆောင်ရခြင်း၏ အကျိုးကျေးဇူးများကို ကတ်လာရောက်လုပ်ဆောင်သူများအား ရှင်းလင်းပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး NV ကတ်များပေးအပ်ခဲ့သည်။ ယနေ့ လာရောက် ပြုလုပ်သူ ၂၄ ဦးရှိပြီး အဆိုပါရပ်ကွက်၌ NV ကတ် ပြုလုပ်ပြီးသူ စုစုပေါင်း ၃၁၇ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ပန်းတောပြင်ကျေးရွာအုပ်စု (ရွာသစ်ရွာ)သို့ ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက အဆိုပါ ကျေးရွာအား ပြန်လည်နေရာချထားမည့် မြေနေရာ အခြေအနေ၊ ကျေးရွာအတွင်း ဆောက်လုပ်မည့် အဆောက်အအုံများနှင့် စပ်လျဉ်း၍ လိုက်လံရှင်းလင်းပြသသည်။ **(ယာပုံ)**

ထို့နောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးမစ္စတာ တာရော့ခိုနိုသည် ကျေးရွာသူ၊ ကျေးရွာသားများကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ပြီး သိရှိလိုသည်များကို မေးမြန်းသည်။ **(အောက်ပုံ)**

ယင်းနောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဦးစီးအဖွဲ့နှင့်အတူ ပန်းတောပြင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာစာသင်ကျောင်းနှင့် ကျေးရွာအတွင်း လူနေမှုအခြေအနေများကို ကြည့်ရှုလေ့လာကြသည်။





ထို့နောက် တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့်သူများအား လက်ခံရန်အတွက် လက်ခံရေးစခန်းများ ပြင်ဆင်နေမှုကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တောင်ပြိုလက်ဝဲမြို့ရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် ချစ်ကြည်ရေးတံတားကို သွားရောက်ကြည့်ရှုလေ့လာကြသည်။ **အောင်ရဲသွင်၊ကိုမင်း**

# စစ်တွေမြို့ မြို့မစည်ပင်စျေးသစ်ဆောက်လုပ်ရန်အတွက် သိမ်းဆည်းခဲ့သော အိမ်နှင့် မြေဧရိယာ ဆုံးရှုံးသူများအား မြေယာလျော်ကြေးပေးအပ်

**စစ်တွေ ဇန်နဝါရီ ၁၃**

စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် ဈေးကြီးလမ်းထောင့်ရှိ မြေများကို မြို့မစည်ပင်စျေးသစ် ဆောက်လုပ်ရန်အတွက် သိမ်းဆည်းခဲ့သော အိမ်နှင့် မြေဧရိယာဆုံးရှုံးသူများအား မြေယာလျော်ကြေးပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စစ်တွေမြို့ မင်းသူရိယခန်းမ၌ ကျင်းပသည်။

မြေယာလျော်ကြေးပေးအပ်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားပြီး စစ်တွေခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က မြေယာလျော်ကြေးပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီး ဦးကျော်လွင်က အိမ်နှင့်မြေဧရိယာဆုံးရှုံးသူ ဦးမြသာပါ (၁၇) ဦးထံသို့ မြေယာလျော်ကြေး ပထမအကြိမ် ငါးဆယ်ရာခိုင်နှုန်းအဖြစ် တစ်ဦးလျှင် ငွေကျပ် သိန်းတစ်ထောင်စီ ပေးအပ်သည်။

ထို့နောက် မြေယာလျော်ကြေး လက်ခံရရှိသူများ ကိုယ်စား ဦးမောင်သာဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယခု မြေယာလျော်ကြေးပေးအပ်ခြင်းသည် ၁၉၉၂ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်တို့တွင် စစ်တွေမြို့ သန့်ရှင်းသာယာလှပရေးနှင့် စည်ပင်စျေးသစ်ဆောက်လုပ်ရန်အတွက် ဒေသဆိုင်ရာ အာဏာပိုင်များက သိမ်းဆည်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းမြေနေရာများတွင် ယခုအခါ စျေးသစ်နှင့် ငွေနဒီတိုက်တန်းများ ဆောက်လုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေယာလျော်ကြေးပေးအပ်ပွဲသို့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ စစ်တွေခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြေယာ လျော်ကြေး လက်ခံရရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်၌ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) များ ထုတ်ပေး

**စစ်တွေ ဇန်နဝါရီ ၁၃**

စစ်တွေမြို့ရှိ အောင်မင်္ဂလာရပ်ကွက်၌ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (Identity Card of National Verfication) ထုတ်ပေးခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးရာ အမျိုးသားကိုးဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၂၄ ဦး လာရောက်ပြုလုပ်ကြသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်က NV Card များ လာရောက်ပြုလုပ်သူများထံ



လက်ဝယ်ပေးအပ်သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက်ကလည်း အောင်မင်္ဂလာရပ်ကွက်၌ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVCard)များ ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ကမ္ဘာ့သက်တမ်းရင့် တိရစ္ဆာန်ဥယျာဉ်များထဲမှ တစ်ခုဖြစ်သော တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၁၁၂ နှစ်ပြည့် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကမ္ဘာ့သက်တမ်းရင့် တိရစ္ဆာန်ဥယျာဉ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၁၂ နှစ်ပြည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆိုပါ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဝင်းအတွင်း၌ ကျင်းပသည်။ **(ယာပုံ)**

ယနေ့စတင်ကျင်းပသော တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ ၁၁၂ နှစ်ပြည့် အခမ်းအနားကို ခိုင်နှင်းဝေ ပရဟိတ လူငယ်များအသင်းနှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) တို့ ပူးပေါင်းကျင်းပခြင်း ဖြစ်သည်။ ဇန်နဝါရီ ၁၃ ရက်နှင့် ဇန်နဝါရီ ၁၄ ရက် **(ယနေ့)**တို့တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပျော်ပွဲရွှင်ပွဲများ၊ ပြည်တွင်းအနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး နှစ်ရက်အတွင်း ဈေးဆိုင်ခန်းများမှ ရရှိသော အကျိုးအမြတ် တချို့တစ်ဝက်ကို ခိုင်နှင်းဝေ ပရဟိတလူငယ်များအသင်းသို့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယခု ၁၁၂ နှစ် ပြည့်တွင် ဇန်နဝါရီ ၁၃ ရက်၌ ပြည်တွင်း အနုပညာရှင်များ၊ သံချပ်အဖွဲ့၊ မီနီဂိမ်းနှင့် မျက်လှည့်အဖွဲ့များ လာရောက်ဖျော်ဖြေခဲ့ကြသည်။ ဇန်နဝါရီ ၁၄ ရက်**(ယနေ့)**တွင်လည်း ပြည်တွင်း အနုပညာရှင်များ ဖြစ်သော နေမင်း၊ အကယ်ဒမီ စိုးပြည့်သဇင်၊ ဆုပန်ထွာ၊ လုမျိုးသဉ္ဇာနွယ်၊ ပွင့်နဒီမောင်၊ ရိုတနဲ့ စိုးသီဟတို့ လာရောက်ဖျော်ဖြေကြမည်ဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၁၁၂ နှစ်ပြည့် ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှဌေး၊ Htoo Zoos & Gardens Business Unit မှ Senior Chief Vet ဒေါက်တာမြင့်သိန်း၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် သရုပ်ဆောင် ခိုင်နှင်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ပြီးခဲ့သောနှစ် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ၏ ၁၁၁ နှစ်ပြည့်တွင် ပြည်သူသုံးသောင်းကျော် လာရောက်အားပေးကြည့်ရှုခဲ့ကြပြီး ယခုနှစ် ၁၁၂ နှစ် ပြည့်တွင်လည်း လာရောက်ကြည့်ရှုအားပေးမှု ပိုမိုများပြားမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ကို ၁၉၀၁ ခုနှစ်၌ ပြည်သူလူထုလှူဒါန်းခဲ့သော ငွေကျပ် ၂၄၀၀၀၀ ဖြင့် မြေဧက ၆၀ ပေါ်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ ၁၉၀၆ ခုနှစ် ဇန်နဝါရီလတွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး "ဝိတိုရိယဘုရင်မပန်းခြံနှင့် တိရစ္ဆာန်ဥယျာဉ်"ဟု အမည် မှည့်တွင်ကာ ပြည်သူလူထုကို စတင်ဖွင့်လှစ်ပြသခဲ့သည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**



တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ၁၁၂ နှစ်ပြည့်နေ့တွင် လာရောက်ကြည့်ရှုသည့် ပြည်သူများအား တွေ့ရစဉ်။ ဓာတ်ပုံ- မင်းထက်

# ငလျင်များခပ်စိပ်စိပ်လှုပ်လာခြင်းသည် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် သတိပေးနေခြင်းဖြစ်

**သတင်း- မင်းသစ် (MNA)**

**မြန်မာနိုင်ငံ ပြည်တွင်းကို ဗဟိုပြု၍ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ယနေ့အချိန်ထိ ငလျင်များ ခပ်စိပ်စိပ်လှုပ်လာခြင်းသည် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်အတွက် သတိပေးနေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ပြောသည်။**

"ငလျင်တွေ ခပ်စိပ်စိပ်လှုပ်လာတာ အရမ်းကြီးကြောက်ဖို့တော့ မလိုဘူး၊ ကံကောင်းတာက ဒီငလျင်လှုပ်တာတွေက ပြင်ဆင်ချိန်ပေးနေသလိုပဲ၊ ပြင်ဆင်ချိန်ရတယ်၊ မိသားစုလိုက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ရမယ်၊ အုပ်ချုပ်မှုပိုင်းကလည်း အုပ်ချုပ်မှုအပိုင်းအလျောက် ကြိုတင်ပြင်ဆင်ထားရမယ်၊ ကြိုတင်ပြင်ဆင်မှုအားကောင်းမယ်ဆိုရင် ငလျင်လှုပ်ခဲ့မယ်ဆိုရင်တောင် ဆုံးရှုံးမှု၊ ပျက်စီးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနဲ့ သေကျေမှုတွေ ထိုက်သင့်သလောက်အထိ လျှော့ချနိုင်မယ်"ဟု ဒေါက်တာ မျိုးသန့်က ပြောသည်။

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၉ မိနစ် ၅၂ စက္ကန့်အချိန်တွင်လည်း ရန်ကုန် မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၃ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သိရသည်။

"ဒီနေ့ ရန်ကုန်မှာလှုပ်တဲ့ ငလျင်က ရန်ကုန်မြို့ရဲ့ အနောက်ဘက်မှာရှိတဲ့ ပြတ်ရွေ့တွေက လှုပ်တာ ဖြစ်နိုင်သလို ပြီးခဲ့တဲ့နှစ် တိုက်ကြီးမှာလှုပ်ခဲ့တဲ့ အနောက်ပဲခူးရိုးမပြတ်ရွေ့ကလည်း လှုပ်တာဖြစ်နိုင်တယ်၊ ပြတ်ရွေ့အကြီးကြီးဖြစ်တဲ့ ရန်ကုန်မြို့နဲ့ ကီလိုမီတာ ၃၀ မှာရှိတဲ့ စစ်ကိုင်းပြတ်ရွေ့လို ပြတ်ရွေ့က လှုပ်မယ်ဆို ပိုသတိထားရမယ်"ဟု ဒေါက်တာ မျိုးသန့်က သုံးသပ်ပြောကြားသည်။


### ငလျင်မှတ်တမ်းအရ သိရ

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံ ပြည်တွင်းကို ဗဟိုပြု၍ ငလျင် ၁၈ ကြိမ် လှုပ်ခတ်ခဲ့ရာ ထိုအထဲတွင် ဇန်နဝါရီ ၁၂ ရက် မြန်မာစံတော်ချိန် ၀၀ နာရီ ၅၆ မိနစ် ၂၃ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင် စခန်းမှ မြောက်ဘက် ၁၀၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း ပဲခူးတိုင်းဒေသကြီး ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာကို ဗဟိုပြု၍ လှုပ်ရှားခဲ့သည့် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ မြေငလျင်သည် အင်အားအသင့်အတင့် ပြင်းထန်မှုရှိသော ငလျင်ဖြစ်ကြောင်း ငလျင်မှတ်တမ်းအရ သိရသည်။

"ဖြူးငလျင်ကတော့ မက်ဂနီကျူကလည်း များတယ်၊ ဇောက်ကလည်း တိမ်တဲ့အခါကျတော့ အင်အားပြင်းတယ်လို့ ပြောနိုင်တယ်၊ ငလျင်ဗဟိုနေရာက ရပ်ရွာတို့၊ မြို့တို့နဲ့ လှမ်းတဲ့နေရာဖြစ်နေတော့ သက်သာသွားတယ်"ဟု ဒေါက်တာမျိုးသန့်က ပြောသည်။

ဇန်နဝါရီ ၁၂ ရက်က လှုပ်ခတ်ခဲ့သည့် ဖြူးငလျင်သည် အနောက်ပဲခူးရိုးမပြတ်ရွေ့မြောက်ဘက်အစွန်းမှ လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်က လှုပ်ခတ်ခဲ့သည့် တိုက်ကြီးငလျင်သည် အနောက်ပဲခူးရိုးမ ပြတ်ရွေ့တောင်ဘက်အစွန်းမှ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌက ပြောသည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ငလျင် ၁၈ ကြိမ် လှုပ်ခတ်ခဲ့ရာ ဇန်နဝါရီ ၁ ရက် မြန်မာစံတော်ချိန် ၂၃ နာရီ ၄၁ မိနစ် ၂၀ စက္ကန့်အချိန်တွင် ကလေးဝမြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်၊ ဇန်နဝါရီ ၂ ရက် မြန်မာစံတော်ချိန် ၁၀ နာရီ ၃၁ မိနစ် ၀၈ စက္ကန့်အချိန်တွင် ကလေးဝမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်၊ ဇန်နဝါရီ ၂ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ ၄၃ မိနစ် ၀၁ စက္ကန့်အချိန်တွင် သပိတ်ကျင်းမြို့၏ တောင်ဘက် နှစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်၊ ဇန်နဝါရီ ၄ ရက် မြန်မာစံတော်ချိန် ၂ နာရီ ၃၀ မိနစ် ၃၅ စက္ကန့်အချိန်တွင် မိုးညှင်းမြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်၊ ဇန်နဝါရီ ၆ ရက် မြန်မာစံတော်ချိန် ၄ နာရီ ၂၀ မိနစ် ၄၆ စက္ကန့်အချိန်တွင် ကလေးဝမြို့၏ တောင်-အရှေ့တောင်ဘက် ၁၉ မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၇ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်၊ ဇန်နဝါရီ ၇ ရက် မြန်မာစံတော်ချိန် ၀၅ နာရီ ၂၆ မိနစ် ၅၉ စက္ကန့်အချိန်တွင် ဂွမြို့၏ အရှေ့မြောက်ဘက် မိုင် ၂၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိ သော မြေငလျင်၊ ဇန်နဝါရီ ၇ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ ၁၇ မိနစ် ၁၄ စက္ကန့်အချိန်တွင် ဟုမ္မလင်းမြို့၏ အနောက်တောင်ဘက် ၁၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်တင့်ရှိသော မြေငလျင်၊ ဇန်နဝါရီ ၁၀ ရက်







မြန်မာစံတော်ချိန် ၀၉ နာရီ ၁၁ မိနစ် ၀၅ စက္ကန့်အချိန်တွင် ကျောက်ထုမြို့၏ တောင်-အနောက် တောင်ဘက် ၁၃ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်၊ ဇန်နဝါရီ ၁၂ ရက် မြန်မာစံတော်ချိန် ၀၀ နာရီ ၅၆ မိနစ် ၂၃ စက္ကန့်အချိန်တွင် ဖြူးမြို့၏ အနောက်-အနောက်တောင်ဘက် ၁၇ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့် ရှိသော မြေငလျင်၊ ဇန်နဝါရီ ၁၂ ရက် မြန်မာစံတော်ချိန် ၁၀ နာရီ ၄၆ မိနစ် ၀၄ စက္ကန့် အချိန်တွင် ဖြူးမြို့၏ အနောက်တောင်ဘက် ၂၀ မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်၊ ဇန်နဝါရီ ၁၂ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ ၅၉ မိနစ် ၄၈ စက္ကန့် အချိန်တွင် ဟုမ္မလင်းမြို့၏ အရှေ့မြောက်ဘက် ၂၃ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ မြန်မာစံတော်ချိန် ၂၀ နာရီ ၅၃ မိနစ် ၅၆ စက္ကန့်အချိန်တွင် ဖြူးမြို့၏ အနောက်တောင်ဘက် ၂၀ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်နှင့် နောက်ဆက်တွဲ မြေငလျင်လေးကြိမ် လှုပ်ခတ်ခဲ့သည်။

### ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များအရ

ယနေ့ ဇန်နဝါရီ ၁၃ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ ၄၉ မိနစ် ၅၂ စက္ကန့်အချိန်တွင် ထန်းတပင်မြို့၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၃ ဒသမ ၉အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်နှင့် မြန်မာစံတော်ချိန် ၂၀ နာရီ ၂၀ မိနစ် ၂၅ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ မြောက်ဘက် ၁၀၈ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ မြေငလျင်များ လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် အအေးပိုနေမည်။

**မိုး/ဇလ**

## တိုင်းရင်းဆေးရုံကြီး ခုတင် ၁၀၀ နေပြည်တော်မှ အခမဲ့ကွင်းဆင်းကုသပေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာန ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်)မှ အခမဲ့ကွင်းဆင်းဆေးကုသပေးမှုကို ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းကျေးရွာအုပ်စု သဲကျွန်းကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆေးကုသရာတွင် ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်က 'အစာသည်ဆေး လွန်လျှင်ဘေး' ခေါင်းစဉ်ဖြင့် ဟောပြောပြီး ရာအိမ်မှူး ဦးအောင်ဝင်းနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ပံ့ပိုးမှုနှင့်အတူ ဒေသခံများတွင် ဖြစ်ပေါ်လျက်ရှိသော အရိုးအဆစ်၊ ထုံကျင်ကိုက်ခဲ၊ မီးယပ်၊ သွေးတိုး၊ လေငန်း၊ ဆီးချိုစသည့်ရောဂါများကို အခမဲ့ကုသပေးပြီး ဆေးရုံတက်ရောက်ရမည့် လူနာအား ညွှန်ပို့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုရှုပ(နေပြည်တော်)**

# မင်္ဂလာဒုံ ဥယျာဉ် သစ်ခွပြပွဲ(၂၀၁၈)ကျင်းပ၊ ဝါသနာရှင်များနှင့် စိတ်ပါဝင်စားသူများလာရောက်လေ့လာ

**ရန်ကုန် ဇန်နဝါရီ ၁၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝ နည်းပညာဌာနခွဲနှင့် ပုဂ္ဂလိက သစ်ခွစိုက်ပျိုးထုတ်လုပ်သူများ ပူးပေါင်းစီစဉ်သည့် မင်္ဂလာဒုံ ဥယျာဉ် သစ်ခွပြပွဲ(၂၀၁၈) ကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ မင်္ဂလာဒုံ ဥယျာဉ်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးနှင့် ကျေးလက်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်လင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်တို့က အမှာ စကားပြောကြားပြီး မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာစောလွင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က မင်္ဂလာဒုံဥယျာဉ် သစ်ခွပြပွဲ(၂၀၁၈) အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြပွဲအတွင်း ခင်းကျင်းပြသထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါပြပွဲနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က "သစ်ခွနဲ့ပတ်သက်ပြီး ကာလအတန်ကြာ ပြည်သူတွေစိတ်ဝင်စားအောင် မလုပ်နိုင်ခဲ့ပါဘူး။ ဒီကနေ့မှာတော့ သစ်ခွနဲ့ပတ်သက်ပြီး ပြည်သူလူထု စိတ်ဝင်စားဖို့ ပြပွဲလုပ်တာပါ။ ဒီဥယျာဉ်မှာ ၁၇ နှစ်ကြာမှ သစ်ခွပြပွဲဆိုပြီး ပြန်လည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ သစ်သီးဝလံ၊ ပန်းမန်နဲ့ ပတ်သက်လို့လည်း ပြည်သူလူထု ပတ်ဝန်းကျင်ကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သိလာစေဖို့အတွက်ကိုလည်း ရည်ရွယ်ပါတယ်"ဟု ပြောသည်။

အဆိုပါ သစ်ခွပြပွဲကို ဇန်နဝါရီ၁၃ ရက်မှ ၁၇ ရက်အထိ ၅ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသသွားမည် ဖြစ်သည်။ ပြပွဲတွင် မြန်မာ့သစ်ခွ ၃၅ မျိုး၊ ဆေးဖက်ဝင်သစ်ခွ ၂၀ နှင့် စိုက်မျိုးသစ်ခွ ၄၅ မျိုးတို့ကို ပြသထားသည့်အပြင် ပညာပေးပြကွက်နှင့် အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရာ သစ်ခွပညာရှင်များ၊ ဝါသနာရှင်များနှင့် စိတ်ပါဝင်စားသူများ လာရောက်လေ့လာ ဝယ်ယူကြသည်။

ပြပွဲနှင့်ပတ်သက်၍ မင်္ဂလာဒုံ ဥယျာဉ် သစ်ခွခြံတာဝန်ခံ ဦးစီးအရာရှိ ဒေါ်စောယုထွေးက "ဒီပြပွဲမှာဆိုရင် သစ်ခွမျိုးစိတ် စုစုပေါင်း ၁၀၀ ခန့် ပါပါတယ်၊ ဒီပြပွဲမှာ မူလသစ်ခွပြကွက် ခုနစ်ခုကို ဖွင့်လှစ်ပြသထားတဲ့အပြင် သစ်ခွစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး အသိပညာပေးပြခန်းတစ်ခန်းကိုလည်း ဖွင့်လှစ်ပေးထားပါတယ်၊ သစ်ခွကို ပြည်သူတွေ ပိုမိုစိတ်ဝင်စားလာအောင် သစ်ခွနဲ့ အနုပညာကဏ္ဍပေါင်းစပ်ပြီး ပြသထားတာပါ၊ လာရောက်လေ့လာတဲ့သူတွေကိုလည်း မိမိအိမ်ခြံဝင်းထဲမှာ ကိုယ်တိုင် စိုက်ပျိုးနိုင်အောင် နည်းပညာဖြန့်ဖြူးတဲ့အနေနဲ့ ပညာပေးကဏ္ဍကို စီစဉ်ပေးထားပါတယ်" ဟုပြောသည်။



ထို့အပြင် မင်္ဂလာဒုံဥယျာဉ်နှင့် သစ်ခွပြပွဲ၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် သစ်ခွများကို တစ်သျှူးမွေးမြူရေးစနစ်ဖြင့် ထုတ်လုပ်မျိုးပွားပုံများကို ပညာရေးပြကွက်များအနေဖြင့် ပြသထားသည့်အပြင် အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာ့မျိုးရင်းသစ်ခွများအကြောင်းကို တန်ဖိုးထား လေ့လာသွားနိုင်ရန် မြန်မာနိုင်ငံမှ လူငယ်ဒီဇိုင်နာများ ဦးစီးထားသည့် MOPA Design နှင့် Yangon , School of Interior Design (YSiD) မှ ကျောင်းသား ကျောင်းသူများ ဖန်တီးထားသည့် ဒီဇိုင်းများ၊ အနုပညာလက်ရာများကို အပင်များနှင့် ပေါင်းစပ်ကာ ထူးခြားသည့် အပြင်အဆင်များဖြင့် ပြသထားကြောင်း သိရသည်။

ပြည်သူများအနေဖြင့် သစ်ခွပန်းမန်ပင် စိုက်ပျိုးနည်းများကို သိရှိလာစေရန်၊ အိမ်ခြံဝင်း၊ ဈေးဆိုင်တည်ဆိုသကဲ့သို့ နေရာကျဉ်းကျဉ်းဖြင့် အိမ်တိုင်း ဟင်းသီးဟင်းရွက်များအပြင် ပန်းမန်များ တစ်ပိုင်တစ်နိုင် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်၍ အဆိုပါပြပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး**

# YBS (၂၀)တွင် လိုက်ပါလာသည့်ခရီးသည် အမျိုးသမီးတစ်ဦးကို ဆဲဆိုကြိမ်းမောင်းသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇန်နဝါရီ ၁၃**

၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်က YBS (၂၀) မော်တော်ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အမျိုးသမီးတစ်ဦးအား ခါးပိုက်နှိုက်စဉ် သိရှိသွား၍ ခါးပိုက်နှိုက်သူများက ဆဲဆိုကြိမ်းမောင်းပြောဆိုခဲ့မှုအား လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖော်ပြပါရှိသည့် ပြစ်မှုကျူးလွန်သူများအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၁ ရက်က လှိုင်သာယာမြို့နယ်မှ သခင်မြပန်းခြံအထိပြေးဆွဲသော YBS (၂၀) ယာဉ်ပေါ်သို့လိုက်ပါလာသူ အမျိုးသမီးမှာ ခါးပိုက်နှိုက်ခံရကြောင်း၊ ပစ္စည်းဆုံးရှုံးခြင်းမရှိကြောင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ပြောဆိုအသိပေးခဲ့သဖြင့် ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းထိပ် မီးပွိုင့်အရောက်တွင် အမျိုးသားနှစ်ဦး ဆင်းသွားပြီး အဆိုပါ အမျိုးသမီးနှင့် ယာဉ်မောင်းတို့အား ဆဲဆိုကြိမ်းမောင်း ပြောဆိုခဲ့ကြောင်း စမ်းချောင်းမြို့မရဲစခန်းသို့ တိုင်တန်းခဲ့သဖြင့် အမှုဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ YBS (၂၀) ယာဉ်လိုင်းပေါ်တွင် တပ်ဆင်ထားသည့် CCTV မှတ်တမ်းအား စစ်ဆေးရာမှ ပြစ်မှုကျူးလွန်သူများမှာ ယခင်က ခါးပိုက်နှိုက်မှုဖြင့် ပြစ်ချက်ဟောင်းရှိသူ သန်လျင်မြို့နယ် လက်ယက်စမ်း ကျေးရွာနေ စိုးလင်းထိုက် (ခ)ဖိုးလုံး၊ ကြည့်မြင်တိုင်မြို့နယ်နေ မြင့်နိုင်(ခ)ကုလား၊ ကျော်လင်းထက်နှင့် ထွန်းထွန်းတို့ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှုဌာနခွဲမှ ရဲအုပ် ဝင်းမင်းထွန်းနှင့်အဖွဲ့က ဇန်နဝါရီ ၉ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် YBS(၃၆)ယာဉ်လိုင်းပေါ်သို့ အသွင်ယူလိုက်ပါလာစဉ် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းမကြီး (ဃ)ဈေးမှတ်တိုင်၌ ခါးပိုက်နှိုက် စိုးလင်းထိုက်(ခ)ဖိုးလုံး (၃၂)နှစ်၊ ကျော်လင်းထက်(၂၁)နှစ်နှင့် ဝင်းကျော်ကျော်(ခ) အူစမန်(၄၁) နှစ်တို့အား ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ စစ်ဆေးပေါ်ပေါက်ချက်အရ အောက်တိုဘာ ၃၁ ရက်က စိုးလင်းထိုက်(ခ)ဖိုးလုံး၊ ကျော်လင်းထက်၊ ထွန်းထွန်း၊ မြင့်နိုင် (ခ)ကုလားနှင့် အတူပါရှိလာသည့် အမျိုးသားသုံးဦး စုစုပေါင်း ခုနစ်ဦးတို့က ကြည့်မြင်တိုင်မြို့နယ် ကျောင်းရှေ့မှတ်တိုင်မှ မြေနီကုန်းသို့သွားသည့် YBS(၂၀) ယာဉ်လိုင်းပေါ်တွင် လိုက်ပါလာခဲ့ပြီး ခရီးသည် အမျိုးသမီးတစ်ဦးအား ခါးပိုက်နှိုက်စဉ် သိရှိသွားသဖြင့် ယာဉ်မောင်းနှင့် ယာဉ်အကူတို့အား ပြောကြားခဲ့ခြင်းကြောင့် အင်းလျားလမ်းနှင့် ဓမ္မစေတီလမ်း မီးပွိုင့်အရောက်တွင် ဆင်းခဲ့ပြီး ယာဉ်မောင်း၊ ယာဉ်အကူနှင့် ခါးပိုက်နှိုက်ခံရသူ အမျိုးသမီးတို့အား ဆဲဆိုကြိမ်းမောင်းခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူ စိုးလင်းထိုက်(ခ)ဖိုးလုံးနှင့် ကျော်လင်းထက်တို့အား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ထွက်ပြေးတိမ်းရှောင်နေသူ ကုလား(ခ)မြင့်နိုင်၊ ထွန်းထွန်းနှင့်အမည်မသိ အမျိုးသားသုံးဦးတို့အား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကယ်များကို ကြိုးဖြင့်တားပြီး လုယက်ရန် ကြံစည်သူနှစ်ဦးအား ဖမ်းဆီးရမိ

**အမရပူရ ဇန်နဝါရီ ၁၃**

အမရပူရမြို့နယ် စစ်ကိုင်း-မန္တလေးလမ်းမပေါ်တွင် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီက ဆိုင်ကယ်စီးသူများကို ကြိုးဖြင့် တား၍ လုယက်ရန်ကြံစည်သူနှစ်ဦးအား အချိန်တိုအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

အမရပူရမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အေး ကျော်၏ ကြီးကြပ်မှုဖြင့် အမရပူရမြို့မရဲစခန်းမှူး ဒုရဲမှူး မိုးသူရိန်နှင့်အဖွဲ့ သည် သတင်းအရ စစ်ကိုင်း-မန္တလေး ဒွေးလမ်းတံတားဖြူအနီး လမ်းအနောက်ဘက်ခြမ်းရှိ သစ်ပင်အားကြိုးဖြင့် ချည်နှောင်ကာ ကျန်ကြိုးတစ်စအား လမ်းကို ကန့်လန့်ဖြတ်၍ လမ်းအရှေ့ဘက်ခြမ်းတွင် ချထားပြီး ယင်းအနီးတွင် ဆိုင်ကယ်ဖြင့် လူငယ်နှစ်ဦးအား မသင်္ကာဖွယ် တွေ့ရှိရသဖြင့် သွားရောက်ခဲ့ရာ အဆိုပါလူငယ်နှစ်ဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ ကျန်ခဲ့သည့် စူပါကပ်ဆိုင်ကယ်တစ်စီး၊ အရှည် ၃၈ တောင်ရှိ နိုင်လွန်ကြိုးတစ်ချောင်း၊ ဘောင်းဘီသုံးထည်၊ တီရှပ်နှစ်ထည်ပါရှိသော ကျောပိုးအိတ်တစ်လုံး သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ထွက်ပြေးသွားသူနှစ်ဦးအား ဖမ်းဆီးရမိရေး ရှာဖွေဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၂ ရက် နံနက် ၂ နာရီတွင် စစ်ကိုင်း-မန္တလေးကားလမ်း ငယ်တိုးကျေးရွာအုပ်ချုပ်ရေးမှူးရုံးအနီးတွင် အကွက်-၁၂၈ မာလကာခြံရပ် အောင်မြေသာစံမြို့နယ်နေထိုင်သူများဖြစ်ကြသော သူနိုင်နှင့် ဖြိုးမောင်မောင် (ခ)ဇော်ထက်အောင်တို့ထံမှ အရိုး ငါးလက်မ၊ အသွား ရှစ်လက်မခန့်ရှိ စတီးဓားတစ်ချောင်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**



**ဖားကန့်မြို့နယ် ကပ်မော်ဇွပ်ကျေးရွာအုပ်စု တံတားညီနောင်ကျေးရွာနှင့် ပြားအုံကျေးရွာကြား ဖားကန့်-ကာမိုင်းသွား လမ်းမပေါ်၌ ဇန်နဝါရီ ၁၃ ရက်က ဆီပီပါ သယ်ဆောင်လာသော ယာဉ်တစ်စီး ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။** မင်းမင်းဦး

# ပိုလ်ကြီးတစ်ဦးဖြစ်သည်ဟု လိမ်ပြောပြီး မြေကွက်များကျူးကျော်အကွက်ရိုက် ရောင်းချသူကို ဖမ်းဆီးအရေးယူ

**မြဝတီ ဇန်နဝါရီ ၁၃**

မြဝတီမြို့နယ် သဃ်န်းညီနောင်ရွာသစ်တွင် တပ်မတော်မှ ဗိုလ်ကြီးဟုဆိုပြီး ကုမ္ပဏီတစ်ခုပိုင် မြေနေရာအား အကွက်ရိုက် ရောင်းစားနေသူတစ်ဦးကို ဖမ်းဆီးရမိအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၂ ရက်နေ့ နံနက် ၈ နာရီခွဲက မြဝတီကုန်သွယ်ရေးဇုန် မြောက်ဘက် စီးပွားရေးဇုန်ရှိ ညီနောင်ဦး ကုမ္ပဏီပိုင်မြေနေရာသို့ ထက်ဝေယံအောင်နှင့် ဒေါ်ခင်သူဇာတို့ နှစ်ဦးအနက် ထက်ဝေယံအောင်က ၎င်းမှာ DSAကျောင်းဆင်းဖြစ်ပြီး ဗိုလ်ကြီးတစ်ဦးဖြစ်သည်ဟု ပြောဆိုကာ လွန်ခဲ့သည့် တစ်လခန့်က ညီနောင်ဦးကုမ္ပဏီပိုင်မြေနေရာ ဧက ၂၀၀ ထဲမှ မြေ အချို့အား စက်များဖြင့်ထိုးကာ အလုပ်သမားများဖြင့် အကွက်ရိုက်ပြီး မသိနားမလည်သူများအား ရောင်းစားနေကြောင်း သတင်းရရှိထားသဖြင့် ကုမ္ပဏီပိုင်ရှင် ဦးစောညီညီနှင့် နယ်ခြားစောင့်တပ်မှ ဗိုလ်မှူးခင်မောင်ဝင်းက ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ၎င်းတို့နှစ်ဦးလာမည်ဆိုသည်ကို သတင်းရရှိသည့်အတွက် စောင့်ဆိုင်းဖမ်းဆီးရာ ထက်ဝေယံအောင်ဆိုသူက အမှတ် (၂၇၅)ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးဖြစ်သည်ဟု ပြောသဖြင့် ၎င်းကို အခြေချစစ်ဗျူဟာသို့ အပ်နှံပေးခဲ့သည်။

ထို့နောက် စစ်ဆေးမေးမြန်းရာတွင် ထက်ဝေယံအောင်သည် ဗိုလ်ကြီးမဟုတ်ဘဲ လိမ်လည်ကာ အယောင်ဆောင်သည်ဟု သိရသည့်အတွက် သဃ်န်းညီနောင်နယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ သဃ်န်းညီနောင် နယ်မြေရဲစခန်းမှူး ရဲအုပ်မြဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၏ စစ်ဆေးမေးမြန်းချက်အရ ထက်ဝေယံအောင်မှာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကြည့်မြင်တိုင် အောက်လမ်းမကြီး သီရိလမ်းတွင် နေထိုင်သူဖြစ်ကြောင်းနှင့် ဒေါ်ခင်သူဇာနှင့်အတူ ညီနောင်ဦးကုမ္ပဏီပိုင် မြေနေရာအား အကွက်ရိုက်ရောင်းချနေကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့ကို သဃ်န်းညီနောင်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## သဘာဝဓာတ်ငွေ့နှင့် ရေနံရှာဖွေရေး တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ ရေကြောင်းသတိပေးချက် ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar သည် ကမ်းလွန်လုပ်ကွက်အမှတ် YWB နှင့် MD-4 တို့တွင် 3D Seismic Survey လုပ်ငန်းများကို MV POLAR EMPRESS ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာရေိယာများဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၁၉ မိနစ် ၄၄ ဒသမ ၁၆၀၈စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် ၃၁ ဒသမ ၂၉၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၉ မိနစ် ၃၆ ဒသမ ၂၈၂စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၇ မိနစ် ၄၉ဒသမ ၅၈၃ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၉ မိနစ် ၄၂ ဒသမ ၄၀၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၉ မိနစ် ၅၄ ဒသမ ၆၅၉ စက္ကန့်၊ Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၀ မိနစ် ၀၀ ဒသမ ၇၉၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၈ မိနစ် ၅၆ ဒသမ ၃၈၃ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၆ မိနစ် ၀၀ ဒသမ ၂၆၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၂၈ ဒသမ ၁၉၂ စက္ကန့်။

Point F မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၃ မိနစ် ၃၆ ဒသမ ၇၁၃စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄ မိနစ် ၁၉ ဒသမ ၂၈၄ စက္ကန့်၊ Point G မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၈ မိနစ် ၄၇ ဒသမ ၄၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄ မိနစ် ၀၅ ဒသမ ၉၆၀ စက္ကန့်၊ Point H မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၃၀ မိနစ် ၄၇ ဒသမ ၄၆၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၁ မိနစ် ၄၂ ဒသမ ၆၂၂ စက္ကန့်၊ Point I မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂၀ မိနစ် ၁၄ ဒသမ ၅၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၂ မိနစ် ၃၆ ဒသမ ၄၀၈ စက္ကန့်၊ Point J မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၄၁ မိနစ် ၂၃ ဒသမ ၄၃၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄ မိနစ် ၂၀ ဒသမ ၇၈၂ စက္ကန့်။

Point K မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၈ မိနစ် ၅၈ ဒသမ ၁၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၇ မိနစ် ၁၅ ဒသမ ၃၀၉ စက္ကန့်၊ Point L မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၉ မိနစ် ၄၄ ဒသမ ၁၉၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄ မိနစ် ၂၀ ဒသမ ၇၄၁ စက္ကန့်၊ Point M မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၉ မိနစ် ၁၆ ဒသမ ၈၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀ မိနစ် ၄၈ ဒသမ ၁၂၇ စက္ကန့်၊ Point N မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၁၂ မိနစ် ၁၄ ဒသမ ၂၃၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၇ မိနစ် ၀၃ ဒသမ ၇၂၇ စက္ကန့်၊ Point O မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၂ မိနစ် ၃၃ ဒသမ ၆၆၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၃၃ ဒသမ ၁၁၅ စက္ကန့်။

Point P မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၂၄ မိနစ် ၂၆ ဒသမ ၀၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၀ မိနစ် ၃၈ ဒသမ ၂၉၈ စက္ကန့်၊ Point Q မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၄၉ မိနစ် ၅၇ ဒသမ ၉၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၉ မိနစ် ၀၆ ဒသမ ၆၁၈ စက္ကန့်နှင့် Point R မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၀၀ မိနစ် ၁၂ ဒသမ ၆၄၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၄ မိနစ် ၂၆ ဒသမ ၈၀၂ စက္ကန့်အတွင်းတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ မေ ၃၁ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် YWB နှင့် MD-4 တို့တွင် 3D Seismic Survey လုပ်ငန်းများကို MV POLAR EMPRESS ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်း သွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## အများပြည်သူသို့ အသိပေးပန်ကြား

၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်း ကြိုးဆွဲထားခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ တာဝါတိုင်အမှတ် (၅၅) နှင့် (၅၆) ကြား၌ လှိုင်သာယာ-တွံတေး ကားလမ်းမကြီး၊ ၃၃ ကေဗွီ ကနောင်- ခနောင်တို-တွံတေး ဓာတ်အားလိုင်း၊ ၃၃ ကေဗွီ ကနောင်-ကွမ်းခြံကုန်း-ဒေးဒရဲ ဓာတ်အားလိုင်းနှင့် ၆ ဒသမ ၆ ကေဗွီ တွံတေး-လေကြောင်းရန် ဓာတ်အားလိုင်းများအား ဖြတ်ကျော်၍ (၁၄-၁-၂၀၁၈) ရက်နေ့ (တနင်္ဂနွေနေ့)၊ (၁၅-၁-၂၀၁၈)ရက်နေ့(တနင်္လာနေ့)နှင့် (၁၈-၁-၂၀၁၈) ရက်နေ့ (ကြာသပတေးနေ့)တို့တွင် နံနက် (၀၈း၀၀)နာရီမှ ညနေ (၁၇း၀၀)နာရီ အတွင်း လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တွံတေးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်များအတွင်း နေထိုင်သော မိဘပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း**

## KBZ Bank U-13 အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲများ ပြီးဆုံး

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အမျိုးသမီးလိဂ်ကော်မတီနှင့် KBZ Bank တို့၏ အဓိကပံ့ပိုး ကူညီမှုဖြင့် ကျင်းပသည့် KBZ Bank U-13 Girls Tournament 2018 (States & Regions) ပြိုင်ပွဲ အုပ်စု (က) နောက်ဆုံးပွဲများကို ယနေ့နံနက်ပိုင်းက သုဝဏ္ဏ မြက်ခင်းတုကွင်း၌ ကျင်းပရာ တနင်္သာရီနှင့် ကချင်အသင်းတို့ နိုင်ပွဲများရခဲ့သည်။

နောက်ဆုံးနေ့တွင် တနင်္သာရီအသင်းက ရန်ကုန်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိ၊ ကချင်အသင်းက ကရင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က)မှ တနင်္သာရီနှင့် ရှမ်း(မြောက်)၊ အုပ်စု (ခ)မှ ရှမ်း(တောင်) နှင့် မကွေး၊ အုပ်စု (ဂ) မှ ရှမ်း(အရှေ့) နှင့် ဧရာဝတီ၊ အုပ်စု (ဃ) မှ စစ်ကိုင်းနှင့် နေပြည်တော်အသင်းတို့ ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ် ပွဲစဉ်များကို ဇန်နဝါရီ ၁၄ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

**ဖိုးသော်ဇင်**



မြဝတီအသင်းနှင့် မကွေးအသင်း ယှဉ်ပြိုင်နေစဉ်။

## တန်းတက် မြဝတီအသင်း မကွေးကို သရေကစား

**ရန်ကုန် ဇန်နဝါရီ ၁၃**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) တတိယနေ့ကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ကျင်းပရာ မြဝတီအသင်းနှင့် မကွေးအသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

ယခုရာသီမစမီ အပြောင်းအလဲများစွာ ပြုလုပ်ထားသည့် မကွေးအသင်းသည် နိုင်ငံခြားသားကစားသမားမပါဝင်ဘဲ ပြည်တွင်း ကစားသမားများဖြင့်သာ ယှဉ်ပြိုင်သောကြောင့် အားနည်းချက်များရှိခဲ့ပြီး အဖွင့်ပွဲမှာပင် နိုင်ပွဲပျောက်ဆုံးကာ သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ တန်းတက်မြဝတီအသင်းသည် ခပ်မာမာတုံ့ပြန်ကစားခဲ့ရာ မကွေးအသင်း အခက်တွေ့ခဲ့ရပြီး MNL ထိပ်သီးကလပ်အသင်းထံမှ အမှတ်ခွဲယူနိုင်ခဲ့ခြင်းဖြစ်သည်။

မကွေးအသင်းတွင် လက်ရွေးစင်အဆင့် ကစားသမားများအဖြစ် ကျော်ဇင်လွင်၊ ကျော်ဇင်ဖြိုး(ဂိုး)၊ နန္ဒကျော်နှင့် မောင်မောင်စိုးတို့ လေးဦးသာပါဝင်ခဲ့ပြီး ကျန်ခုနစ်ဦးမှာ ကစားသမားများဖြစ်သောကြောင့် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသည်။ မြဝတီအသင်းကိုမူ ရဲဝေယံစိုးက ဦးဆောင်ခဲ့ပြီး မကွေးအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ မကွေးအသင်းသည် ပိုဖိကစားနိုင်ခဲ့သော်လည်း ဂိုးသွင်းခွင့်ဖန်တီးရာ၌ အားနည်းသောကြောင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ မြဝတီအသင်းသည် တောင်ပံနှစ်ဖက်မှ တိုက်စစ်ဆင်ခဲ့ပြီး မကွေးခံစစ်ပိုင်း အမှားမရှိခဲ့၍ ဂိုးသွင်းခွင့်မရခဲ့ပေ။ ဒုတိယပိုင်းတွင် မကွေးအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့သည်။ မြဝတီအသင်းသည် သရေရလဒ်ကို ထိန်းကစားသွားခဲ့ပြီး ခံစစ်ပိုင်း အမှားမရှိအောင် အဆင့်ဆင့်ပိတ်ဆို့ ကစားခဲ့သည်။ မကွေးအသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း မြတ်ထွန်းသစ်၊ နိုင်နိုင်ကျော်နှင့် အောင်မြင့်ထွန်းတို့ အသုံးမချနိုင်ခဲ့၍ ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ရာသီအစ သုံးပွဲဆက် ဂိုးပေါက်ပျောက်ဆုံးခဲ့ပြီး သုံးပွဲစလုံး ဂိုးမရှိ သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။

ပွဲစဉ် (၁) စတုတ္ထနေ့ကို ဇန်နဝါရီ ၁၄ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာနလက်အောက်ရှိ မြို့နယ်များ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများအတွက်အသုံးပြုရန် လိုအပ်သောကတ္တရာများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောပစ္စည်းအမျိုးအစားနှင့် အသေးစိတ်စာရင်းများကို ရွှေဘိုခရိုင်၊ လမ်းဦးစီးဌာနရုံး၊ ဖုန်း-၀၇၅၂၁၀၀၇၊ ၀၇၅၂၂၉၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို ၁၆-၁-၂၀၁၈ရက် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်ရက်** - ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) (၁၅း၀၀)နာရီအထိ

(ခ) **တင်ဒါဖွင့်မည့်ရက်** - ၁၉-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁၀ နာရီ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ရွှေဘိုမြို့


ပြည်တွင်း/ပြည်ပ –အလုပ်အကိုင်ရှာနေသူများ အတွက် အလွယ်တကူ အလုပ်အကိုင်ရရှိပြီး လစာကောင်းစေဖို့ ...

**ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း**

(နေ့စဉ်ရိတ်/တားစရိတ်/သွားစရိတ်)– ငြိမ်း ✣ စာတွေ့/လက်တွေ့ကျွမ်းကျင်မှု

အချိန်ပြည့်တစ်လ → ရက်(၃၀)သင်တန်း အလယ်တန်းနှင့်အထက် (ကျား/မ)

**အခြေခံအင်္ဂလိပ်နှီယာသင်တန်း (B.E.C)**

လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း – (၅) မျိုးပါဝင်သည်။

(5)Week → တနင်္လာ မှ စနေနေ့ထိ(အချိန်ပြည့်) အလယ်တန်းနှင့်အထက် (ကျား)

ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်ရရှိထားသော

**သုခစုစံ ✣ အသက်မွေးပညာသင်တန်းကျောင်း ✣**

ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉–လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။

Ph: (01) 377 343, 377 344. www.tkss.com.mm FB - overseatkss


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဏ/၄၁၃၄၏ ဖောင်းကြွန်ပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)နယ်မြေ ၁၉နေ ဦးစုံချိန် ၁၃/သနန(နိုင်) ၀၁၄၅၃၉၏သမီး မနီနီခိုင်နှင့် မကေခိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မနီနီခိုင်(ခ)မကေခိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ အောင်ဘို့လှကျေးရွာအုပ်စုနေ မထွေးထွေးမြင့်၏ဖခင် ဦးမြင့်အောင်နှင့် ဦးမြင့်သန်း ၅/ဝသန(နိုင်)၀၁၀၀၁၈ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)**

**တောင်ကြီးခရိုင်တရားရုံးတော်**

**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၃**

**ကွယ်လွန်သူ ဦးကျော်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကျော်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမောင်မောင်စိုးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၉ရက် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၁၃ရက်) တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကျော်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၉ရက် (၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၁၃ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန်အမွေဆက်ခံခြင်းဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမောင်မောင်စိုး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စိုးဟန်)**
**ခရိုင်တရားသူကြီး**
**တောင်ကြီးခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## တင်ဒါခေါ်ယူရေးကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ ဝယ်ယူရေးပစ္စည်းများအတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရုံးသုံးစာရေးကိရိယာများ | (၅၄)မျိုး |
| (ခ) | ရုံးသုံးပုံစံများ(ပုံနှိပ်ရန်) | (၈၂)မျိုး |
| (ဂ) | ဆေးရုံ/ဆေးခန်းသုံးပုံစံများ(ပုံနှိပ်ရန်) | (၇၅)မျိုး |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း နေပြည်တော်၊ လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်၊ စီမံခန့်ခွဲရေးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ရက်မှ ၁၉-၁-၂၀၁၈ရက်အထိ (ရုံးချိန်အတွင်း) ၉း၃၀နာရီမှ ၁၆း၀၀နာရီအထိ

၄။ **တင်ဒါ Specification တင်သွင်း ရမည့်နေ့ရက်** - ၂၆-၁-၂၀၁၈ရက်(ရုံးချိန်အတွင်း) ၉း၃၀နာရီမှ ၁၆း၀၀နာရီအထိ

၅။ **တင်ဒါဈေးနှုန်းတင်သွင်း ရမည့်ရက်(တင်ဒါဖွင့်မည့်ရက်)** - ၃၀-၁-၂၀၁၈ရက် နံနက် ၁၀နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၇၉၀၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ မဟာစေတီဘုရားတောင်ဘက်မုခ်ရှိ ဆိုင်ခန်းအမှတ် မ-၂၏ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ရှုပ ၁၂/မရက(နိုင်) ၀၅၅၉၀၆ ၏ ဆိုင်စာချုပ် ပျောက်ဆုံးသွားပါ၍ ၎င်းဆိုင်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်အတူ မဟာစေတီဘုရားဂေါပကရုံးအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ပျောက်ဆုံးသော စာချုပ်မူရင်းအား ပြန်လည်ရရှိရန် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ရှုပ**
**၁၂/မရက(နိုင်)၀၅၅၉၀၆**
**ဖုန်း-၀၉-၄၄၅၃၀၇၇၁၅**

# ကုန်ဈေးနှုန်းကြီးမြင့်လာခြင်းနှင့် အခွန်များမြင့်တက်လာခြင်းအပေါ် ဆန္ဒပြမှုများ ဖြစ်ပေါ်



**တူးနစ် ဇန်နဝါရီ ၁၃**

ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် အခွန်များမြင့်တက်လာခြင်းအပေါ် ဆန့်ကျင် ဆန္ဒပြခဲ့ကြသော ဒေသတွင်းအတိုက်အခံခေါင်းဆောင်များအပါအဝင် လူပေါင်း ၁၅၀ ခန့်ကို တူနီးရှားအာဏာပိုင်များက မကြာသေးမီက ဖမ်းဆီးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့ ပြင်းထန်သော ဆန္ဒပြမှုများကြောင့် လုံခြုံရေးဆိုင်ရာ တပ်ဖွဲ့ဝင်များကို ဆန္ဒပြမှုဖြစ်ပွားသည့် မြို့ရွာများသို့ လုံခြုံရေးဆောင်ရွက်ရန် တပ်ဖြန့်ချထားကြောင်း သိရသည်။ တူနီးရှားနိုင်ငံတစ်ဝန်း တနင်္လာနေ့ကတည်းက ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုကြောင့် ယခုအချိန်ထိ ဆန္ဒပြသူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဆန္ဒပြသူများသည် နိုင်ငံတော် အဆောက်အအုံများကို မီးရှို့ခြင်း၊ ဆူပူအုံကြွမှုဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းစသည်တို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အစိုးရက အဆိုပါနေရာများသို့ တပ်ဖွဲ့ဝင်များကို စေလွှတ်ထားကြောင်း သိရသည်။

အာဏာရှင် သမ္မတဇိုင်အယ်လ်အဘီဒင်ဘန်အလီ ပြုတ်ကျခြင်း ခုနစ်နှစ်မြောက် အထိမ်းအမှတ်အဖြစ် တူးနစ်တစ်မြို့လုံး ဆန္ဒပြရန် တက်ကြွသူများနှင့် အတိုက်အခံနိုင်ငံရေးသမားများက တိုက်တွန်းခဲ့ကြသည်။

သို့သော် ယခုအခါတွင် ဆန္ဒပြမှုတချို့တစ်ဝက်ကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သော်လည်း အစိုးရက လွန်ခဲ့သည့် ရက်အနည်းငယ်က ဆန္ဒပြသူများအပါအဝင် လူပေါင်း ၁၅၀ ခန့်ကို ဖမ်းဆီးထားခဲ့ကြောင်း၊ လတ်တလောတွင် ဖမ်းဆီးထိန်းသိမ်းထားသူများမှာ ၇၇၈ ဦးအထိ ရှိလာခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောခဲ့သည်။

ဖမ်းဆီးထားသူများထဲတွင် အိုင်အက်စ်အစွန်းရောက် ၁၆ ဦးပါရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆန္ဒပြသူများသည် ဇန်နဝါရီ ၁ ရက်မှစကာ ယခုဘဏ္ဍာနှစ်ဘတ်ဂျက်အတွင်း ပါဝင်သော ဈေးနှုန်းများကြီးမြင့်ခြင်းနှင့် အခွန်များမြင့်တက်လာခြင်းအပေါ် မကျေနပ်မှုများရှိခဲ့ကြောင်း သိရသည်။ **ရိုက်တာ**

# ဗီယက်နမ်ငါးတင်ပို့မှုအပေါ် အမေရိကန်၏ ပြင်းထန်သောအခွန်များ စည်းကြပ်ခြင်းကြောင့် မကျေမချမ်းဖြစ်ကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဗီယက်နမ်တိုင်ကြား



**ဂျီနီဗာ ဇန်နဝါရီ ၁၃**

ဗီယက်နမ်၏ ငါးအသားလွှာ တင်ပို့မှုအပေါ် အမေရိကန်၏ ဆောင်ရွက်ချက်များကို ဗီယက်နမ်က စောဒကတက်ခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က မကြာသေးမီက ထုတ်ပြန်ခဲ့သော ဖော်ပြချက်အရ သိရသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ဗီယက်နမ်ငါးတင်ပို့မှုအပေါ် ပြင်းထန်သော အခွန်ကောက်များကို စည်းကြပ်ကောက်ခံခြင်းအားဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကို ချိုးဖောက်နေကြောင်း ဗီယက်နမ်က ပြောခဲ့သည်။

ထို့အပြင် အမေရိကန်ဈေးကွက်၌ ငါးများကို မတန်တဆလျှော့ဈေးဖြင့် ရောင်းချရသည့်အပေါ် ပြစ်တင်ဝေဖန်မှုများလည်းရှိကြောင်း သိရသည်။

အမေရိကန်သို့ ဗီယက်နမ်မှ ငါးတင်သွင်းမှုသည် ၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ရှိရာမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၅၂၀ အထိရှိလာခဲ့ကြောင်း သိရသည်။

ဗီယက်နမ်သည် ချီလီနှင့် တရုတ်နိုင်ငံပြီးလျှင် အမေရိကန်၏ တတိယအကြီးဆုံး ကုန်စည်တင်ပို့မှု နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အမေရိကန်သည် ဗီယက်နမ်ငါးတင်ပို့မှုတွင် ထိပ်ဆုံးနေရာ၌ ရပ်တည်လျက်ရှိသည်။

အဆိုပါကိစ္စကို ကိုင်တွယ်ဖြေရှင်းရန် အမေရိကန်ပြည်ထောင်စုအနေဖြင့် နှစ်လခန့်အချိန်ရရှိမည်ဖြစ်ကာ ဗီယက်နမ်ကို အဆိုပါကိစ္စနှင့် ပတ်သက်ပြီး သင့်တော်သလို ဆောင်ရွက်ပေးရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို တောင်းဆိုထားကြောင်း သိရသည်။

လွန်ခဲ့သော ၂၀၀၇ ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ပြီးချိန်မှစကာ ယခုအချိန်ထိ ဗီယက်နမ်သည် ၎င်း၏ ပို့ကုန်များနှင့်ပတ်သက်ပြီး လေးကြိမ်ခန့် မကျေမနပ်တောင်းဆိုမှုများရှိခဲ့ကြောင်း သိရသည်။ **ရိုက်တာ**



# မြေယာအရင်းအမြစ် ရှာဖွေဖော်ထုတ်ရေး ဂြိုဟ်တု တရုတ်လွှင့်တင်

**ပေကျင်း ဇန်နဝါရီ ၁၃**

တရုတ်နိုင်ငံသည် မြေယာအရင်းအမြစ် ရှာဖွေဖော်ထုတ်ရေး ဂြိုဟ်တုတစ်လုံးကို ကြိုတင်ချိန်ကိုက်ထားသော ပတ်လမ်းထဲသို့ လွှင့်တင်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါမြေယာအရင်းအမြစ် ရှာဖွေဖော်ထုတ်ရေး ဂြိုဟ်တုကိုဂိုဘီသဲကန္တာရ Jiuquan ဒုံးလွှင့်တင်ရေးစင်တာမှ ပေကျင်းစံတော်ချိန် ဇန်နဝါရီ ၁၃ ရက် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်က လွှင့်တင်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

လောင့်ချ်မာ့ချ်-၂ ဒီ ဒုံးကျည်က အဆိုပါ မြေယာအရင်းအမြစ် ရှာဖွေဖော်ထုတ်ရေး ဂြိုဟ်တုကို အာကာသထဲသို့ သယ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ လွှတ်တင်နိုင်မှုသည် လောင့်ချ်မာ့ချ်ဒုံးကျည်အမျိုးအစား၏ ၂၆၃ ကြိမ်မြောက် အောင်မြင်စွာလွှင့်တင်နိုင်မှုဖြစ်ကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**

# အမေရိကန်သမ္မတ၏ ဗြိတိန်ခရီးစဉ်ဖျက်သိမ်း

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

လူစုလူဝေးဆန္ဒပြမှုများနှင့် ကြုံတွေ့မည်ကို စိုးထိတ်သောကြောင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ၎င်း၏ ဗြိတိန်ခရီးစဉ်ကိုဖျက်သိမ်းလိုက်ကြောင်း အမေရိကန်နိုင်ငံရေးကျွမ်းကျင်သူများက ပြောသည်။

လန်ဒန်၏ အကောင်းဆုံးနေရာ၌ရှိသော အမေရိကန်သံရုံးကို ယခင်သမ္မတ အိုဘားမားအစိုးရက ဈေးအနည်းငယ်နှင့်ရောင်းချခဲ့ပြီး သံရုံးအသစ်အား အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ အကုန်အကျခံတည်ဆောက်ခဲ့မှုကို သဘောမကျကြောင်း၊ ထိုသံရုံးသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်မပေးလိုကြောင်း၊ ထို့ကြောင့် ဗြိတိန်ခရီးစဉ်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏တွစ်တာအကောင့်တွင် ဖော်ပြခဲ့သည်။

ထရန့်၏ ဗြိတိန်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ခြင်း၏ တကယ့်အကြောင်းရင်းမှန်မှာ ထရန့်အနေဖြင့် သွေးကွဲစေတတ်သော စကားများကို တွစ်တာတွင် မကြာခဏ ပြောဆိုတတ်သောကြောင့် လန်ဒန်တွင် ရှုတ်ချဆန္ဒပြမှုများဖြင့် ကြုံတွေ့နိုင်ခြင်းကြောင့်သာဖြစ်ကြောင်း နိုင်ငံရေးကျွမ်းကျင်သူများက ပြောခဲ့သည်။



ထိုကဲ့သို့ ထရန့်၏ ဗြိတိန်ခရီးစဉ်ဖျက်သိမ်းလိုက်ခြင်းသည် ကာလရှည်ကြာလက်တွဲခဲ့သော ဗြိတိန်၏ နိုင်ငံခြားရေးမူဝါဒများနှင့် ဆက်ဆံရေးကို အကျိုးသက်ရောက်မှုရှိစေနိုင်မည်မဟုတ်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

**ဆင်ဟွာ**

# မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်ကနေ ထရန့် နုတ်ထွက်ခဲ့သော်

**ကလျာမိုးမြင့်**



အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ဟာ မြောက်အမေရိက ကုန်သွယ်ရေးစာချုပ် (NAFTA) ကနေ အမေရိကန်ကို မကြာခင် ဖယ်ထုတ်သွားတော့မယ်လို့ ကနေဒါက ယုံကြည်နေပါတယ်။ ထရန့်ကလည်း ဒီစာချုပ်နဲ့ ပတ်သက်ပြီး အဓိကကျတဲ့ ပြုပြင်ပြောင်းလဲမှုတွေကို မလုပ်နိုင်ရင် စာချုပ်ကနေ နုတ်ထွက်တော့မယ်လို့ ကြိမ်ဖန်များစွာ ခြိမ်းခြောက်လာခဲ့တာ ဖြစ်ပါတယ်။

တကယ်ကြီးမားတဲ့ ကွာဟချက်၊ ခြားနားချက်တွေကို ဆက်သွယ်ပေါင်းကူးပေးဖို့ အချိန်အတိုင်းအတာဟာလည်း နည်းသထက် နည်းလာနေပါပြီ။ ဒီတော့ အာဏာပိုင်တွေက ဇန်နဝါရီ ၂၃ ရက်ကနေ ၂၈ ရက်အထိ မွန်ထရီရယ်မှာ ခြောက်ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲတွေကို ပြုလုပ်သွားဖို့ ပြင်ဆင်နေကြပါတယ်။

စာချုပ်ကနေ နုတ်ထွက်မယ်ဆိုတဲ့ သတိပေးချက်ဟာ ကွန်ဂရက် လွှတ်တော်အတွင်းမှာလည်း ဆန့်ကျင်ကန့်ကွက်မှုတွေ ပိုပြီးမြင့်တက်လာစေနိုင်ပါတယ်။ ကနေဒါအစိုးရအဖွဲ့သတင်းရင်းမြစ်တစ်ခုကတော့ ထရန့်ဟာ သဘောတူစာချုပ်ကိုဆန့်ကျင်တဲ့ အပြုအမူတွေ လုပ်ဆောင်လာနိုင်တယ်ဆိုတာ တထစ်ချပြောဆိုနိုင်ခြင်းမရှိသလို အော့တဝါ အနေနဲ့ကလည်း ဖြစ်လာနိုင်တဲ့ အရာတွေအတွက် ကြိုတင်စီစဉ်ထားတယ်လို့ နောက်ပိုင်းမှာ ပြောခဲ့ပါတယ်။

**ငွေကြေးတန်ဖိုးကျဆင်းလာ**

ဒါပေမယ့်သုံးနိုင်ငံပေါင်းစည်းထားတဲ့ စီးပွားရေးကိစ္စရပ်တွေကို ထိခိုက်လာစေနိုင်မယ့် အလားအလာတွေကတော့ ဈေးကွက်ဆိုင်ရာ စိုးရိမ်ပူပန်မှုတွေကို ပေါက်ပွားလာစေခဲ့ပါတယ်။ ဒီလိုစိုးရိမ်ပူပန်မှုတွေကြောင့်ပဲ ဗုဒ္ဓဟူးနေ့ကဖော်ပြတဲ့ Wall Street ရဲ့ စတော့ဈေးနှုန်းအညွှန်းကိန်းတွေကလည်း ပိုပြီးတန်ဖိုးလျော့ကျလာပါတယ်။

ယခုနှစ်မှာ ကနေဒါ ဒေါ်လာတန်ဖိုးဟာလည်း အမေရိကန်ဒေါ်လာငွေစက္ကူနဲ့ဆန့်ကျင်စွာပဲ ပိုမို တန်ဖိုးလျော့ကျလာခဲ့ပါတယ်။ မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်နဲ့ ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြနေရမှုတွေက ကနေဒါဘဏ်ဟာ လာမယ့်ရက်သတ္တပတ်မှာ အတိုးနှုန်းတွေကို မြင့်တက်လိမ့်မယ်ဆိုတဲ့ ငြင်းခုံမှုတွေကို ပေါ်ပေါက်လာစေခဲ့ပါတယ်။

တိုရွန်တိုမှာရှိတဲ့ AGF ရင်းနှီးမြှုပ်နှံမှုအဖွဲ့က မန်နေဂျာ မိုက်အာခီဘယ်လ်က မိုးကုပ်စက်ဝိုင်းမှာတော့ ထူးခြားအံ့သြလောက်တဲ့ မသေချာ မရေရာမှုတွေ ပေါ်ထွက်လာတော့မယ်လို့ ပြောကြားခဲ့ပါတယ်။

မက္ကဆီကိုရဲ့ ငွေကြေးဟာလည်း တန်ဖိုးလျော့ကျလာနေပြီး စတော့ဈေးတွေဟာ အရှုံးပြနေပါတယ်။ Royal Bank of Canada ရဲ့အမှုဆောင်အရာရှိချုပ် ဒေ့ဗ်မက်ကေက NAFTAကို ဖယ်ထုတ်ပစ်ဖို့ အခုချိန်မှာ ပိုကောင်းတဲ့အခွင့်အရေးတစ်ခုရှိလာပြီလို့ ယုံကြည်နေကြောင်း အင်္ဂါနေ့က ပြောခဲ့ပါတယ်။ အစိုးရအနေနဲ့ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ပိုသေချာလာနေပြီ။ ထရန့်အနေနဲ့ စာချုပ်ကနေ နုတ်ထွက်ကြောင်း ကြေညာဖို့ စီစဉ်နေပြီလို့ သတင်းရင်းမြစ်တစ်ခုက အမည်ထုတ်ဖော်ခြင်းမရှိဘဲ ပြောကြားခဲ့ပါတယ်။

အိမ်ဖြူတော်နဲ့ အနီးကပ်ဆက်ဆံနေတဲ့ အမေရိကန်သတင်းရင်းမြစ်တစ်ခုကလည်း စကားပြောဆိုဆွေးနွေးမှုတွေဟာ အောင်မြင်ဖြစ်ထွန်းတဲ့အရိပ်လက္ခဏာမျိုးသိပ်မတွေ့ရဘဲ တိုးလိုးတန်းလန်းဖြစ်နေတာတွေကြောင့် နုတ်ထွက်ချင်ပြီလို့ ထရန့်ကပြောဆိုခဲ့မှုကို ကိုးကားဖော်ပြခဲ့ပါတယ်။ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက NAFTA နဲ့ ပတ်သက်တဲ့ သမ္မတရဲ့ရပ်တည်ချက်ဟာ ဘာမှပြောင်းလဲမှုမရှိခဲ့ဘူးလို့ ဆိုပါတယ်။

**သတိပေးနှိုးဆော်**

ထရန့်ဟာ ၁၉၉၄ ခုနှစ်မှာ သဘောတူညီခဲ့တဲ့ ကုန်သွယ်ရေးစာချုပ်ကို အမေရိကန်အလုပ်သမားတွေကို ထိခိုက်နစ်နာစေတဲ့ မကောင်းသော စာချုပ်တစ်ခုလို့ ခေါ်လာခဲ့တာကြာပါပြီ။ ထရန့်ရဲ့ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တွေဟာ ကနေဒါနဲ့ မက္ကဆီကို လုပ်ဖော်ကိုင်ဖက်တွေကို သတိပေးနှိုးဆော်တဲ့ အဆိုပြုချက်တွေ မကြာခဏတင်ပြခဲ့ပါတယ်။

အမေရိကန်ကုန်သည်ကြီးများအသင်းရဲ့အကြီးအကဲက အကယ်၍ အမေရိကန်က NAFTA အပါအဝင် ကုန်သွယ်ရေးစာချုပ်တွေကို ပယ်ဖျက်လိုက်မယ်ဆိုရင် အခွန်လျှော့ချမှုတွေကနေ စီးပွားရေးအရ အကျိုးအမြတ်ရရှိအောင်လုပ်ဆောင်နိုင်တော့မှာ မဟုတ်သလို စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းတွေကို ဖယ်ရှားဖို့လည်း မလုပ်ဆောင်နိုင်တော့ဘူးလို့ ပြောကြားခဲ့ပါတယ်။

General Mortors ကုမ္ပဏီရှယ်ယာတွေဟာ ၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားပါတယ်။ ဒက်ထရွိုက်က မော်တော်ကားကုမ္ပဏီဟာ အကျိုးအမြတ်အရရှိဆုံး ယာဉ်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်တဲ့၊ ကြီးမားတဲ့ ထရပ်ကားတည်ဆောက်ရေးလုပ်ငန်း အပါအဝင် မက္ကဆီကိုမှာ ထုတ်လုပ်ရေးလုပ်ငန်းဝန်ဆောင်မှုပေါင်း ၁၄ ခုရှိပါတယ်။

အဲဒီမှာ အကယ်၍ အမေရိကန်က NAFTA ကနေ နုတ်ထွက်သွားခဲ့ရင် အဲဒီမှာဆောင်ရွက်နေတဲ့ ထရပ်ကားထုတ်လုပ်မှုအပေါ် မှာ အခွန်စည်းကြပ်မှုဟာ ၂၅ ရာခိုင်နှုန်း ဖြစ်လာဖို့ ရှိနေပါတယ်။

**မက္ကဆီကိုရဲ့သဘောထား**

မက္ကဆီကို စီးပွားရေးဝန်ကြီးကတော့ ထွက်ပေါ်လာတဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး မှတ်ချက်ချဖို့ ငြင်းဆန်ခဲ့တယ်လို့ ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးထံကနေ သိရပါတယ်။

Guggenheim Partners မှာရှိတဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအရာရှိချုပ် စကော့တ်မီနာ့ဒ်က အကယ်၍ ထရန့်သာ မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်ကနေ နုတ်ထွက်ကြောင်း ကြေညာဖို့ ဖြစ်လာမယ်ဆိုရင် စတော့ဈေးကွက်ဟာ ငါးရာခိုင်နှုန်းလောက်နောက်ကို ဆုတ်သွားနိုင်ဖွယ်ရှိတယ်လို့ သုံးသပ်ခဲ့ပါတယ်။ ကနေဒါနိုင်ငံသားအများစုဟာ သမ္မတရဲ့ ညှိနှိုင်းဆွေးနွေးမှုပုံစံအနေအထားအပေါ်မှာ တုံ့ပြန်နေကြပါတယ်။

အမေရိကန်ပြည်ထောင်စုက မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်ကနေ နုတ်ထွက်ပြီလို့သာ ထရန့်ကြေညာခဲ့မယ်ဆိုရင် ဆွေးနွေးပွဲတွေကို အနိမ့်ဆုံးအဆင့်ကနေ စတင်လုပ်ဆောင်သွားရတော့မှာဖြစ်လို့ ကနေဒါဟာ စားပွဲပေါ်မှာ ဆက်လက် ကျန်ရှိနေရလိမ့်မယ်လို့ ကနေဒါသတင်းရင်းမြစ်တွေက ပြောခဲ့ပါတယ်။ မက္ကဆီကိုက အကယ်၍ ထရန့်သာ ဝါရှင်တန်ကို စာချုပ်ကနေ ဖယ်ထုတ်လိုက်ရင် မက္ကဆီကိုအနေနဲ့လည်း စာချုပ်ကနေ ဖယ်ခွာသွားရလိမ့်မယ်လို့ ယခင်ကတည်းက ပြောခဲ့ပြီးဖြစ်ပါတယ်။ အကယ်၍ စာချုပ်မှ နုတ်ထွက်ကြောင်း ထရန့်က ကြေညာလိုက်ရင် ဒါဟာ အလျှော့ပေးချက်၊ လိုက်လျောချက်တွေကို အနိုင်ရမယ့် ညှိနှိုင်းဆွေးနွေးမှု နည်းဗျူဟာ ဖြစ်လာလိမ့်မယ်လို့ ကနေဒါအာဏာပိုင်တွေက ပြောဆိုနေပါတယ်။ ဆွေးနွေးပွဲတွေကို မတ်လကုန်လောက်မှာ အပြီးသတ်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

ဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒိုရှုရဲ့ အစိုးရအဖွဲ့ဟာ ကြိုတင်စီစဉ်ထားတဲ့ နှစ်ရက်ကြာ ဆွေးနွေးပွဲမတိုင်မီ လန်ဒန်မြို့ရဲ့ အနောက်မြောက်ဘက် အန်တာရီယို မြို့မှာစတင်ပြီး စုဝေးနေကြပြီဆိုတဲ့ သတင်းတွေ ပေါ်ထွက်လျက်ရှိပါတယ်။

အဲဒီ အစည်းအဝေးမှာ မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်ဟာ အစည်းအဝေးအစီအစဉ်တွေထဲက အရေးပါတဲ့ အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။ ကနေဒါ နိုင်ငံခြားရေးဝန်ကြီး Chrystia Freeland ရဲ့ ပြောရေးဆိုခွင့်ရှိသူက အမေရိကန်နဲ့ ကနေဒါ ဆက်ဆံရေးနဲ့ NAFTA အချက်အလက်တွေအပေါ်မှာ စွပ်စွဲချက်တွေနဲ့ ပတ်သက်ပြီး ချက်ချင်းမှတ်ချက်ချဖို့ မဖြစ်နိုင်သေးဘူးလို့ ပြောကြားခဲ့ပါတယ်။

တစ်ဖက်မှာလည်း ကနေဒါဟာ အမေရိကန်ပြည်ထောင်စုကို ဆန့်ကျင်ပြီး ကျယ်ပြန့်တဲ့ ကုန်သွယ်ရေးဆိုင်ရာ မကျေနပ်ချက်ကို ဖော်ပြလာတယ်လို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့ပါတယ်။ ။

**“ကနေဒါ ဒေါ်လာတန်ဖိုးဟာလည်း အမေရိကန်ဒေါ်လာငွေစက္ကူနဲ့ဆန့်ကျင်စွာပဲ ပိုမို တန်ဖိုးလျော့ကျလာခဲ့ပါတယ်။ မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်နဲ့ ပတ်သက်ပြီး စိုးရိမ် ကြောင့်ကြနေရမှုတွေက ကနေဒါဘဏ်ဟာ လာမယ့်ရက်သတ္တပတ်မှာ အတိုးနှုန်းတွေ ကို မြင့်တက်လိမ့်မယ်ဆိုတဲ့ ငြင်းခုံမှုတွေကို ပေါ်ပေါက်လာစေခဲ့”**

**ကိုးကား - ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ပါရီဓားပြတိုက်မှုမှ သံသယရှိသူ သုံးဦးကိုဖမ်းဆီး နှစ်ဦးလွတ်မြောက်လျက်ရှိ

**ပါရီ ဇန်နဝါရီ ၁၃**

ပြင်သစ်နိုင်ငံ ပါရီမြို့အလယ်ပိုင်းရှိ ထင်ရှားသော ရစ်ဇ်ဟိုတယ်၌ မကြာသေးမီက ဖြစ်ပွားခဲ့သော လက်နက်ကိုင်ဓားပြတိုက်မှုမှ သံသယရှိသူသုံးဦးကို ဖမ်းဆီးမိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အခြားသံသယရှိသူနှစ်ဦးမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်း သိရသည်။ ဟိုတယ်ရှိ ကျောက်မျက်ရတနာဆိုင်တစ်ဆိုင်သို့ ညနေပိုင်းတွင် လူငါးဦးပါဝင်သည့် လက်နက်ကိုင် ဓားပြအုပ်စုတစ်စု ဝင်ရောက်လာကာ မှန်ပုံးများကို ပုဆိန်များဖြင့် ထုခွဲပြီးနောက် ရတနာများယူဆောင်သွားခဲ့ခြင်းဖြစ်သည်။

ကင်းလှည့်နေသော ရဲတပ်ဖွဲ့က ဝင်ရောက်ဖမ်းဆီးရာ၌ သုံးဦးကိုသာ ဖမ်းဆီးနိုင်ခဲ့ပြီး နှစ်ဦးမှာ လွတ်မြောက်လျက်ရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းနှင့် တိုက်ရာပါပစ္စည်းများ ပြန်လည်ရရှိခြင်းရှိ မရှိ မသိရသေးကြောင်း သိရသည်။

**ဆင်ဟွာ**

### ဒုက္ခသည်များကို ကူညီရာတွင် စုစည်းညီညွတ်ကြရန် ဂူတာရက်စ်တိုက်တွန်း

**ဂျီနီဗာ ဇန်နဝါရီ ၁၃**


ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဒုက္ခသည်များနှင့်ရွှေ့ပြောင်းသွားလာသူများကို အကူအညီပေးရန်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အင်အားစိုက်ထုတ်ကြရန် တိုက်တွန်းတောင်းဆိုခဲ့ကြောင်း သိရသည်။


၂၀၁၈ ခုနှစ်အတွက် ဒုက္ခသည်အရေးသည် ထိပ်တန်းဦးစားပေး အကြောင်းအရာများအနက် တစ်ခုဖြစ်ကြောင်း ဂူတာရက်စ်က ကြာသပတေးနေ့က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကို ပြောကြားခဲ့သည်။

ကုလသမဂ္ဂ၌ ရွှေ့ပြောင်းသွားလာသူများအား စစ်မှန်သည့် တစ်ကမ္ဘာလုံးဆိုင်ရာ တုံ့ပြန်မှုကိုပထမဆုံးအကြိမ် ဆောင်ရွက်ရန်အခွင့်အရေးရှိကြောင်း၊ ရွှေ့ပြောင်းသွားလာမှုကို အဓိကတားဆီးပိတ်ဆို့သည့် အာဏာပိုင်များ သို့မဟုတ် ရွှေ့ပြောင်းသွားလာသူများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ပြင်းထန်သည့် စည်းမျဉ်း၊ စည်းကမ်းများချမှတ်သည့် အာဏာပိုင်များသည် မလိုလားအပ်သော စီးပွားရေးဆိုင်ရာထိခိုက်မှုများကို ထိခိုက်ခံစားရကြောင်း ၎င်းက ပြောကြားခဲ့သည်။


မည်သည့်နိုင်ငံဟူ၍ ဂူတာရက်စ်က အမည်တပ်ခဲ့ခြင်း မရှိသော်လည်း ရွှေ့ပြောင်းသွားလာမှုနှင့် ပတ်သက်၍ သဘောထားတင်းမာသည့်အမေရိကန်နိုင်ငံကို တိုက်ရိုက်ပြောဆိုခြင်းဖြစ်ဖွယ်ရှိကြောင်း သိရသည်။


**အင်န်အိတ်ချ်ကေ**














# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် စီစဉ်ဆောင်ရွက်မှုများ ပြီးစီးပြီးနောက် ၂၁ ရက်အတွင်း ယင်းကိစ္စအပေါ်တွင် တရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။ ထိုအယူခံမှုအရ တရားရုံးသည် သင့်သည်ထင်မြင်သည့် အတိုင်း စီစဉ်ဆောင်ရွက်မှုကို ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် အတည်ပြုခြင်းများ ပြုလုပ်နိုင်သည်။

**ကိစ္စရပ်များကိုဆုံးဖြတ်နိုင်ရန်နှင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အတွက် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည့် အခွင့်အာဏာ**

၃၇၉။ (က) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီအားဖျက်သိမ်းရာတွင် ပေါ်ပေါက်လာသည့် ကိစ္စရပ်များကို ဆုံးဖြတ်ပေးရန် သို့မဟုတ် ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများအား အတည်ပြုခြင်း၊ တရားစွဲဆိုဆောင်ရွက်မှုဆိုင်းငံ့ခြင်း သို့မဟုတ် အခြားကိစ္စရပ်များတို့နှင့် စပ်လျဉ်းပြီး ကုမ္ပဏီအား တရားရုံးဖြင့်ဖျက်သိမ်းဆောင်ရွက်သကဲ့သို့ တရားရုံးက ကျင့်သုံးနိုင်ခွင့်ရှိသည့် အခွင့်အာဏာများအားလုံး သို့မဟုတ် တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်စေရန် တရားရုံးသို့ တင်ပြလျှောက်ထားနိုင်သည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးသည် ကုမ္ပဏီဖျက်သိမ်းမှုစတင်ပြီးနောက် ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် ပိုင်ဆိုင်မှုများအပေါ် တရားဝင်လျက်ရှိသည့် ဝရမ်းကပ်ခြင်း၊ ပစ္စည်းများသိမ်းဆည်းခြင်း သို့မဟုတ် အတည်ပြုဆောင်ရွက်ခြင်းများကို ပယ်ဖျက်သည့်အမိန့်တစ်ရပ် ချမှတ်ပေးနိုင်ရေးအတွက် တင်ပြလျှောက်ထားနိုင်သည်။

(ဂ) အဆိုပါ လျှောက်ထားမှုကို ကုမ္ပဏီဖျက်သိမ်းခြင်းအပေါ် စီရင်ဆုံးဖြတ်ခွင့်ရှိသည့် တရားရုံးသို့ တင်ပြရမည်။

(ဃ) တရားရုံးသည် ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ဆုံးဖြတ်ပေးခြင်း၊ လိုအပ်သော အခွင့်အာဏာကိုကျင့်သုံးခြင်း သို့မဟုတ် လိုက်နာရမည့်အမိန့်တစ်ရပ်ကို ချမှတ်ခြင်းတို့သည်လျော်ကန်မျှတပြီး အကျိုးဖြစ်ထွန်းစေကြောင်း ကျေနပ်လက်ခံလျှင် ၎င်းသင့်သည် ထင်မြင်သည့် စည်းကမ်းချက်များဖြင့် လျှောက်ထားမှုတစ်ရပ်လုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လက်ခံနိုင်သည် သို့မဟုတ် လျှောက်ထားမှုအပေါ် သင့်သည်ထင်မြင်သည့် အခြား အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ကျခံရသည့်စရိတ်များ**

၃၈၀။ ကုမ္ပဏီကိုဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေ အပါအဝင် ကျခံရသော ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအားလုံးကို အာမခံအကျိုးခံစားခွင့် ရရှိသော မြီရှင်များ (secured creditors) ၏ အခွင့်အရေးများ ရှိခဲ့လျှင် ယင်းတို့ကို မထိခိုက်စေဘဲအခြားသော တောင်းခံတင်ပြမှုများထက် ဦးစားပေး၍ ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များမှ ပေးချေရမည်။

**မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများကို မထိခိုက်စေခြင်း**

၃၈၁။ ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းခြင်းသည် တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းဆောင်ရွက်စေရန်အတွက် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦး၏ အခွင့်အရေးကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။ သို့သော် ကြွေးမြီပေးဆပ်ရသူတစ်ဦးဦးက လျှောက်ထားတင်ပြလာလျှင် တရားရုံးက ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးများသည် ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်းကြောင့် ထိခိုက်စေမည်ဖြစ်သည်ဟု ကျေနပ်လက်ခံရမည်။

**ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များအား သတ်မှတ်ပေးနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

၃၈၂။ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းဆောင်ရွက်ရာတွင် တရားရုံးက ကုမ္ပဏီ ဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါအမိန့်တွင်ဖြစ်စေ၊နောင်တွင်ချမှတ်သည့် အမိန့်တစ်ရပ်ဖြင့်ဖြစ်စေ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရာတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ တစ်ရပ်ရပ်ကိုဖြစ်စေ သတ်မှတ်ပေးနိုင်သည်။

## တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်း

**တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန် အမိန့်ချမှတ်နိုင်သည့် အခွင့်အာဏာ**

၃၈၃။ ကုမ္ပဏီတစ်ခုသည် အထူးဆုံးဖြတ်ချက်ဖြင့် ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်သည့်အခါ တရားရုံးသည် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအား မြီရှင်များ၊ ကြွေးမြီပေးဆပ်ရသူများ သို့မဟုတ် အခြားသူများက တရားရုံးသို့ လွတ်လပ်စွာ လျှောက်ထားတင်ပြနိုင်၍ တရားရုံးက သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များကို လိုက်နာလျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် တရားရုံး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်းဖော်ပြ၍ အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

**တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်း၏ အကျိုးသက်ရောက်မှု**

၃၈၄။ တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းအား ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လျှောက်ထားမှုတစ်ရပ်ကို စွဲဆိုသည့်အမှုများအပေါ် တရားရုံးသို့ စီရင်ပိုင်ခွင့်ပေးရန်အတွက် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းရန် လျှောက်ထားခြင်း တစ်ရပ်ဖြစ်သည်ဟု မှတ်ယူရမည်။

**မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏သဘောဆန္ဒကို တရားရုံးက လက်ခံသုံးသပ်နိုင်ခြင်း**

၃၈၅။ တရားရုံးသည် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းတို့အကြား ဆုံးဖြတ်ရာတွင်လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများခန့်အပ်ရာတွင်လည်းကောင်း၊ တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များတွင်လည်းကောင်း လုံလောက်သည့်အထောက်အထား တစ်ရပ်ရပ်ဖြင့် ၎င်းထံ တင်ပြစေနိုင်သကဲ့သို့ မြီရှင်များနှင့်ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒများကို လက်ခံ သုံးသပ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်းပြုနိုင်သည့် တရားရုံး၏အခွင့်အာဏာ**

၃၈၆။ (က) တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့်အခါတရားရုံးသည် အဆိုပါအမိန့်ဖြင့်ဖြစ်စေ၊ နောင်တွင်ချမှတ်သည့် အမိန့်တစ်ရပ်ဖြင့်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ တစ်ဦးဦးကို ထပ်မံခန့်ထားသည့် အမိန့်ချမှတ်နိုင်သည်။

(ခ) ဤပုဒ်မအရ တရားရုံးကခန့်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးသည်ကုမ္ပဏီက ခန့်အပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဲ့သို့ ကိစ္စရပ်များအားလုံးတွင် အလားတူလုပ်ပိုင်ခွင့်များနှင့် တာဝန်များရှိစေရမည်။

(ဂ) တရားရုံးသည် ယင်းက ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ကြီးကြပ်မှုအမိန့်အရ ဆက်လက်ခွင့်ပြုထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးကိုဖြစ်စေ ထုတ်ပယ်နိုင်ပြီး ထုတ်ပယ်မှု၊ သေဆုံးမှု သို့မဟုတ် နုတ်ထွက်မှုများကြောင့် လစ်လပ်သွားသော စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦး၏နေရာတွင် ဖြည့်စွက်ခန့်ထားနိုင်သည်။

**ကြီးကြပ်မှုအမိန့်၏ အကျိုးသက်ရောက်မှု**

၃၈၇။ (က) တရားရုံး၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်သည့်အခါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တရားရုံးက သတ်မှတ်ထားသည့် တားမြစ်ချက်များကို လိုက်နာလျက် တရားရုံး၏ခွင့်ပြုချက် သို့မဟုတ် စွက်ဖက်မှုမပါရှိဘဲ မိမိ၏ လုပ်ပိုင်ခွင့်များအားလုံးကို ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းဆောင်ရွက်သကဲ့သို့ အလားတူနည်းလမ်းများအတိုင်း ကျင့်သုံးဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မခွဲ(က) တွင် ဖော်ပြထားသည့်ကိစ္စရပ်နှင့် ပုဒ်မ ၃၃၈ တွင်ပါရှိသည့် ကိစ္စရပ်များမှအပ တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် တရားရုံးကချမှတ်သည့် အမိန့်တစ်ရပ်ရပ်သည် တရားစွဲဆိုမှုများနှင့် အခြား ဆောင်ရွက်မှုများကို ဆိုင်းငံ့ခြင်းအပါအဝင် ကိစ္စရပ်များအားလုံးတွင် တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းခြင်းအတွက် ချမှတ်သည့်အမိန့်တစ်ရပ် ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခံမှုများပြုလုပ်ရန် သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများက ပြုလုပ်ထားသည့် ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခံမှုများကို အတည်ပြုရန်၊ သို့မဟုတ် တရားရုံးကကုမ္ပဏီကို ဖျက်သိမ်းခြင်းအတွက် အမိန့်တစ်ရပ်ချမှတ်သကဲ့သို့ ကျင့်သုံးဆောင်ရွက်နိုင်ခွင့်ရှိသည့် အခွင့်အာဏာများအားလုံးကို တရားရုံးသို့ အခွင့်အာဏာ အပြည့်အဝအပ်နှင်းရမည်။

(ဂ) တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ သို့မဟုတ် ၎င်းအတွက် ဆောင်ရွက်ပေးရမည့်ပြုလုပ်မှု သို့မဟုတ် ကိစ္စတစ်ရပ်ရပ်ကို တရားရုံးကညွှန်ကြားနိုင်ရန်အတွက် အခွင့်အာဏာအပ်နှင်းထားသည့် ပြဋ္ဌာန်းချက်များတွင် ဖော်ပြပါရှိသော “တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ” ဆိုသည်မှာ တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကို ဖျက်သိမ်းရန်အတွက် ဆောင်ရွက်သည့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကို ဆိုလိုသည်ဟု မှတ်ယူရမည်။

**အလွတ်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများကို တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိများအဖြစ်ခန့်အပ်ခြင်း**

၃၈၈။ တရားရုံး၏ကြီးကြပ်မှုဖြင့် ကုမ္ပဏီကိုဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ်ချမှတ်ပြီး ယင်းနောက်တရားရုံးက ကုမ္ပဏီကို ဖျက်သိမ်းခြင်းအတွက် အမိန့်တစ်ရပ်ချမှတ်သည့်အခါ တရားရုံးသည် အဆိုပါအမိန့်ဖြင့်ဖြစ်စေ၊ နောင်တွင်ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ယာယီသော်လည်းကောင်း၊အမြဲတမ်းသော်လည်းကောင်း၊ အခြားသူများဖြင့်သော်လည်း ကောင်း၊ အခြားသူများပါရှိခြင်း မရှိဘဲနှင့် သော်လည်းကောင်း၊ အလွတ်ခန့်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ သို့မဟုတ် ယင်းတို့အနက်မှ တစ်ဦးဦးကို တရားရုံးက ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ်တွင် တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်နိုင်သည်။

## ဖြည့်စွက်ပြဋ္ဌာန်းချက်များ

**ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် လွှဲပြောင်းခြင်းများ မပြုလုပ်ရခြင်းနှင့် ကြွေးမြီများ ပေါ်လွင်စွာ ဖော်ပြရခြင်း**

၃၈၉။ (က) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်၌ ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် ပြုလုပ်သည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်ဖြင့် ပြုလုပ်သည့် လွှဲပြောင်းခြင်းမှအပ အစုရှယ်ယာများကို လွှဲပြောင်းခြင်းများနှင့် ကုမ္ပဏီတွင်ပါဝင်သူများ၏ ရပ်တည်မှုအခြေအနေကို ပြောင်းလဲခြင်းများအားလုံးသည် ပျက်ပြယ်သည်။

(ခ) တရားရုံးကဖြစ်စေ၊ တရားရုံး၏ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ်၌ ကုမ္ပဏီဖျက်သိမ်းမှုအား စတင်ဆောင်ရွက်ပြီးနောက်တွင် အရေးယူဆောင်ရွက်နိုင်သည့် တင်ပြတောင်းဆိုမှုများအပါအဝင် ကုမ္ပဏီ၏ ပစ္စည်းများကို ပေးအပ်ခြင်းများ၊ အစုရှယ်ယာများကို လွှဲပြောင်းခြင်းများ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ၏ ရပ်တည်မှုအခြေအနေကိုပြောင်းလဲခြင်းများ အားလုံးသည် တရားရုံးက အခြားသောအမိန့်တစ်စုံတစ်ရာ ချမှတ်ထားခြင်း မရှိလျှင် ပျက်ပြယ်သည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ လူမွဲခံယူခြင်းဆိုင်ရာဥပဒေနှင့် သက်ဆိုင်၍ လူမွဲခံယူသည့် ကုမ္ပဏီများကိစ္စရပ်တွင် ကုမ္ပဏီကိုဖျက်သိမ်းသည့်ကိစ္စရပ်အားလုံး၌ ပေးရန်ရှိမည့် ကြွေးမြီများအားလုံးနှင့် ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း ဖြစ်ပေါ်မည့် သို့မဟုတ် ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့် ကုမ္ပဏီအပေါ် တင်ပြတောင်းဆိုမှုများ အားလုံးကို ကုမ္ပဏီအား ဆန့်ကျင်၍ သက်သေတင်ပြနိုင်သည်။ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် သို့မဟုတ် အခြား အကြောင်းကိစ္စရပ်အတွက် ကြွေးမြီများ သို့မဟုတ် တင်ပြတောင်းဆိုမှုများ၏ တန်ဖိုးကိုတိကျသေချာသော တန်ဖိုးတစ်ရပ်မဟုတ်လျှင် သင့်တင့်မျှတသည့် တန်ဖိုးဖြင့် သတ်မှတ်ရမည်။

**လူမွဲခံယူသည့်ကုမ္ပဏီများအား ဖျက်သိမ်းသည့်ကိစ္စရပ်တွင် လူမွဲခံယူခြင်းဆိုင်ရာစည်းမျဉ်း စည်းကမ်းများကို လိုက်နာရခြင်း**

၃၉၀။ လူမွဲခံယူသည့် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရာတွင် အာမခံအကျိုးခံစားခွင့်ရရှိသော မြီရှင်များ (secured creditors)နှင့် အာမခံအကျိုးခံစားခွင့်မရရှိသော မြီရှင်များ (unsecured creditors) ၏ သက်ဆိုင်ရာအခွင့်အရေးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သက်သေထင်ရှားတင်ပြနိုင်သည့် ကြွေးမြီများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နှစ်စဉ်ထုတ်ယူနိုင်သည့် အာမခံတန်ဖိုးနှင့် နောင်တွင်ဖြစ်ပေါ်လာမည့် တာဝန်ရှိမှုများနှင့် စပ်လျဉ်း၍လည်းကောင်း လူမွဲဖြစ်သည်ဟု သတ်မှတ်ခံရသည့် ပုဂ္ဂိုလ်၏ ပိုင်ဆိုင်သောပစ္စည်းများနှင့် စပ်လျဉ်းသည့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ အဆိုပါ အချိန်ကာလတွင် အတည်ဖြစ်လျက်ရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ အဆိုပါ ကိစ္စရပ်များတွင် သက်သေထင်ရှား တင်ပြရမည့် ပုဂ္ဂိုလ်များနှင့် ကုမ္ပဏီ၏ရရန်ပိုင်ခွင့်များမှ အမြတ်ဝေစုများကို လက်ခံရရှိမည့် ပုဂ္ဂိုလ်များအားလုံးသည် ကုမ္ပဏီကို ဖျက်သိမ်းသည့်ကိစ္စရပ်၌ ပါဝင်လာမည် ဖြစ်ပြီး ဤပုဒ်မအရ ရထိုက်ခွင့် ရှိသူများအဖြစ် ကုမ္ပဏီအပေါ် အဆိုပါ တင်ပြတောင်းဆိုမှုများ ကို ပြုလုပ်နိုင်သည်။

**ဦးစားပေးငွေပေးချေမှုများ**

၃၉၁။ (က) ကုမ္ပဏီကို ဖျက်သိမ်းသည့်အခါ အခြားသောကြွေးမြီများထက် အောက်ပါတို့ကို ဦးစားပေး၍ ပေးချေမှုများ ပြုလုပ်ရမည် -

(၁) အစိုးရ သို့မဟုတ် ဒေသအာဏာပိုင်တစ်ရပ်ရပ်သို့ ကုမ္ပဏီကပေးချေရမည့် ပုဒ်မခွဲ (င) တွင် ဖော်ပြထားသည့်နေ့ရက်၌ အဆိုပါနေ့ရက်မတိုင်မီ ၁၂ လအတွင်း ပေးချေရန်ကျရောက်သည့်ဘဏ္ဍာငွေများ၊ အခွန်များ၊ စည်းကြပ်ခွန်များ၊ အခွန်အခများအားလုံး၊

(၂) အထက်ဖော်ပြပါ နေ့ရက်မတိုင်မီ နှစ်လအတွင်း ကုမ္ပဏီသို့ဆောင်ရွက်ပေးထားသည့်ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် စာရေး သို့မဟုတ် ဝန်ထမ်းတစ်ဦးစီ၏ လုပ်အားခများ သို့မဟုတ် လစာများအားလုံး၊

(၃) အထက်ဖော်ပြပါ နေ့ရက်မတိုင်မီ နှစ်လအတွင်း ကုမ္ပဏီသို့ ဆောင်ရွက်ပေးထားသည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်းသည့် အချိန်ပိုင်းအရသော်လည်းကောင်း၊ လုပ်ငန်းပိုင်းအလိုက်သော်လည်းကောင်း ပေးချေရမည့် အလုပ်သမား သို့မဟုတ် ကာယလုပ်သားတစ်ဦးဦး၏ လုပ်ခများအားလုံး၊

(၄) ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦး သေဆုံးခြင်း သို့မဟုတ် မသန်စွမ်းဖြစ်ခြင်းတို့နှင့် စပ်လျဉ်း၍ အလုပ်သမားလျော်ကြေးအက်ဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်အရ ပေးချေရမည့် လျော်ကြေးငွေများ၊

(၅) ကုမ္ပဏီက ခန့်အပ်ထားသည့် ဝန်ထမ်းများ၏ လူမှုဖူလုံရေးအတွက် အိုနာစာ ရန်ပုံငွေ၊ ပင်စင်ရန်ပုံငွေ၊ ဆုကြေးရန်ပုံငွေ၊ သို့မဟုတ် အခြား ရန်ပုံငွေတစ်ရပ်ရပ်မှ ဝန်ထမ်းတစ်ဦးဦးသို့ပေးချေရမည့် ငွေပမာဏများ အားလုံး၊ ၎င်းအပြင်

(၆) ဤဥပဒေ၏ ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၃) နှင့်အညီ ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတစ်ရပ်ရပ်အတွက် ကုန်ကျစရိတ်များ။

(ခ) အထက်ဖော်ပြပါ ကြွေးမြီများအားလုံးကို -

(၁) တန်းတူဦးစားပေးရမည်ဖြစ်ပြီး ရရန်ပိုင်ခွင့်များ လုံလောက်မှုရှိလျှင် အပြည့်အဝ ပေးချေရမည်။ ထိုသို့ ပေးချေရန်အတွက် ရရန်ပိုင်ခွင့်များ လုံလောက်မှုမရှိပါက ယင်းတို့အား အချိုးတူညီစွာဖြင့် လျှော့ချပေးချေရမည်၊ ၎င်းအပြင်

(၂) သာမန်မြီရှင်များသို့ ငွေပေးချေရန်အတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များသည် လုံလောက်မှုမရှိသည့်အခါ အထက်ဖော်ပြပါ ကြွေးမြီများအားလုံးကို ကုမ္ပဏီက ပြုလုပ်ထားသည့် ရရန်ပိုင်ခွင့်များအပေါ် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်း (floating charge) တစ်ရပ်ရပ်အရ ငွေချေးလက်မှတ်များအား ပိုင်ဆိုင်ထားသူ၏ တင်ပြတောင်းဆိုမှုထက်ဦးစားပေး၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါ အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တင်ရှိခြင်းတွင် ပါဝင်သော သို့မဟုတ် သက်ဆိုင်သော ပစ္စည်းတစ်ရပ်ရပ်မှ ပေးချေရမည်။

(ဂ) ကုမ္ပဏီဖျက်သိမ်းရန် ကုန်ကျစရိတ်များနှင့် အသုံးစရိတ်များအတွက် လိုအပ်မည့်ငွေ ပမာဏကို ထိန်းသိမ်းထားရှိပြီး ဖော်ပြပါ ကြွေးမြီများကို ရရန်ပိုင်ခွင့်များ လုံလောက်မှုရှိသည့် အတိုင်းအတာအထိ ချက်ချင်းပေးချေရမည်။

(ဃ) ကုမ္ပဏီဖျက်သိမ်းသည့်အမိန့်ချမှတ်သည့်နေ့ရက်မတိုင်မီ သုံးလအတွင်း ကုမ္ပဏီ၏ ကုန်ပစ္စည်းများ သို့မဟုတ် ရရန်ပိုင်ခွင့်များကို မြေအဆောက်အအုံပိုင်ရှင် သို့မဟုတ် အခြားသူတစ်ဦးဦးက ကြွေးမြီအတွက် ပစ္စည်းသိမ်းယူထားလျှင် သို့မဟုတ် ကြွေးမြီအတွက် ပစ္စည်းသိမ်းယူလျှင် ဤပုဒ်မအရ ဦးစားပေး၍ ပေးချေရမည့် ကြွေးမြီများအားလုံးကို ထိုသို့သိမ်းယူထားလျှင်ကုန်ပစ္စည်းများ သို့မဟုတ် ရရန်ပိုင်ခွင့်များအပေါ်တွင်လည်းကောင်း၊ အဆိုပါပစ္စည်းများကို ရောင်းချရရှိသည့် ငွေကြေးများအပေါ်တွင်လည်းကောင်း ပထမဦးစွာ ပေးချေဆောင်ရွက်ရမည်။ သို့ရာတွင် ပေါင်နှံမှုတစ်ရပ်ရပ်အရ ပေးချေရသည့် ငွေကြေးတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ မြေအဆောက်အအုံပိုင်ရှင် သို့မဟုတ် အခြားသူတစ်ဦးသည် ငွေပေးချေခြင်းကို လက်ခံရမည့် ပုဂ္ဂိုလ်ကဲ့သို့ အလားတူဦးစားပေးအခွင့်အရေးကို ရရှိစေရမည်။

(င) ဤပုဒ်မတွင် ရှေ့ပိုင်း၌ ရည်ညွှန်းဖော်ပြခဲ့သော ရက်စွဲသည် -

(၁) ယခင်က ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် စတင်ဆောင်ရွက်ခြင်း မပြုခဲ့သေးသောဆန္ဒအလျောက်ဖျက်သိမ်းရန် အမိန့်ချမှတ်ခြင်းခံရသည့် ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်သောကိစ္စရပ်တွင် ကုမ္ပဏီဖျက်သိမ်းရန် အမိန့်ချမှတ်သည့်နေ့ရက်နှင့်

(၂) အခြားကိစ္စရပ်များတွင် ကုမ္ပဏီဖျက်သိမ်းရန် စတင်ဆောင်ရွက်သည့်နေ့။

*(ဆက်လက်ဖော်ပြပါမည်)*

# တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်စေရန် တိုင်းရင်းဆေးပညာရှင်များ စိတ်အားထက်သန်

**တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် စတင်ကျင်းပခဲ့သည်။ တိုင်းရင်းဆေးကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများက ယုံကြည်စွာအားကိုးကြပြီး တစ်နှစ်လျှင် တစ်ကြိမ်ခန့် ယခုကဲ့သို့ ဆေးပညာရှင် အချင်းချင်း ဆွေးနွေးခွင့်ရရှိခြင်းသည် ပြည်သူများအတွက် ကျန်းမာရေးအခွင့်အလမ်းကောင်းပင်ဖြစ်သည်။ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသူများအနက် ဆေးပညာရှင်များ၊ တိုင်းရင်းဆေးသမားတော်များနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**


ဦးကျော်သိန်းငွေ


ဦးသိန်းဝင်း


ဦးခင်မောင်ဆင့်


ဦးအေဒီဝင်း


ဦးဝင်းမြတ်

**ဦးကျော်သိန်းငွေ၊ တိုင်းရင်းဆေးတက္ကသိုလ်**
**ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)**
**တိုင်းရင်းဆေးကောင်စီဝင်၊**
**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ**

အခုလို တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးတွေ၊ တိုင်းရင်းဆေးဆရာအချင်းချင်းနှီးနှောဖလှယ်တာတွေ လုပ်နိုင်တာကြောင့် အင်မတန်ဂုဏ်ယူပါတယ်။ ကျေးဇူးလည်းတင်တယ်။ အခုလို အပြန်အလှန်ဆွေးနွေးကြတာ အမှန်တကယ်လည်း လိုအပ်ပါတယ်။ အဓိကကတော့ အခုလိုဆွေးနွေးပွဲတွေဟာ အနှစ်သာရ ပြည့်ဝဖို့လည်း လိုအပ်ပါတယ်။ အခြားအောင်မြင်တဲ့ လုပ်ငန်းတွေလိုပဲ တိုင်းရင်းဆေးကိုလည်း အဆင့်အတန်းမြင့်မားစေချင်တယ်။ တိုင်းရင်းဆေးလောကမှာ စစ်မှန်တဲ့ တိုင်းရင်းဆေးပညာရှင်တွေ နေရာရစေချင်တယ်။ လောကတိုးတက်ဖို့အတွက်နဲ့ တိုင်းရင်းဆေးလောကတစ်ခုလုံး အောင်မြင်ဖို့ လုပ်ဆောင်တဲ့အခါ လုပ်ထုံးလုပ်နည်းတွေကလည်း မှန်ကန်ဖို့လိုအပ်ပါတယ်။ ယခင်နှစ်များဆီက တိုင်းရင်းဆေးမှာ နယသုံးပါးရှိခဲ့တယ်။ ဒေသနာနယ၊ ဘေသဇ္ဇနယနဲ့ ဗေဒတ္ထနယတို့ဖြစ်ပါတယ်။ နောက်ပိုင်းဗေဒတ္ထနယကနေ နက္ခတနယအဖြစ် အမည်ပြောင်းလဲခဲ့ပြီး နယလေးပါးဆိုပြီး သတ်မှတ်ခဲ့ကြတယ်။ အားလုံးက ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယနဲ့ ဝိဇ္ဇာဓရနယဆိုပြီး နယလေးပါးဖြစ်လာခဲ့တာပါ။

ဆေးပညာကို ကျောက်ချပြီး ယဉ်ကျေးမှုတစ်ခုလို ပြတိုက်ထဲထည့်ထားလို့မရပါဘူး။ အခုလို ဒီမိုကရေစီ ခေတ်ကြီးထဲမှာ လိုအပ်တဲ့အရာတွေကို ဖြည့်စွက်တည့်မတ်ကြပြီး တိုင်းပြည်အတွင်းက တိုင်းရင်းဆေးကိုယုံကြည် အားကိုးကြသူတွေအတွက် ဆောင်ရွက်သင့်ပါတယ်။ တိုင်းရင်းဆေးဆရာတွေကို ရှေ့ပိုင်းမှာ ကုသခွင့်လက်မှတ်တွေ ပေးအပ်ခဲ့တယ်။ တိုင်းရင်းဆေးဆရာဖြစ်သင်တန်းတွေ ဖွင့်လှစ်ပေးခဲ့တယ်။ ၂၀၀၁ နောက်ပိုင်းမှာတော့ တိုင်းရင်းဆေးပညာရှင် ၁၅၀၀ ကျော်ကို ယနေ့အချိန်အထိ တိုင်းရင်းဆေးတက္ကသိုလ်ကနေ မွေးထုတ်ပေးနိုင်ခဲ့တယ်။

တိုင်းရင်းဆေးဆိုတာကို အစဉ်အဆက်သော ရိုးရာပညာရှင်ကြီးတွေက ဖော်ထုတ်ခဲ့ပြီး လက်ဆင့်ကမ်း အမွေပေးခဲ့တယ်။ ကျွန်တော်တို့ ယုံကြည်တဲ့မူ ရှိပါတယ်။ ဟောင်းကောင်း၊ သစ်ဖြစ်ပါ။ အဟောင်းပေမယ့် ကောင်းရင် ဆက်လက်ကျင့်သုံးရမယ်။ အသစ်ဆိုလည်း ဖြစ်တယ်ဆိုရင် ခေါင်းမခါသင့်ပါဘူး။ ဥပမာပြောရရင် အယူအဆအလွဲတွေရှိလည်း ပယ်ရမယ်။ ကောင်းတာတွေရှိလည်း ဆက်ထိန်းသိမ်းရမယ်။ ကျွန်တော်တို့ရဲ့ ဆေးပညာဟာ အိန္ဒိယ၊ တရုတ်စတဲ့ နိုင်ငံကြီးတွေရဲ့ ဆေးပညာတွေနဲ့လည်း ဆက်စပ်နေပါတယ်။ ကူးလူးဆက်စပ်နေကြတာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ ယောဂကျင့်စဉ်တွေဟာ တွင်ကျယ်လာပြီး International Yoga Day ဆိုတာတောင် ဖြစ်လာခဲ့တယ်။ ဒါဟာ မူလတိုင်းရင်းပညာရပ်ပါ။ လူသားတွေကျန်းမာဖို့အတွက် ဆန်းသစ်တီထွင်ထားတာဆိုလည်း မမှားပါဘူး။ နိုင်ငံတကာမှာလည်း တိုင်းရင်းဆေးနဲ့ အနောက်တိုင်း ဆေးပညာပေါင်းစပ်ကုထုံးတွေ ရှိပါတယ်။ တစ်ဖက်မှာလည်း နားကြပ်၊ သွေးပေါင်ချိန်စက်တွေ တိုင်းရင်းဆေးဆရာတွေ သုံးဖို့ မလိုအပ်တာသေချာလား။ သုံးရင်ကောပိုကောင်းမသွားဘူးလားစသည်ဖြင့် တွေးတောဆင်ခြင်သင့်ပါတယ်။ တိုင်းရင်းဆေးမို့ မလိုအပ်ဘူးလို့ ပြောလို့တော့ မရပါဘူး။ တိုင်းရင်းဆေးလောကကြီးတစ်ခုလုံးပြည်သူတွေ ယုံကြည်ကိုးစားမှုရရှိပြီး အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

**အဝေရာ ဆရာ ဦးသိန်းဝင်း၊ တိုင်းရင်းဆေးကောင်စီဝင်**
**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဗဟို(ဒုဥက္ကဋ္ဌ)**

ကျွန်တော် အရင်က ဧရာဝတီတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှာ ဦးစီးအနေနဲ့ တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ဒီနှစ်အတွက် စာတမ်းတွေအသီးသီးအပေါ်မှာ ပြန်လည်ဆွေးနွေးသွားဖို့တော့ ရည်ရွယ်ထားပါတယ်။ ဒီနှစ်မှာ စာတမ်းတွေအပေါ် ဆွေးနွေးသွားမယ့်အပြင် တိုင်းရင်းဆေးကဏ္ဍအမှန်တကယ် ပြောင်းလဲသင့်၊ ပြောင်းလဲထိုက်တာတွေ၊ ဆေးဝါးထုတ်လုပ်သူတွေနဲ့ပတ်သက်ပြီး လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေ၊ တိုင်းရင်းဆေးလောက တစ်ခုလုံးအတွက် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမယ့် နည်းလမ်းတွေကို ဖော်ထုတ်သွားကြမှာဖြစ်ပါတယ်။

တိုင်းရင်းဆေးကို အနောက်တိုင်းပေတံလို့ခေါ်တဲ့ သိပ္ပံပေတံနဲ့ အတိအကျတိုင်းတာဖို့ဆိုတာတော့ အလုံးစုံ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ သဘောထားကွဲလွဲနိုင်သလို တိုင်းရင်းဆေးကဏ္ဍတိုးတက်ဖို့ဆိုရင်လည်း အယူအဆ အများကြီးထဲကနေ ညှိနှိုင်းကြပြီး အဖြေရှာကြဖို့ လိုအပ်ပါတယ်။ တိုင်းရင်းဆေးသမားတော်တွေ၊ ပညာရှင်တွေနဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းကြပြီး ပြည်သူ့ကျန်းမာရေးအတွက် အားတစ်ခုဖြစ်လာ ဖို့ဆိုတာ အားလုံးက ပူးပေါင်းမှုရမှာပါ။

ဒါတင်မကသေးပါဘူး။ တိုင်းရင်းဆေးတွေ ပိုမိုပေါ်ထွက်လာဖို့ဆိုရင် မလိုအပ်တဲ့ လုပ်ထုံး လုပ်နည်းတွေကိုလည်း လျှော့ချပေးဖို့ လိုအပ်ပါတယ်။ တိုင်းရင်း ဆေးထုတ်လုပ်သူတွေဟာ နှစ်ကြိမ်ကနေ သုံးလေးကြိမ်အထိ တိုင်းရင်းဆေး ထုတ်လုပ်နိုင်ဖို့အတွက် ဌာနကို လာနေကြရတယ်။ ဒီလိုမလိုအပ်တဲ့ ကြန့်ကြာမှုတွေကို လျှော့ချပေးသင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ နေရာတိုင်းမှာ၊ ဌာနဆိုင်ရာတိုင်းမှာ ဖြေလျှော့မှုတွေကို မြင်နေရတဲ့အတွက် တိုင်းရင်းဆေးထုတ်လုပ် သူတွေ၊ ပညာရှင်တွေအားလုံးအတွက် လွတ်လပ်ပေါ့ရွှင်ပြီး စနစ်ကျနတဲ့ တိုးတက်မှုတွေ၊ ကုန်ထုတ်လုပ်မှုတွေဖြစ်လာဖို့ ပံ့ပိုးပေးသင့်တယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၈၀ ရာခိုင်နှုန်းသော ပြည်သူလူထုဟာ ကျွန်တော်တို့ တိုင်းရင်းဆေးကို မှီဝဲသုံးစွဲနေကြတာကို သိရပါတယ်။ ဒါကြောင့် တိုင်းရင်းဆေး လောကအတွင်း စစ်မှန်တဲ့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာ မပျောက်ကွယ်ရေး၊ အရည်အသွေးပြည့်မီတဲ့ တိုင်းရင်းဆေးတွေကို နည်းစနစ်မှန်စွာနဲ့ ပြည်သူတွေလွယ်လွယ်ကူကူ ဈေးသင့်တင့်စွာ ဝယ်ယူနိုင်ဖို့ ကျွန်တော်တို့အားလုံးတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာဦးစီးဌာနနဲ့ ပညာရှင်တွေအားလုံးရဲ့အကြံဉာဏ်၊ လုပ်ရပ်၊ စေတနာတွေအပေါ်မှာ မှီတည်နေတာကြောင့် တစ်ဦးနဲ့တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနဲ့ တစ်ခု ပေါင်းစပ်ညှိနှိုင်းကြဖို့ လိုအပ်ပါတယ်။

**ဦးခင်မောင်ဆင့်၊ မကွေးတိုင်းဒေသကြီးဥက္ကဋ္ဌ**
**မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း**

ကျွန်တော်ကတော့ "တိုင်းရင်းဆေးပညာကို အိမ်ရှင်မများထံ အရောက်ပညာပေးရန်" ဆိုတဲ့ ခေါင်းစဉ်နဲ့ Action Plan မှာ ဆွေးနွေးသွားဖို့ ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့မှာ စကားပုံရှိပါတယ်။ "ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်ရမည်" တဲ့ ။ မိသားစုတိုင်းမှာ အစားအသောက်ချက်၊ ပြုတ်၊ ကြော်၊ လှော်၊ ကျွေးမွေးတဲ့သူတွေ အများစုဟာ အိမ်ရှင်မတွေဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုအရမှာလည်း အမျိုးသမီးဦးရေက ပိုများတာမြင်တွေ့ရပါတယ်။ အမျိုးသမီးတွေဟာ အိမ်ရဲ့ မီးဖိုချောင်ကို တာဝန်ယူရသူတွေဖြစ်တာကြောင့် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် စတဲ့ ရသာခြောက်ပါးကို ထိန်းသိမ်းနိုင်ပါတယ်။ သူတို့ဆီကို တိုင်းရင်းဆေးပညာရပ်တွေ ရောက်ရှိသွားမယ်ဆိုရင် ကျွန်တော်တို့ရဲ့တိုင်းရင်းဆေးပညာဟာ နိုင်ငံအတွက် အများကြီးအကျိုးပြုနိုင်သွားမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုညီလာခံတွေ၊ ဆွေးနွေးပွဲတွေလုပ်တာကိုကြိုဆိုပါတယ်။ ဒီမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လူတွေစုံကြတယ်။ အမြင်ချင်းဖလှယ်ခွင့်ရရှိကြတယ်။ ကျွန်တော်က ၁၉၈၂ မှာ ၁၀ တန်းကို ဂုဏ်ထူးငါးဘာသာနဲ့ အောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ်မှာ တတိယနှစ်အထိတက်ခဲ့ဖူးတယ်။ အဲ့ဒီအချိန်မှာပဲ တိုင်းရင်းဆေးသိပ္ပံကိုတက်ခဲ့တယ်။ နောက်ပိုင်းတိုင်းရင်းဆေးကို ရွေးချယ်ခဲ့ပါတယ်။ တိုင်းရင်းဆေးဟာ အချို့သောရောဂါကြီးတွေကို အမြစ်ပြတ်အောင်ကုသနိုင်တယ်။ အနောက်တိုင်းဆေးဝါးတွေမှာပါတဲ့ဆေးတွေဟာ မြန်မာတိုင်းရင်းဆေးမြစ်၊ ဆေးတွေနဲ့ တူညီတာတွေလည်း တွေ့ရတယ်။ ကျွန်တော့်သဘောကတော့ ပြည့်အင်အားသည် ပြည်တွင်းမှာသာ ရှိတယ်ဆိုတဲ့အတိုင်း ကျွန်တော်တို့ တိုင်းရင်းဆေးတွေကို ယုံကြည်စွာမှီဝဲပါ။ တိုင်းရင်းဆေးပညာကို လက်ဆင့်ကမ်းကြမယ့် မျိုးဆက်သစ်တွေကို ယုံကြည်ရဲဝင့်စွာ ကြိုးစားလေ့လာကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဦးအေဒီဝင်း၊ မြို့နယ်တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ**
**လကမ္ဘာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အခုလိုညီလာခံကြီးနဲ့ နှီးနှောဖလှယ်ပွဲတွေ တက်ရောက်ခွင့်ရတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ အခုထက်ပိုပြီး ဆွေးနွေးနိုင်ကြဖို့နဲ့ တိုင်းရင်းဆေးပညာရပ်တွေကို လွတ်လွတ်လပ်လပ်နဲ့ အဆင့်မြင့်အောင် ပူးပေါင်းဖန်တီးကြဖို့ မျှော်လင့်ပါတယ်။ ပြည်သူလူထုအများစု သုံးစွဲနေကြတာက ကျွန်တော်တို့ရဲ့ တိုင်းရင်းဆေးဖြစ်ပါတယ်။ ဒါပေမယ့်အများစုဟာ တိုင်းရင်းဆေးကို အလေးအနက်မထားကြတာကို ဝမ်းနည်းစွာနဲ့တွေ့ရပါတယ်။ ကျွန်တော်တို့ တိုင်းရင်းဆေးဆရာတွေဘက်ကလည်း ပိုကောင်းသထက်ကောင်းအောင် ကြံဆဖို့လိုအပ်သလို ပြည်သူတွေကလည်း တိုင်းရင်းဆေးကို ယုံကြည်လက်ခံပေးမှသာ ပိုပြီးတိုးတက်မြင့်မားလာမှာ ဖြစ်ပါတယ်။အခုနောက်ပိုင်းမှာအောင်မြင်တဲ့ တိုင်းရင်းဆေးတွေရဲ့ နောက်ကွယ်မှာ အတုအပကိုလည်း သတိပြုကြဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် မှတ်ပုံတင်ထားတဲ့ဆေးဝါးအစစ်တွေကို ရွေးချယ်သုံးစွဲပြီး အားပေးကြပါလို့ ပြောချင်ပါတယ်။

**ဦးဝင်းမြတ်(စစ်ကိုင်းမြို့နယ် တိုင်းရင်းဆေးဆရာအသင်း**
**မြတ်ဆုမွန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဥက္ကဋ္ဌ)**

ကျွန်တော်တို့ (၁၄)ကြိမ်မြောက်ကတည်းက ဒီညီလာခံကြီးကို စတက်ဖြစ်ခဲ့တာ အခုဆိုရင် (၁၈)ကြိမ်မြောက်အထိ ဖြစ်လာပါပြီ။ ကျွန်တော်တို့ တိုင်းရင်းဆေးပညာရှင်တွေ အားလုံးအတွက်အကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်။မြန်မာ့တိုင်းရင်းဆေးပညာမြင့်မားဖို့နဲ့ တိုင်းရင်းဆေးရဲ့တန်ဖိုးကို ပြည်သူတွေ သိရှိနားလည်လာဖို့အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းကြဖို့ လိုအပ်ပါတယ်။ တိုင်းရင်းဆေးပညာရပ်ကို လူတွေပိုပြီးလက်ခံနားလည်လာအောင်ကြိုးစားကြရမှာဖြစ်ပြီး ဘေးထွက်ဆိုးကျိုး နည်းပါးတဲ့ တိုင်းရင်းဆေးတွေ၊ ထုပ်ပိုးမှုကောင်းမွန်ပြီး ပြည့်ဝတဲ့အရည်အသွေးတွေကို နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးစားကြရမှာပါ။ ဒီအတွက်လည်း ဌာနကရော၊ ကောင်စီကရော၊ ဆေးဆရာအသင်းကရော၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေ အားလုံးရော စုပေါင်းညှိနှိုင်းပြီး ကြိုးပမ်းကြဖို့ လိုအပ်တယ်လို့ ပြောပါရစေ။


ဦးသူရိန်နိုင်အောင်ဟိန်း


ဒေါ်မိုးပြည့်ပြည့်ဖြိုး


ဒေါ်ချိုချိုမာ

**ဦးသူရိန်နိုင်အောင်ဟိန်း**
**အဘထတိုင်းရင်းဆေးထုတ်လုပ်ရေး**

ကျွန်တော်တို့"အဘထ"ဆေးတိုက်က နိုင်ငံတစ်ဝန်း ထုတ်လုပ်ဖြန့်ချိနေတဲ့ အစွမ်းထက် တိုင်းရင်းဆေးဝါးတွေကတော့ ရှူဆေး၊ သွေးတိုးကျဆေး၊ အနာဘုရင် အနာလိမ်းဆေး၊ အပုပ်ချရုပ်လုဆေး၊ နှလုံးဆေး၊ သွက်ချာပါဒလေငန်းလိမ်းဆေးနဲ့ ဆီးဝမ်းမှန် နက်ကျော်ဆေးတွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဆေးတိုက်က ထုတ်လုပ်ဖြန့်ချိနေတဲ့ ဆေးဝါးတွေထဲကမှ ရှူဆေးကိုတော့ ထိုင်းနိုင်ငံ FDA ကလည်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးထားပါတယ်။

ပြည်သူတွေရဲ့ကျန်းမာရေးကို တိုင်းရင်းဆေးကဏ္ဍကနေ ပိုပြီးစောင့်ရှောက်နိုင်ဖို့နဲ့ ပြည်သူတွေ တိုင်းရင်းဆေးကို ပိုမိုယုံကြည်အားကိုးလာအောင် ကျွန်တော်တို့ "အဘထ"ဆေးတိုက်အနေနဲ့ အများအကျိုးပြု အစွမ်းထက်တိုင်းရင်းဆေးစွမ်းကောင်းတွေကို သုတေသနပြု ဆက်လက်ထုတ်လုပ်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။

**ဒေါ်မိုးပြည့်ပြည့်ဖြိုး၊ မုံရွာ ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ကျွန်မတို့ မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက ထုတ်လုပ်တဲ့ အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါး ငါးမျိုးရှိပါတယ်။ ကျွန်မတို့ဆေးတိုက်က ဆေးဝါးတွေကို ထုတ်လုပ်ရာမှာလည်း အရည်အသွေးကောင်းမွန်တဲ့ ကုန်ကြမ်းပစ္စည်းတွေကို ရွေးချယ်အသုံးပြုပြီး နိုင်ငံတကာ စံချိန်စံနှုန်းတွေနဲ့အညီ ခေတ်မီစက်ကိရိယာတွေနဲ့ စနစ်တကျထုတ်လုပ်ပြီးတော့ နိုင်ငံတစ်ဝန်းကို ဖြန့်ချိပေးနေပါတယ်။

အခုဆိုရင် နိုင်ငံတကာ အသိအမှတ်ပြု ISO 9001 ကိုလည်းလျှောက်ထားပြီးဖြစ်ပါတယ်။ နောင်မှာလည်း ပြည်သူတွေကို တိုင်းရင်းဆေးကဏ္ဍကနေ ကျန်းမာရေးစောင့်ရှောက်မှု ထိထိရောက်ရောက်ပေးနိုင်ဖို့နဲ့ တိုင်းရင်းဆေးကဏ္ဍ ပိုမိုကျယ်ပြန့်လာဖို့အတွက် ကျွန်မတို့ မုံရွာဆရာမိုး ဆေးတိုက်အနေနဲ့ အစွမ်းထက်မြန်မာ့တိုင်းရင်းဆေးဝါးတွေကို ထပ်မံပြီးတော့ ထုတ်လုပ်သွားမှာပါ။

**ဒေါ်ချိုချိုမာ၊ စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

စိန်ဘယက်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းဟာ သမားတော်ကြီး ဆရာမြိုင်ရဲ့သမားစဉ်ဆက်မြေးဖြစ်တဲ့ ဆရာဦးကြည်လင်းနဲ့ ကျွန်မတို့က ဦးစီးပြီး ကျွမ်းကျင်တဲ့ ပညာရှင်တွေနဲ့ကြီးကြပ်ပြီးတော့ ၁၉၇၈ ခုနှစ်ကတည်းက ဖြန့်ချိခဲ့တာဖြစ်လို့ အခုဆို နှစ်ပေါင်း ၃၀ ကျော်ရှိပါပြီ။

ပြည်သူတွေကျန်းမာရေးအတွက် ရှေးမူမပျက်စစ်မှန်တဲ့ အဖိုးထိုက်ဆေးဖက်ဝင် သစ်မြစ်သစ်ဥသစ်ဖု ပရဆေးကုန်ကြမ်းပစ္စည်းတွေကိုအသုံးပြုပြီး ကောင်းမွန်တဲ့ ဆေးဝါးထုတ်လုပ်မှုကျင့်စဉ်တွေနဲ့အညီ တိုင်းရင်းဆေးဝါးတွေကို ထုတ်လုပ်ဖြန့်ချိပေးနေပါတယ်။ နိုင်ငံတကာအဆင့်မီ သပ်ရပ်လှပသော ထုပ်ပိုးမှုစနစ်နဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ပြည်သူတွေကျန်းမာရေးအတွက် သင့်တင့်တဲ့ ဈေးနှုန်းတွေနဲ့ ထုတ်လုပ်ဖြန့်ချိပေးနေပါတယ်။

ကျွန်မတို့ စိန်ဘယက်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးက နိုင်ငံတစ်ဝန်း ထုတ်လုပ်ဖြန့်ချိနေတဲ့ တိုင်းရင်းဆေးစွမ်းကောင်းတွေ ကတော့ စိန်ဘယက်လေကွဲဆေး၊ စိန်ဘယက်ငန်းနီကျော်၊ စိန်ဘယက် အကြောပြေသောက်ဆေး၊ စိန်ဘယက်အပူငြိမ်းသွေးဆေး၊ စိန်ဘယက် အကြောပြေရှုလိမ်းဆေးအဆီ၊ ရွှေလေးညှင်းဆေး၊ တစ်သုံးလုံးအဖြေကျော်၊ ဆင်ဖြူတော်အကြောပြေဒဏ်ကျေလိမ်းဆေး၊ ရွှေပျားကောင်နှလုံးသည်းခြေဆေး၊ ဂမုန်းရှင်လေငန်းကာကွယ် လိမ်းဆေးရည်နဲ့ ဆောင်းနွေမိုး ချွဲသလိပ်ကြေမက်လင်ချဉ် လျက်ဆားစတာတွေပဲဖြစ်ပါတယ်။

**ခင်ရတနာ ၊ဓာတ်ပုံ-မေဦးမိုး**

## မြန်မာနိုင်ငံဆရာဝန်အသင်း

၂၄၉၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း**

၆၄ကြိမ်မြောက်မြန်မာနိုင်ငံဆရာဝန်ညီလာခံနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်ဆရာဝန်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

(၁) **ဗဟိုကော်မတီအစည်းအဝေး**

နေ့ရက် - ၁၉-၁-၂၀၁၈ (သောကြာနေ့)
အချိန် - နံနက် ၁၀ နာရီ မှ ၁၂ နာရီ
နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင်(အေ)

(၂) **နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး**

နေ့ရက် - ၁၉-၁-၂၀၁၈ (သောကြာနေ့)
အချိန် - မွန်းလွဲ ၁ နာရီ မှ ၃ နာရီ
နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း၊ ခန်းမဆောင်(အေ)

(၃) **အလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်တင်မြှောက်ပွဲ (လျှို့ဝှက်မဲပေးစနစ်)**

နေ့ရက် - ၂၀-၁-၂၀၁၈ (စနေနေ့)
အချိန် - နံနက် ၁၀ နာရီ မှ ညနေ ၅ နာရီ
နေရာ - မြန်မာနိုင်ငံဆရာဝန်သင်း၊ ခန်းမဆောင်(ဘီ)

(၄) **၆၄ ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ**

ကျင်းပမည့်နေ့ရက် - ၁၉-၁-၂၀၁၈ မှ ၂၄-၁-၂၀၁၈ ထိ
စာရင်းပေးသွင်းရန်နေ့ရက် - ၁၆-၁-၂၀၁၈ မှ ၂၀-၁-၂၀၁၈ ထိ
စာရင်းပေးသွင်းရန်နေရာ - မြန်မာနိုင်ငံဆရာဝန်အသင်း ရန်ကုန်မြို့။

# ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရန်ကုန်မြို့ Down Town ဧရိယာတွင် ဘဏ်အသစ်ဖွင့်လိုသူများ၊ ဖွင့်ပြီးဘဏ်အသစ် တိုးချဲ့ဖွင့်လှစ်လိုသူများ၊ ဘဏ်များဖွင့်လှစ်ခြင်း မရှိသော နေရာကောင်း၊ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်းဖွင့်လိုသူများ၊ စီးပွားရေးလုပ်ကိုင်လိုသူများအတွက် အထပ်မြင့်ဆောက်ခွင့်ရ၊ အချက်အချာကျနေရာကောင်း၊ သမိန်ဗရမ်းလမ်းမကျယ်၊ လမ်းမကြီးဘေး မြေအကျယ် 3710sqft, မျက်နှာစာ 38', မျက်နှာစာ(၂)ဖက်ပါ၊ ဂရန်အမည်ပေါက်။ ကျပ်သိန်း(၉၅၀၀)

**ဖုန်း- 09-5178979၊ 09-43022828၊ 09-43292929၊ 09-451146685၊ 09-420182934**

## ရောင်းမည်

ရန်ကုန်-မန္တလေးလမ်းဟောင်း၊ မိုင်တိုင် ၂၆၂၊ ဇေယျာသီရိမြို့နယ်၊ နန်းသြကျေးရွာအုပ်စု မြေ ၁၂ ဒသမ ၆၉ဧကခန့် (ခွင့်ပြုဆီဆိုင်လုပ်ငန်း မြေတစ်ဧကအပါအဝင်) (ညှိနှိုင်း)

**ဖုန်း-၀၉-၅၁၈၀၇၁၃၊ ၀၉-၇၈၇၆၆၆၇၈၊ ၀၉-၇၃၁၁၃၆၀၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9L/6478 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ နယ်မြေ (၁၂)အတွင်းရှိ အကွက်အမှတ် (ဘုံကျောင်းကွက်)၊ ဦးပိုင်အမှတ် ၁၅၇၉၊ မြေချိန်ဧရိယာ ၀ဒသမ၀၈၂ဧက၊ မြေဂရန်အမှုတွဲအမှတ် ၃၀၀-၅/၂၀၁၃- ၂၀၁၄ အရ ဦးချန်ယုံ၀မ်း ၁၃/လရန(နိုင်)၀၅၄၉၆၀ မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ယခုသား ဦးချန်ချစ်စိုး ၁၃/လရန(နိုင်)၀၅၅၈၀၇ ထံသို့ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းပြီးဖြစ်ပါ၍ ဦးချန်ချစ်စိုးမှ မြေငှားဂရန်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးချန်ချစ်စိုး ၁၃/လရန(နိုင်)၀၅၅၈၀၇**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုတက္ကသိုလ်၊ ပထဝီဝင်အထူးပြုဘာသာရပ် စတုတ္ထနှစ်မှ မဇင်မာမြင့်ကျော်နှင့် မခင်မွန်အေးတို့၏ ဖခင် ဦးမြင့်ကျော်နှင့် ဦးမြင့်သန်းဌေး ၅/ကလတ(နိုင်) ၀၇၄၅၁၁ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမြင့်ကျော်(ခ)ဦးမြင့်သန်းဌေး**

## ဖခင်အမည်မှန်

ဟင်္သာတမြို့၊ ဆကာရပ်ကွက်မှ မစုထိုက်လင်း ၁၄/ဟသတ(နိုင်) ၂၄၆၄၆၇ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မော်ဘီမြို့နယ်၊ အထက သန္ဓေပင်ကျောင်း ပဋ္ဌမတန်းမှ မောင်ဇင်မောင်မောင်စိုး၏ ဖခင်အမည်မှန်မှာ ခင်ဦးမောင် ၁၂/ ပဏက(နိုင်)၀၃၈၉၉၆ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

တောင်ဒဂုံမြို့နယ် အမှတ်(၃) အခြေခံပညာအလယ်တန်း အဋ္ဌမတန်း(C) မှ မယမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးထူးဝေ ၁၂/မရက(နိုင်)၁၃၆၄၈၈ ဖြစ်ပါကြောင်း။




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HSE/4401 ယာဉ် လက်ဝယ်ရှိသူ အနုရာမ နာမှုကူညီရေးအသင်းက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊မြေကွက်အမှတ်(၅၇၀)၊မြေကွက်တည်နေရာအမှတ်(၅၇၀)၊သိင်္ဂီလမ်း၊၄၀-ရပ်ကွက်၊ဒဂုံမြောက်၊ဦးမွေး(DB-၀၀၉၁၄၁)(၁၃/ဟပန(နိုင်)၁၆၉၄၄၂)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးမွေးထံမှမြေကွက်၏ခြေရင်းခြမ်း(၂၀'×၆၀')အတွက်အထူးကိုယ်စားလှယ်လွှဲစာ၈၇၀၃/၂၀၁၆(၂၂-၉-၂၀၁၆)ဖြင့်လွှဲအပ်ခံရသူဦးမြအောင်(၁၂/လမန(နိုင်)၁၆၃၁၅၅)ကပါဝါမိတ္တူမှန်၊ဂရန်မူရင်း၊ကျမ်းကျိန်လွှာတို့တင်ပြ၍အရောင်းမြေပုံကူးလျှောက်ထားလာရာအဆိုပါမြေကွက်၏ခေါင်းရင်းခြမ်း(၂၀'×၆၀')အားဦးမွေးထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူထားသူဦးချစ်ဦး(၁၄/ဘကလ(နိုင်)၁၂၉၁၀၉)ကဦးမြအောင်၏အရောင်းမြေပုံကူးလျှောက်ထားခြင်းအပေါ်ကန့်ကွက်ရန်မရှိသဘောတူကြောင်း(၅-၆-၂၀၁၇)ရက်စွဲပါစာဖြင့်တင်ပြထားပါသဖြင့်အမည်ပေါက်ထံမှ(၂၀'×၆၀')ခြေရင်းခြမ်းအားကိုယ်စားလှယ်လွှဲစာရရှိသူဦးမြအောင်ကအရောင်းဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးခြင်း

ဦးဉာဏ်ဆင့်ထွန်း ၁၂/ဥကတ(နိုင်)၀၃၅၀၅၂ နှင့် ဒေါ်သက်ထက်ဦး ၁၂/ဥကတ (နိုင်)၁၄၃၈၆၂ တို့သည် ၃-၇-၂၀၁၇ရက်တွင် တောင်ဥက္ကလာပမြို့နယ် တရားသူကြီး ဒေါ်ခင်ခင်အေး၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သက်ထက်ဦး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရွှေဖူးမျှော်လမ်း၊ အမှတ်(၁၆၀/ခ)နေ ဦးမောင်အေး ၁၂/ဒပန(နိုင်)၀၃၂၂၄၇ နှင့် ဒေါ်ချိုချိုသန်း ၁၂/ဒပန(နိုင်)၀၂၄၄၃၁ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်စာချုပ်မူရင်းမှာ အဆောက်အအုံဆောက်လုပ်ရန် ဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသည်။ တွေ့ရှိသူများပြန်လည်ပေးအပ်ပါက ကျေးဇူးဆပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခင်မြင့် (စဉ်-၄၉၅၀/၈၉) B.A,H.G.P,R.L,WIPO(Switzerland)**
**ဒေါ်ဇော်မင်းမင်း (စဉ်-၁၀၉၂၃/၁၆) LL.B,(Dip in Computer Studies) WIPO(Switzerland)**

**တရားလွှတ်တော်ရှေ့နေများ**

အမှတ် ၂၇၄၊ မြင်တော်သာလမ်း၊ ၃-မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၁၅၈၂၉၊ ၀၉-၇၃၀၇၁၈၉၆

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်ထိုက်တန်တန်ပေးအပ်ချီးမြှင့်ပါသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်မှ **အဂ္ဂမဟာသိရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရပါသော ဦးရှိန်ဝင်း၊ လေးကျွန်းသူညီအစ်မများဖြစ်ကြသော **သိရိသုဓမ္မသိင်္ဂီ** ဘွဲ့ရရှိသည့် ဒေါ်ခင်ရီ၊ **သီဟသုဓမ္မသိင်္ဂီ** ဘွဲ့ရရှိကြသည့် ဒေါ်လှလှဝေ၊ ဒေါ်ရင်ရွှေ၊ ဒေါ်ဖြူဖြူစိမ်း၊ **သုဓမ္မသိင်္ဂီ** ဘွဲ့ရရှိသည့် ဒေါ်အေးအေးသွယ်၊ ဒေါ်အိအိခင်တို့အတွက် အမျိုးဘာသာ၊ သာသနာတော်၏အကျိုးကို ဆထက်ထမ်းပိုးဆောင်ရွက် နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးသိန်းဝင်းဇော်+သီဟသုဓမ္မသိင်္ဂီဒေါ်တင်လတ်မင်း

(ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်-မိသားစု)




## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာအမှတ်-၁/၂၀၁၈ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ-ပုလဲမြို့သစ်၊ ဥဇ္ဇာရပ်ကွက်၊ နွယ်သာကီလမ်းရှိ ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏ ဦးစီးပဓာန နာယက ပြည်တွင်း/ပြည်ပ သာသနာပြုဆရာတော် **ဘဒ္ဒန္တဝါယာမိန္ဒ** (မြောက်ဦးဆရာတော်)အား **အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခံရခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါသည်။ ပြည်တွင်းပြည်ပရှိ တရားလိုလား သူတော်ကောင်းများအား အပါယ်လွတ်ကြောင်း ဝိပဿနာတရားကောင်းများကို သက်ရှည်ကျန်းမာစွာဖြင့် သာသနာ့အကျိုးကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ရှိခိုးပူဇော် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ရန်ကုန်ဓမ္မဝန်ဆောင်အဖွဲ့**

---

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ **သုခစုစုစံ** ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှုကုမ္ပဏီ နှင့် သင်တန်းကျောင်း **ဥက္ကဋ္ဌ ဦးချမ်းသာ** အား သာသနာတော်ဆိုင်ရာ **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ အသက်ရှည်ကျန်းမာပြီး၊ချမ်းသာစွာဖြင့် နိုင်ငံတော်အကျိုး၊ ဘာသာ သာသနာ အကျိုးကို ဆတိုးဆောင်ရွက်နိုင် ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဝန်ထမ်းများ – ချမ်းသာအောင်မြင် – Travels & Tours Co.,Ltd ၊ – ချမ်းသာအောင်မြင် –ချောင်းသာယာအပျော်စီးသင်္ဘော သုခစုစံ – ပြည်တွင်းပြည်ပ အလုပ်အကိုင်ဝန်ဆောင်မှု ကုမ္ပဏီ၊ သုခစုစံ – အထူးကုဆေးခန်း ၊ သုခစုစံ – ဆန်စက် သုခစုစံ – စက်မှုလက်မှု သင်တန်းကျောင်း ၊ သုခစုစံ – M & E Services**

---

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၈) ဖြင့် နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်အပ်နှင်းသည့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို **ဦးစိုးလင်း** ဥက္ကဋ္ဌ-မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့၊ ဥက္ကဋ္ဌ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း (MSCA)အား ထိုက်တန်စွာ ချီးမြှင့်ခံရပါသဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း အမျိုးဘာသာ သာသနာနှင့်နိုင်ငံတော်၏အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်**

**အသင်းသားများ**

**မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း**

---

TAW WIN CENTRE 7th ANNIVERSARY LUCKY DRAW

## တော်ဝင်စင်တာ(၇)နှစ်ပြည့် အထိမ်းအမှတ် ကံထူးရှင်ရွေးချယ်ပွဲ

တော်ဝင်စင်တာမှ (၇)နှစ်ပြည့်အထိမ်းအမှတ်ပြုလုပ်သည့် ကံစမ်းမဲကို (၁၅.၁.၂၀၁၈)နေ့ နံနက်(၁၀း၀၀)နာရီတွင် တော်ဝင်စင်တာ(၂)လွှာရှိ ပရိမိုးရှင်းနေရာတွင် ကံထူးရှင်များရွေးချယ်ပေးမည်ဖြစ်ပါ၍ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

**တော်ဝင်မိသားစုကုမ္ပဏီလီမိတက်၊ တော်ဝင်စင်တာမိသားစု**

45, Pyay Road, Dagon Township, Yangon. Tel: 01 8600111, Ext: 2222, email: tawwincentrepromotion@gmail.com, www.tawwincentre.com

## ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



**ပေးချေရသည့် ငွေတန်ဖိုးထက်မက ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့် အထူးအခွင့်အရေး**

**တစ်ပေပတ်လည်လျှင် ၉၀၀၀၀ိ/- နှုန်း မှစတင်၍.. ရောင်းချပေးနေပါပြီ**

# စွယ်တော်စီးတီး အိမ်ရာ

**မင်္ဂလာဒုံမြို့နယ်**



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဓိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာလက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက (၃၀) ပေါ်တွင်တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ်အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များ ကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

**အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။**

**DEVELOPER-**

**GRAND STYLE CO.,LTD.**

အမှတ်(၂၄၅)၊ ဗားကရာလမ်း(ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 09 799-332211, 09 797-221133**
**09 799-221133**




## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၈၃၂)၊ ဧရိယာ ၁ ဒသမ ၀၈၂ဧက၊ ဦးမျိုးမင်းဇော် (ဘ) ဦးဌေးဝင်း ၁၂/သလန(နိုင်)၁၂၀၉၇၅ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခင်သန်းစော (ဘ)ဦးစိုးအောင် ၉/မကန(နိုင်)၀၇၂၈၄၅မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/သီဟသူ)၊ ဦးပိုင်အမှတ်(၁)၊ မြေဧရိယာ ၀ ဒသမ ၁၇၂ဧကရှိ မြေကွက်အား ဒေါ်လှရင် (ဘ)ဦးထွန်းပွင့် ၉/တကန(နိုင်)၀၀၆၉၂၄မှ တပ်ကုန်းမြို့နယ်တရားရုံး၏ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်၊ မြဝတီရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ မှတ်ပုံတင်အိမ်ထောင်စုစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လူပျောက်ကြော်ငြာ

မောင်မောင်သင်သည် နေထိုင်ရာအဆောင်မှ ၇-၁၂-၂၀၁၇ ရက်တွင် ဆင်းသွားပါသည်။ မိဘများထံ အမြန်ဆက်သွယ်ပါ။ လုပ်ရပ်များအားလုံး ခွင့်လွှတ်သည်။ မိဘများစိတ်ပူနေကြသည်။ တွေ့ရှိသူများ ဖုန်း-၀၉-၂၅၂၉၇၃၂၂၉၊ ၀၉-၈၆၀၁၀၄၄ နှင့် ၀၉-၂၅၃၂၃၄၅၂၄ ကို ဆက်သွယ်ပေးပါ။ ကျေးဇူးဆပ်ပါမည်။ လက်ခံထားသူများ တရားဥပဒေအရအရေးယူသွားပါမည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ဥယျာဉ်စုရပ်ကွက်၊ အိမ်အမှတ် ၁/၁၂၄ တွင် နေထိုင်သော ဦးသူရဖြိုး ၉/ပမန(နိုင်)၁၃၆၈၇၅၏ သား ကိုမောင်မောင်ခင် ၁၂/ဒဂမ(နိုင်)၀၁၂၅၉၃ သည် ၁၂-၁၂-၂၀၁၇ ရက်မှစ၍ မိဘစကားနားမထောင်ဘဲ မိဘများစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘဂုဏ်သိက္ခာညှိုးနွမ်းအောင် ပြုလုပ်နေပါသဖြင့် ဥပဒေနှင့်အညီ လွှဲအပ်ညွှန်ကြားချက်အရ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဖခင်-ဦးသူရဖြိုး**
**၉/ပမန(နိုင်)၁၃၆၈၇၅**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းမောင် (LL.B)၊ အထက်တန်းရှေ့နေ**
**စဥ်-၄၃၀၄၅၊**
**အောင်ချမ်းသာရပ်၊ ဇမ္ဗူသီရိမြို့၊ နေပြည်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)**

**တောင်ကြီးမြို့နယ်တရားမရုံး၌**

**၂၀၁၇ ခုနှစ် တရားမကြီးအမှုအမှတ်-၇၄**

ဦးခွန်ထွန်းမြတ် နှင့် ဒေါ်သိန်းကြည်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်အိအိမွန်)

**တရားလို** **တရားခံ**

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်၊ မင်္ဂလာဂူကျောင်းလမ်း၊ အမှတ် စ/၃၉၉နေ (ယခုနေရပ်လိပ်စာမသိ) ဒေါ်သိန်းကြည် သိစေရမည်။

သင့်အပေါ်၌ တရားလိုက အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ပါ ကတိပဋိညာဉ်အတိုင်း စာချုပ်မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၉ ရက် (၁၃၇၉ခုနှစ် တပို့တွဲလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိထွန်း)**
**မြို့နယ်တရားသူကြီး**
**တောင်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၄)၊ မြေကွက်အမှတ်(၆၄) ဧရိယာ ၀ ဒသမ ၁၅၆ ဧကရှိ မြေကွက်၏ မြေငှားစာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားစာချုပ် မိတ္တူမှန်ထုတ်ပေးနိုင်ပါရန် ဦးခါမောင်ဦးမှ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် (မိတ္တူမှန်) ထုတ်ပေးရေးကို ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

## စီးပွားရေးလုပ်ရန်နေရာကောင်း ငှားမည်။

၁။ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းဆုံတွင် တည်ရှိသော မြေ sqft (13000) ကျော်ပေါ်ရှိ သုံးထပ်အဆောက်အဦး

၂။ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေဇယန္တာလမ်းမကြီးရှိ မြေမျက်နှာစာ90'x75'ပေါ်ရှိ ၂ထပ်ခွဲအဆောက်အဦး

ဆက်သွယ်ရန် - (ရုံးချိန်အတွင်း)
Ph: 01-3681812, 01-3683660, 09-5588811

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ(အက်စ်-၉၀)၊ မြေကွက်အမှတ်- ၇၊ မြေကွက်တည်နေရာအမှတ်-၆၄၊ သတိပဋ္ဌာန်လမ်း၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါ်မြသင် (စီဂျီ-၀၃၇၃၀၄) အမည်ပေါက် နှစ်၆၀ဂရန်(သက်ကုန်) မြေအား အမည်ပေါက်အဘွားဖြစ်သူ ဒေါ်မြသင်သည် ၁-၁၂-၂၀၁၄ ရက်တွင်လည်းကောင်း၊ အဘိုးဦးရွှေပွားသည် ၁၅-၈-၁၉၇၆ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားသဖြင့် အမည်ပေါက်၏ သားအရင်းများဖြစ်သော ဦးခင်မောင်နှင့်ဦးသောင်းစိန်တို့ ညီအစ်ကို နှစ်ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပြီး ဦးသောင်းစိန်သည် ၆-၁-၂၀၁၅ရက်တွင်လည်းကောင်း လူပျိုကြီးဘဝဖြင့် ကွယ်လွန်ပြီး ကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိကြောင်း၊ ဦးခင်မောင်သည် မိခင်ထက်စော၍ ၂၉-၁၀-၂၀၀၉ ရက်တွင် ကွယ်လွန်ပြီး၊ ကွယ်လွန်သူ ဖခင်ဦးခင်မောင်နှင့် မိခင်ဒေါ်တင်တင်ဝင်း (ခ) ဒေါ်နီနီညိုတို့သည် သမီးများဖြစ်သော ဒေါ်နှင်းစုမွန် (ခ) ခင်သီသီဦး၊ ဒေါ်နန်းသီရိမွန်တို့သာမွေးဖွားခဲ့ပြီး အခြားသောသားသမီး မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်းမွေးစားထားခြင်းမရှိပါကြောင်း၊ ကွယ်လွန်သူများတွင်အဘိုးအဘွားနှင့်ဖခင်ဖြစ်သူ အသီးသီးတို့ကွယ်လွန်ပြီးနောက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြေအမည်ပေါက် ဒေါ်မြသင်၏အမွေမမီမြေးအရင်းများဖြစ်သော ဒေါ်နှင်းစုမွန် (ခ) ခင်သီသီဦး ၁၂/တမန(နိုင်)၀၀၁၀၃၆၊ ဒေါ်နန်းသီရိမွန် ၁၂/တမန(နိုင်)၀၀၄၀၀၆ တို့ညီအစ်မနှစ်ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ၁၇-၁၀-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်၊ သေစာရင်းများ၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အဘိုးဦးရွှေပွား ကွယ်လွန်ကြောင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန၏ ၂၅-၉-၂၀၁၇ရက်စွဲပါစာဖြင့် သေစာရင်းရှာဖွေမတွေ့ရှိကြောင်း ပြန်ကြားစာ၊ ပုသိမ်ညွန့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ ဦးရွှေပွားကွယ်လွန်ကြောင်း ထောက်ခံစာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာ ငါးထပ်တိုက်နှစ်ခန်းတွဲ တစ်လုံးရှိပြီး လျှောက်ထားသူဒေါ်နှင်းစုမွန်(ခ)ခင်သီသီဦးနှင့် ဒေါ်နန်းသီရိမွန်တို့သည် မြေညီထပ်နှင့်ပထမထပ်တွင်နေထိုင်ပြီး ကျန်အခန်းများသည် အပျောက်ခန်းများရှိပါသည်။ လျှောက်ထားသူမှ အပျောက်ခန်းများနှင့်ပတ်သက်၍ တာဝန်ယူဝန်ခံကတိပြုတင်ပြထားပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက (၄) နဝမတန်း (G)မှ မောင်အောင်မိုးဟိန်း၊ အမှတ်(၂၇) မူလွန်မြို့သစ် ပဉ္စမတန်းမှ မအေးရတနာမိုး၊ တတိယတန်းမှ မစုစုအေးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုး ၅/ငဇန(နိုင်)၀၁၇၅၈၄ ဖြစ်ပါသည်။

## မြေရောင်းရန်

ဒဂုံတောင် ပေ၄၀ × ပေ၆၀
၃၇ သိန်း၊ ပွဲစားမလိုပါ
**ဖုန်း-၀၉-၉၅၂၅၅၈၈၄၇**

**Air Con အဟောင်း / အပျက်များ ဈေးကောင်းပေးဝယ်သည်။**
**Ph: 09 73095950**
**09 765085850**

## အောင်ပြည့်စုံ

**အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
**မြို့တွင်း/နယ်ဝေးများအတွက် 10',14',16' Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။**
**09-421041338**
**09-73224763**
**09-250095114**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့ အမှတ်(၄)ရပ်ကွက် တပ်မတော်လမ်းနေ ဦးစိန်အောင်၏ သမီး မချောစုအောင် ၅/ကသန(နိုင်)၀၀၀၃၈၈ သည် မိဘများကို စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့သဖြင့် (ဘ) ဦးစိန်အောင်မှ ယနေ့မှစ၍ အမွေပြတ် စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**
**ဦးစိန်အောင်**
**၅/ကသန(နိုင်)၀၀၃၆၂၃**

## ကျေးဇူးတင်လွှာ
### ဖီးဖီးနော်ခူဖော (Mrs Yankee)
### အသက် (၈၈)နှစ်

၈-၁-၂၀၁၈ရက် (တနင်္လာနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားသော ဖီးဖီးနော်ခူဖော နာမကျန်းဖြစ်စဉ် အထူးဂရုစိုက်ကုသပေးသော ဝိတိုရိယဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ နာရေးသို့ ပို့ဆောင်ကူညီပေးကြသော တောင်သူကုန်း ကရင်နှစ်ခြင်းအသင်းတော်၊ နံ့သာကုန်း ကရင်နှစ်ခြင်းအသင်းတော်၊ ကရင်နှစ်ခြင်းအသင်းတော်(အင်းစိန် KBC)၊ ရွာမနှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရဆရာတော်များ၊အသင်းသူအသင်းသားများကိုလည်းကောင်း၊ နာရေးပြုလုပ်သည့် နံ့သာကုန်း ကရင်နှစ်ခြင်းအသင်းတော် သုခမာ အဆောက်အအုံတွင် လာရောက်မေတ္တာပြုကြသူများ၊ ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေများနှင့် မိတ်သင်္ဂဟများကိုလည်းကောင်း၊ ပန်းခြင်း၊ ပန်းအိုး၊ ပန်းခွေများနှင့် အရာဝတ္ထုတို့ဖြင့် မေတ္တာပြုကြသူများကိုလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးကူညီကြသည့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး ဒေါက်တာဒေါ်ဖြူဖြူကြိုင် (ငြိမ်း)
### အကြောအဆစ်အထူးကုဆရာဝန်ကြီး
### မြတ်မွန်ရတနာအထူးကုဆေးခန်း
### အသက်(၆၆)နှစ်

ဒုတိယဗိုလ်မှူးကြီးအောင်ကြိုင်(ငြိမ်း)-ဒေါ်ခင်ထွေးတို့၏သမီးသည် ၁၀-၁-၂၀၁၈ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြတ်မွန်ရတနာရောဂါရှာဖွေရေးနှင့်**
**အထူးကုဆေးခန်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

ညီရင်းအစ်ကိုတမျှ ချစ်ခင်လေးစားရပါသော ဒုတိယညွှန်ကြားရေးမှူး ရဲကျော်စွာ ဦးအောင်နွဲ့(အကျဉ်းဦးစီး-ငြိမ်း)သည် ၈-၁-၂၀၁၈ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကောင်းရာသုဂတိဘုံ ရောက်ရှိပါစေ။

**ဦးတင်ကြွယ် [လ/ထညွှန်မှူး(ငြိမ်း) အကျဉ်းဦးစီးဌာန]-ဒေါ်မမယဉ်**
**(မိသားစု) နန်းရှေ့၊ မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်ထွေးရီ (မြအိမ်ချစ်)
### B.E (Mechanical-1986 Batch)
### အသက်(၅၅)နှစ်

ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်နေ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါ်ခင်ထွေးရီသည် ၆-၁-၂၀၁၈ ရက် (စနေနေ့) ည ၁၀း၂၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ကျော်ဦး၊ ဦးချန်သိန်းနှင့်**
**မာဃကုန်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်မှ မိသားစုများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးနောင်အိန်းမော်(ခ)တူးတူး (မကွေး/ရန်ကင်း)
### အသက်(၄၆)နှစ်

ရန်ကုန်မြို့နေ [ဦးနောင်အိန်း(ငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး)]-ဒေါ်ခင်စန်းမြင့်တို့၏သား၊ မကွေးမြို့နေ (ဦးတင်အေး-ဒေါ်ထွေးရီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရုံးကြီးလမ်း၊အမှတ် ၂၄-ဘီနေ ဒေါ်ခင်မိုးနွယ်၏ခင်ပွန်း၊ ဦးနောင်အိန်းကျော်၊ ဦးနောင်အိန်းဇော်-ဒေါ်သင်းသင်းနွယ်၊ ဦးနောင်အိန်းတော်-ဒေါ်မြတ်သီရိမော်တို့၏ညီ/အစ်ကို၊ မသိမ့်သိမ့်ရတနာမိုး၊ မောင်အာကာထက်နောင်တို့၏ဖခင်သည် ၁၂-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၁း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ကြည့်မြင်တိုင်နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၈ ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၉နာရီအထိ ကြည့်မြင်တိုင်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးသူရိန် (B.C.Sc)
### (M.D) ရွှေနဂါးမင်းကုမ္ပဏီလီမိတက်
### အသက် (၄၀) နှစ်

ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)-ဒေါ်မြင့်မြင့် သန်းတို့၏သားကြီး ဦးသူရိန် (B.C.Sc) အသက် (၄၀) (MD) ရွှေနဂါးမင်းကုမ္ပဏီလီမိတက်သည် ၈-၁-၂၀၁၈ ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိုးပိုင်-ဒေါ်ခင်မြတ်ဆွေ**
**ပိုင်မိသားစုကုမ္ပဏီလီမိတက်**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ဆုံ (ကျုံမငေး)
### အသက်(၉၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့နေ (ဦးယုံခင်)၏ ဇနီး၊ ဦးကျင်သန်း-ဒေါ်နု၊ ဦးအောင်ဝင်း-ဒေါ်လှလှဝင်း၊ (ဦးမောင်မောင်ဟိန်း-ဒေါ်မြမြဝင်း)၊ ဦးစိုးကျော်မင်း-ဒေါ်ယဉ်ယဉ်ဝင်း၊ ဦးကျော်ဦး-ဒေါ်မိမိခိုင်၊ ဦးကျော်ထူး-ဒေါ်မြင့်မြင့်အေး၊ဦးကျော်ခိုင်-ဒေါ်သန္တာစိုး၊ ဒေါ်သီတာ၊ ဦးကျော်နိုင်-ဒေါ်မြသက်နွယ်တို့၏မိခင်၊ မြေး ၂၀တို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၁-၂၀၁၈ရက် ည ၉း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အလုံမြို့နယ်၊ ၄၀လမ်း၊ တိုက် ၁၊ အခန်း ၁၇ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### အဘွား ဒေါ်ကျင်သန်း
### အသက်(၉၆)နှစ်

အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စမ်းချောင်း၏ မိဘဆရာအသင်း နာယက ဒေါ်ခင်နှင်းဝါ၏မိခင် ဒေါ်ကျင်သန်းသည် ၉-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထက(၂)စမ်းချောင်းပညာရေးမိသားစု**
**မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(၂)စမ်းချောင်း**

ဝမ်းနည်းကြေကွဲခြင်း
### ဒုဗိုလ်မှူးကြီးဒေါ်ဖြူဖြူကြိုင် (ငြိမ်း)
### အသက်(၆၆)နှစ်

ကျေးဇူးရှင်အန်တီ ဒုတိယဗိုလ်မှူးကြီး ဒေါ်ဖြူဖြူကြိုင် (ငြိမ်း)သည် ၁၀-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

အန်တီကောင်းရာဘုံဘဝရောက်ပါစေ။

**ဗိုလ်ကြီးမြညွန့်(ငြိမ်း)-ဒေါ်မာမာစိုး**
**ရွှေလီဦး မိသားစု**
**ပုသိမ်မြို့**

## အထူးကျေးဇူးတင်ရှိခြင်း
### ရဲမှူးကျော်စိုး
### အသက်(၅၉)နှစ်

မိတ္ထီလာမြို့၊ ဆိုင်းတန်းရပ်နေ ဒေါ်ဝါဝါဦး(အထက-၁)၏ခင်ပွန်း၊ ဖယ်ခုံ မြို့နယ်၊ ရဲတပ်ဖွဲ့မှူး/ရဲမှူးကျော်စိုး၏ နာရေးအား လိုက်ပါပို့ဆောင်ပေးပါသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး၊ တောင်ကြီးမြို့နယ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုရဲအုပ်လောင်းအမှတ်စဉ် (၁၇)မှ သူငယ်ချင်းများအားလုံး၊ တောင်ကြီးခရိုင် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ဖယ်ခုံမြို့နယ် ရဲတပ်ဖွဲ့ဝင်များအားလုံး၊ (အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ)၊ နာရေးကိုဝိုင်းဝန်းကူညီကြသော မိတ္ထီလာမြို့မှ မိတ်ဆွေအပေါင်းအသင်းနှင့် သူငယ်ချင်းဆရာ၊ ဆရာမများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
### ရဲ-၂၉၉၁ ရဲမှူးကျော်စိုး
### (ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်-၁၇/၈၆)
### အသက်(၅၉)နှစ်

တောင်ကြီးခရိုင်ရဲတပ်ဖွဲ့၊ ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲ-၂၉၉၁ ရဲမှူးကျော်စိုးသည် ၁၁-၁-၂၀၁၈ရက် ညနေ ၄း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ**

ဝမ်းနည်းကြေကွဲခြင်း
### ရဲ-၂၉၉၁ ရဲမှူးကျော်စိုး
### (ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ်-၁၇/၈၆)
### အသက်(၅၉)နှစ်

တောင်ကြီးခရိုင်ရဲတပ်ဖွဲ့၊ ဖယ်ခုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲ-၂၉၉၁ ရဲမှူးကျော်စိုးသည် ၁၁-၁-၂၀၁၈ရက် ညနေ ၄း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တောင်ကြီးခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးသူရိန် (B.C.Sc)
### အသက်(၄၀)

ဦးဝင်းမြင့် (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး-ငြိမ်း) - ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသောသားကြီး ဦးသူရိန်သည် ၈-၁-၂၀၁၈ ရက် ညနေ ၃း၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြသန်း-ဒေါ်တင်ငွေး**
**သား- ကိုလှဦး**
**သမီး- မစန္ဒာ**

### ဒေါ်ရွှေတင် (ထားဝယ်)
### အထက်တန်းပြ(ငြိမ်း)
### အထက(၃)သာကေတ
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၉)ရပ်ကွက်၊ မြမဥ္ဇူလမ်း၊ အမှတ် ၅၂နေ ဦးဖေစိန်-ဒေါ်သာနီတို့၏ သမီး၊ ဦးထွန်းကြည်-ဒေါ်စန်းရီတို့၏ ညီမ၊ ဦးအောင်ကိုကို [PIL Co., Ltd (EE)] - ဒေါ်မြတ်သဇင်တို့၏ မိခင်၊ မောင်ကျော်လင်းခန့်၊ မောင်ဟန်ထူးနိုင် (အထက-၄၊ အလုံ)တို့၏ အဘွား၊ ဦးအောင်လွင်၏ ချစ်လှစွာသောဇနီးသည် ၁၃-၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၁-၂၀၁၈ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (မြောက်ဒဂုံနေအိမ်နှင့် အလုံမြို့နယ် စော/နှောက်ရပ်ကွက်၊ စပါယ်လမ်း၊ အမှတ် ၂၅ နေအိမ်တို့မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းအေး
### ဌာနခွဲစာရေးဟိုတယ်/ခရီး(ငြိမ်း)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ [ဦးထွန်းကြွယ်(အလပြ၊ ငြိမ်း၊အလက-၂၊မင်းမနိုင်)]-ဒေါ်မြင့်စီတို့၏သမီး၊(ဒေါ်စန်းစန်းဦး-ဦးဝင်းမြင့်)တို့၏ညီမ၊ ဒေါ်မြင့်မြင့်ကြွယ်(ငြိမ်း၊ DHPI)-ဦးအောင်မြင့်ဦး၊ (ဦးဇော်ဝင်းထွန်း)-ဒေါ်လှလှဝင်း၊ ဦးမျိုးမြင့်(ကုန်သွယ်ရေး၊ ငြိမ်း)၊ ဦးကျော်လွင်ထွန်း-ဒေါ်စန္ဒာအောင်၊ ဒေါ်ခင်ခင်ထွေး-ဦးသက်နိုင်၊ ဦးစိန်ဝင်း၊ ဦးအောင်သန်းထွဋ်တို့၏အစ်မ၊ အမှတ် ၃၀ (ခုနစ်လွှာ-B)၊ အထက်ပုဇွန်တောင်လမ်းနေ ဒေါ်သန်းသန်းအေးသည် ၁၃-၁-၂၀၁၈ ရက် (စနေနေ့) နံနက် ၉း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဒေါ်သန်းသန်းအေး
### အသင်းဝင်အမှတ်-၂၈၄၃
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ် ၃၀၊ ခုနစ်လွှာ(B)နေ ဒေါ်သန်းသန်းအေးသည် ၁၃-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၉း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အသင်းမှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

### ဦးလင်ကျင်အုံ(ခ)ဦးသန်းဇော်
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံကမ်းနားလမ်း၊ အမှတ် ၁၃၈-၁၅၀ (ခြောက်လွှာ)နေ ဒေါ်ဝင်းအေး၏ ခင်ပွန်း၊ မောင်ကျော်စိုးအောင်၊ မောင်အောင်မြတ်သူတို့၏ဖခင်သည် ၁၂-၁-၂၀၁၈ရက်(သောကြာနေ့) ညနေ ၄း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးဝင်းမောင် (ဥက္ကံမြို့)
### ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၅လမ်း၊ ဗိုလ်တထောင်ကောလိပ်ဝင်း၊ ဝန်ထမ်းအိမ်ရာ၊ အခန်း ၁နေ (ဦးအုန်းမောင်-ဒေါ်ကျင်ပု)တို့၏သား၊ ဒေါ်ခင်သိန်းတင့်၏ ချစ်လှစွာသောခင်ပွန်း၊ မလင်းလင်းဝေ၊ မပွင့်ဖြူသင်း၊ မောင်အာကာမောင်တို့၏ဖခင်၊ မဆုယွန်းစန္ဒီ၏အဘိုးသည် ၁၂-၁-၂၀၁၈ရက် (သောကြာနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၁၈ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တအဂ္ဂါစာရ
### (မဟာစည်နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ)
### သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါ

မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၊ ဓမ္မဝိဟာရကျောင်းတိုက်၌သီတင်းသုံးနေထိုင်တော်မူသော ဆရာတော် ဘဒ္ဒန္တအဂ္ဂါစာရသည် ၁၂-၁-၂၀၁၈ရက် မွန်းလွဲ ၁၂း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်ကို ၁၃-၁-၂၀၁၈ရက်နံနက် ၁၀း၃၀နာရီတွင် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံလေဆိပ်သို့ အရောက်ပင့်ဆောင်ကာ ၂၁-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပုခန်းကြီးအုပ်စု၊ ရွာသာကျေးရွာ၌ အန္တိမအဂ္ဂိဈာပန ပူဇာသဘင် ဆင်ယင်ကျင်းပပူဇော်သွားမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဦးစန္ဒာဝရ(ခ)ဦးစောစိန်သန်း(ခ)ဦးကိုကိုလေး
### (လ/ထ မန်နေဂျာ-ငြိမ်း၊ စား/ကုန် စက်မှုဝန်ကြီးဌာန)
### သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သဘာဝတရားရိပ်သာဆရာတော် အရှင်ဥတ္တမသာရနှင့် မဟာဝိစိတ္တာရုံဆရာတော် ဦးဒေဝိန္ဒတို့အား အမှူးထား၍ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဝင်းဖရကျေးရွာနေ (ခမည်းတော် ဦးထွန်းမောင်-မယ်တော် ဒေါ်အေးကြူ)တို့၏သား၊ ရဟန်းဒါယကာကြီး ဦးရဲညွန့် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဒေ/စက်) - [ဒေါ်ရီရီမြင့် (စက်မှု-၁)]တို့၏တူ၊ ဒေါက်တာသော်သော်လှိုင်(Ph.D)၊ ဒေါ်သွယ်သွယ်လှိုင်(W.H.O)တို့၏ဦးလေး၊ ဒေါ်ခင်ဝင်းရှိန်(လက်ထောက်ညွှန်ကြားရေးမှူး၊ငြိမ်း၊ စက်မှုဝန်ကြီးဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦး မန်းသောင်းမြင့်(စီးပွား/ကူးသန်း၊ ငြိမ်း)၊ ဒေါ်နွဲ့နွဲ့ရှိန်တို့၏ အစ်ကို၊ ဒေါ်သန္တာဝင်း(အသံလွှင့်ကျွမ်းကျင်-၁၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၊ မောင်ဝေဖြိုးဟန်တို့၏ချစ်လှစွာသောဖခင်သည် ၉-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၄း၄၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ အဓိုးနီသုသာန်၌ အန္တိမ ဈာပနအခမ်းအနား ပြုလုပ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ် ၅၇-ဘီ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဗိုလ်မှူးအောင်စိုး(ငြိမ်း) (ဆင်ဖြူကျွန်း)
### လေ-၁၆၁၆ (OTS-39)
### အသက်(၇၈)နှစ်

ဆင်ဖြူကျွန်းမြို့နေ(ဦးကုပ်တိမ်-ဒေါ်သန်းသန်း)တို့၏သား၊ မော်လမြိုင်မြို့နေ (ဦးလှိုင်-ဒေါ်စုစုမာ)တို့၏သားသမက်၊ (ဦးသန်းရွှေ)-ဒေါ်ခင်မေလွင်တို့၏ညီ၊ ဒုရဲမှူးခင်မောင်စိုး-ဒေါ်ခင်ဆွေသန်း၊ (ကိုသီဟန်စိုး)၊ ကိုလှမင်းစိုး-မအေးမြတ်မြတ်သူ၊ မအိအိချောတို့၏ဖခင်၊ မမြတ်သူသူစိုး၊ မောင်ကျော်ကျော်ခန့်၊ မသန့်သူသူစိုး၊ မောင်စွမ်းပြည့်စုံ၊ မကြည်နူးခင်တို့၏အဘိုး၊ (ဒေါ်မြမြ)၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၁-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၅၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁-၂၀၁၈ ရက်(အင်္ဂါနေ့)နံနက် ၇နာရီတွင် အမှတ် ၁၀၊ B-4လွှာ၊ သုခလမ်းအထက်ပိုင်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးမျိုးတင့်အောင်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ ၃လမ်း၊ အမှတ် ၁၃၀၂နေ ဦးအောင်လှမြ-ဒေါ်သန်းသန်းစိုးတို့၏သား၊ ဒေါ်အေးအေးငြိမ်း၏ခင်ပွန်း၊ ဒေါ်ခင်သန္တာအောင် (စက်မှုဝန်ကြီးဌာန၊ နေပြည်တော်)၊ ဦးစိုးမိုးအောင်၊ ဦးစောမင်းထွေးအောင်-ဒေါ်သီတာ၊ ဦးထွန်းနိုင်ဝင်းအောင်-ဒေါ်ချိုတို့၏အစ်ကို၊ မောင်ဝေယံမင်းမင်း၏ဖခင်၊ ကိုနေအောင်လင်း-မပွင့်ဖူးဝေ၊ မောင်အောင်ကျော်ပိုင်-မကျော့စောနှင်းသွယ်တို့၏ဘကြီးသည် ၁၂-၁-၂၀၁၈ ရက် (သောကြာနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသူရိန် (B.C.Sc)
### MD - ရွှေနဂါးမင်းကုမ္ပဏီ
### အသက်(၄၀)

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၅-L/L-1 နေ ဦးဝင်းမြင့် (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသောသား ဦးသူရိန်သည် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိန်ဝင်း**
**Green Signal Co.,Ltd**

အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးသူရိန် (B.C.Sc)
### MD - ရွှေနဂါးမင်းကုမ္ပဏီ
### အသက်(၄၀)

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၃၅-L/L-1 နေ ဦးဝင်းမြင့် (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)-ဒေါ်မြင့်မြင့်သန်းတို့၏ ချစ်လှစွာသောသား ဦးသူရိန်သည် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်နိုင်**
**May Khalar Services Co.,Ltd**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့ရှိ ပြည်သူ့ဆေးရုံများနှင့် သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**နန်းယွန်း ဇန်နဝါရီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး လေရှီးမြို့ လဟယ်မြို့နှင့် နန်းယွန်းမြို့တို့ရှိ ပြည်သူ့ဆေးရုံများ၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ကြည့်ရှုသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဗိုလ်ချုပ်သန်းထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့သို့ရောက်ရှိကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးကေဆိုင်း၊တိုင်းရင်းသားရိုးရာ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တာဝန်ရှိသူများက ခန္တီးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ

*စာမျက်နှာ ၅ ကော်လံ ၁* ❍



**ဒုတိယသမ္မတ ဦးမြင့်ဆွေ နန်းယွန်းမြို့သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ်။** သတင်းစဉ်



**ဂျပန်နိုင်ငံခြားရေးဝန်ကြီး ပန်းတောပြင်(ရွာသစ်)ရွာမှ ဒေသခံများနှင့် တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းစဉ်။** ဓာတ်ပုံ - အောင်မင်း

# မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ကြည့်ရှုလေ့လာ

**မောင်တော ဇန်နဝါရီ ၁၃**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာရော့ခိုနို ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လေ့လာရန် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှတစ်ဆင့် မောင်တောမြို့သို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ရှေးဦးစွာ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မောင်တောမြို့နယ်

*စာမျက်နှာ ၁၀ ကော်လံ ၁* ◆

